
www.burmeseclassic.com



www.burmeseclassic.com

မြပုလဲသွယ်

# အချစ်ရှိမှပြည့်စုံမယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

လေဒီက သူမကိုယ်သူမ မှန်ရှေ့မှာရပ်ပြီး တစ်ကိုယ်လုံး စေ့စေ့စပ်စပ် ကြည့်သည်။ ရှေ့တည့်တည့်ကတစ်မျိုး၊ ဘေးတိုက်အနေအထားနှင့်တစ်ဖုံ၊ နောက်ကျောခိုင်းလျက်တစ်သွယ်၊ ပုံစံအမျိုးမျိုး ကြည့်လျက်ရှိ၏။

ဘယ်လိုပဲကြည့်ကြည့်…

လေဒီက လှသည်။ အသားလေးတွေ ဖြူဖွေးနုရွကာ ပန်းနုသွေးရောင်ကြွနေသည်။ ဘဲဥပုံသွယ်မယောင်နှင့် ဝိုင်းသော မျက်နှာလေးထက်မှာ ပြေပြစ်သော နဖူးပြင်ရှိသည်။

စိမ်းမှောင်ကာ ငှက်တစ်ကောင် ထပျံတော့မည့်ဟန် စင်းရော်တောင်မျက်ခုံးအောက်မှာမှ မည်းနက်ဝိုင်းစက်သော မျက်လုံး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှဲကြီးတွေက ကော့ပျံသော မျက်တောင်ထူထူတွေ ခပ်စိပ်စိပ်ဝန်းရံလျက်။

ဖြောင့်စင်းလုံးဝန်းသော နှာတံလေးအောက်မှာ နီမြန်းထူအမ်းသော နှုတ်ခမ်းဖူးဖူးစုစုလေးက ဆေးမကူရပါဘဲနှင့် ကြွကြွရွရွအနေအထားရှိသည်ဖြစ်ရာ အခုလို ဆေးရေးခြယ်လိုက်ချိန်မှာတော့ ရင်မောအောင် ဆွဲဆောင်ညှို့ငင်ထားသကဲ့သို့တည်း။

ရှည်သွယ်မြင့်မားသော အရပ်နှင့်အညီ အမို့အမောက်အချိုင့်အဝှမ်းတွေက ပန်းပုဆရာ စိတ်ကြိုက်သွန်းထုထားသည့်ယမင်းရုပ်နှယ်။ သေးကျဉ်းသော ခါးလေးက လေဒီကိုယ်လေးကိုမြှောက်ယူချီပွေ့လှည့်ပါဟု ဖိတ်ခေါ်နေသလား ထင်ရ၏။

ကျောလယ်ခန့်သာရှိသော လေဒီဆံပင်တွေက ရွှေညိုရောင်တပြေးညီ ဝေ့ဝဲလျက် အဖျားမှာ ကောက်သွားပုံက လှလှပပလေး။ လေဒီကိုယ်ပေါ်မှာ ဝတ်ထားသည့် ရွှေညိုရောင်ဂါဝန်လေးက လေဒီအလှကို သဘာဝကျကျ ဖော်ပြလျက်ရှိရာ လေဒီမှာ သူမအလှကိုသူမဘာသာ စိတ်ဝင်စားလျက်ရှိ၏။

လက်ထဲက အဖြူရောင်ဝတ်စုံလေးကို သူမကိုယ်မှာ

ဗိုး : ဗိုး : ၀၁၇၄ပ



ကပ်ကြည့်သည်။ မကြိုက်။ အနက်ရောင်ဝတ်စုံ ပြောင်းကြည့်သည်။ သဘောမကျ၍ အိပ်ရာပေါ် ပစ်တင်လိုက်သည်။ ပန်းရောင်ဝတ်စုံလေး လေဒီကိုယ်ပေါ် ရောက်လာသည်။

ဒါလည်း မဟုတ်သေး။

နောက် လေဒီကိုယ်ပေါ် အဝတ်အစား အရောင်အသွေးစုံ၊ ပုံစံစုံ တစ်မျိုးပြီးတစ်မျိုး ရောက်လာသည်။ ဘယ်အရာမှ လေဒီ သဘောမကျ။ အားလုံး လေဒီစိတ်ကြိုက်၊ လေဒီ သဘောကျ ဝတ်စုံတွေချည်းဖြစ်နေပေမယ့် ဒီနေ့တော့ လေဒီစိတ်ထဲ ဘယ်ဝတ်စုံကိုမှ သဘောမတွေ့။

မလှ၍မဟုတ်။

တန်ဖိုးနည်း၍လည်း မဟုတ်။

လေဒီ အဝတ်အစား အသုံးအဆောင်ပစ္စည်းများအားလုံး နိုင်ငံခြားဖြစ် အဖိုးတန် နောက်ဆုံးပေါ် ပစ္စည်းဆန်း အလှအပများချည်းဖြစ်သော်လည်း ဒီနေ့တော့ လေဒီကိုယ်တိုင် သူမကိုယ်သူမ အလှတကာ့ အလှဆုံးဖြစ်ချင်နေ၍ ဖြစ်သည်။

အကြောင်းက ဒီနေ့ လေဒီ သွားရောက်ရမည့် ညစ်ခံပွဲ

ဗိုး : ဗိုး : ၀၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



မှာ လေဒီ၏ပြိုင်ဘက်ဖြစ်သော ဇာလီဝင့်ထယ် လာမည်ဆိုသောကြောင့်ဖြစ်သည်။

ဇာလီဝင့်ထယ်နှင့်လေဒီတို့က ငယ်ငယ်လေးထဲက ကျောင်းတစ်ကျောင်းထဲ အတူနေရုံမက တစ်ခန်းထဲ စာပြိုင်ဘက်များ ဖြစ်သည်။ အထူးသဖြင့် လေဒီက စာတော်ရုံမက လှလည်းလှသည်။ စာကို ပြိုင်၍ရသော်လည်း ဘုရားပေးသော လှပခြင်းကိုက ပြိုင်၍မရ။

လှပ၍ ချစ်စရာကောင်းသော လေဒီ့သတင်းက အထက်တန်းကျောင်းသူ ကျောင်းသားလောကတွင်သာမက တက္ကသိုလ်အတန်းကြီးများအထိ သတင်းမွေးပျံ့နေ၏။ ဇာလီဝင့်ထယ်ကလည်း ရုပ်ရည်အလှအပအရာမှာ အချိုးအဆက်ကျကျ လုံးကြီးပေါက်လှဖြစ်သဖြင့် လေဒီပြီးလျှင် ဒုတိယအလှစာရင်း ပါဝင်သူဖြစ်သည်။

သည်နှစ် လေဒီတို့ ဆယ်တန်းစာမေးပွဲအောင်ကြသည်။ မျှော်လင့်ထားသည့်အတိုင်း လေဒီက ဘာသာစုံဂုဏ်ထူးဖြင့် ဆေးတက္ကသိုလ်အမှတ်မီသလို ဇာလီဝင့်ထယ်ကလည်း သုံးဘာသာ





ဂုဏ်ထူးဖြင့် ဆေးအမှတ်မီသည်ဆိုရုံလေး နောက်ဆုံးမှ ကပ်ဝင်သည်။

ဇာလီဝင့်ထယ်က သူမထက် အစစအရာရာသာသည့် လေဒီကို အမြဲမနာလို။ ကြည့်မရအောင် မုန်းပါလျက် လေဒီနှင့် မိသားစုရှေ့မှာတော့ ဟန်မပျက် မေးထူးခေါ်ပြော ဆက်ဆံတတ်သူ ဖြစ်သည်။

တစ်နည်းအားဖြင့် ဟန်ဆောင်ကောင်းသူဟု ဆိုရမည်။ လေဒီကတော့ ဇာလီဝင့်ထယ်လိုမဟုတ်။ စိတ်ထဲရှိလျှင် ရှိသည့်အတိုင်း ပြောဆိုဆက်ဆံသည်။ ဘယ်သူ့အပေါ်မှ ဟန်ဆောင်ပန်ဆောင်မလုပ်။ ချစ်လျှင်ချစ်သည်။ မုန်းလျှင်မုန်းသည်ဟု ပြတ်ပြတ်သားသား ပြောတတ်သူ။

မောင်နှမသုံးယောက်ထဲမှာ လေဒီက အငယ်ဆုံး အထွေးဆုံးလေးဖြစ်၍ တစ်အိမ်လုံးကလည်း လေဒီကို ချစ်ကြသည်။ အလိုလိုက်ကြသည်။ အစ်ကိုအကြီးဆုံးက ဒေါက်တာတော်မီဖြစ်၍ လေဒီ့အထက်အစ်မ မမဝေမီက တက္ကသိုလ်မှ ဆရာမဖြစ်ကာ ကိုကိုတော်မီသူငယ်ချင်း ဒေါက်တာမိုးမြတ်ဖြင့် အိမ်ထောင်ကျ

မိုးမိုး(အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကိုတော်မီ၏ ဇနီးမှာလည်း ကိုကို့သူငယ်ချင်း ဒေါက်တာလမင်းဖြူဖြစ်၍ သားနှစ်ယောက် သမီးတစ်ယောက် ရှိသည်။ မမဝေမီမှာက သားတစ်ယောက် သမီးတစ်ယောက်။ အားလုံး ကိုယ့်အိမ်နှင့်ကိုယ်။ ကိုယ့်မိသားစုနှင့်ကိုယ် နေကြသဖြင့် လေဒီတို့အိမ်မှာ ဒက်ဒီ၊ မာမီ၊ ထမင်းချက် ဒေါ်ကျင်နှင့် အိမ်မှာ လက်တိုလက်တောင်းခိုင်းသည့် မိဘုတ်တို့သာရှိသည်။

လေဒီ့ဒက်ဒီက နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဦးအယ်ဘတ်ဖြစ်ပြီး လေဒီ့မာမီ ဒေါ်ခင်ဝေစီက ကိုယ်ပိုင် စိန်ရွှေ ရတနာဆိုင် ဖွင့်လှစ်ရောင်းချသူ ကုမ္ပဏီပိုင်ရှင်သူဌေးများဖြစ်သည်။ နိုင်ငံခြားကို အိမ်ဦးနှင့်ကြမ်းပြင် သွားနေကြသူများဖြစ်၍ ဧည့် မိတ်ဆွေတွေကလည်း များပြားကြသည်။

အခုသွားမည့် ဧည့်ခံပွဲက ကိုကိုတော်မီ၏ ယောက္ခမ လည်းဖြစ်၊ ဒက်ဒီ့သူငယ်ချင်းလည်းဖြစ်သော အနံကယ်ဦးဘဖေ ၏ မင်္ဂလာနှစ်ပတ်လည်အဖြစ် ပြုလုပ်သည့် ဧည့်ခံပွဲဖြစ်သည်။ ထိုဧည့်ခံပွဲကို လေဒီတို့အသိုင်းအဝိုင်းထဲမှာ နာမည်ကြီးနေသော





မင်းဆွေမင်းမျိုးလည်းဖြစ်၊ နိုင်ငံခြားမှာ ပညာသင်ကြား၍ မကြာ ခင်ကမှ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာသည်ဟုဆိုသော ဦးမဏိယွှပ်ဆိုသူ သူဌေးတစ်ဦးလည်း ပါဝင်လေသည်။

ဦးမဏိယွှပ်ဟု နာမည်ကြီးနေသော်လည်း ထိုသူဌေး ဆိုသူကိုက လေဒီကိုယ်တိုင် မြင်ဖူးသည်ကမဟုတ်ချေ။ အများ အပြောနှင့် စပ်စုမ မေပိုးကြူကြောင့် သိရတာဖြစ်သည်။

"ဦးမဏိယွှပ်ဆိုတဲ့လူက ဇာလီမိဘတွေနဲ့ ခင်မင်ရင်းနှီး ကြတယ်တဲ့ သိလား လေဒီ၊ ဒါကြောင့် ဇာလို့မျက်နှာက ချိုနေ တာကိုး၊ သူကလည်း ကိုကို ကိုကိုနဲ့ ဖုန်းထဲမှာတင် ချွဲလိုက် အီလိုက်တာများဟယ် အနားကလူတွေတောင် နားကြားပြင်းကပ် ရတဲ့ အထိပဲ၊ လူချင်းသာတွေ့ရင် ဘယ်လောက်များ ကဲပြသည်းပြ လိုက်မယ်မသိဘူး"

"သူ့ဘာသာ ဘာလုပ်လုပ်ပေါ့ ပိုးကြူရဲ့၊ ကိုယ့်အလုပ် မဟုတ် စိတ်ဝင်စားမနေစမ်းပါနဲ့"

"အမလေး မမဘုရားကသာ ကိုယ့်အလုပ်မဟုတ်လို့ စိတ်မဝင်စားနေ၊ ဒီမှာရှိတဲ့ မိန်းမတွေကတော့ စိတ်ဝင်စားလွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ အခုကတည်းက ဖုန်းဆက်ပြီး လှမ်းမိတ်ဆက်ရတာနဲ့၊ ဖုန်းစည်းပို့ရ အရှုပ်ပို့ကြနဲ့၊ ဘယ်လောက်ကဲနေသည်းနေတယ်ဆိုတာ သိလို့လား''

''သိပါဘူး၊ စိတ်လည်းမဝင်စားဘူး၊ လေဒီ စိတ်ဝင်စားတာက တစ်ခုတည်း၊ အားလပ်ရက်လေးရတုန်း ကောင်းကောင်းအနားယူမယ်၊ သွားချင်တဲ့နေရာတွေ လျှောက်လည်မယ် ဒါပဲ''

''လေဒီရယ် ရှင်ကတော့ တကယ့်ကိုအေးဆေးပဲနော်''

မေပိုးကြူက လေဒီကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေသည်။ သူများတွေက ဦးမဏိယွှပ်ကို အသေရရ အရှင်ရရ လိုချင်နေကြချိန်မှာ လေဒီက ထိုကိစ္စမှာ သူနှင့်မဆိုင်သလို စိတ်လည်းမဝင်စား၊ အေးစက်စက်နေစိမ့်နိုင်တာကို သဘောမတွေ့နိုင်ဘဲဖြစ်နေ၏။

''ပိုးကြူလည်း လေဒီလို အေးအေးနေချင်ရင် ပြဿနာမရှာနဲ့လေ''

''ပိုးကြူက ပြဿနာမရှာပါဘူးနော်၊ ဇာလီကသာ လေဒီကို ပြဿနာရှာနေတာပါ''





''သူနဲ့ လေဒီက ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ သူနဲ့ လေဒီက ပြိုင်ဘက်တွေပဲဟာ၊ ဟိုတစ်နေ့ကပဲ သဇင့်ဆီက ကြားခဲ့ရသေးတယ်၊ ဦးမဏိယွှပ်ဆိုတဲ့လူက ဇာလီ့ကို ဘိုမရှပ် လက်ဆောင်ပေးတယ်တဲ့''

''အဲဒါ ဘာဖြစ်လဲ''

''ဖြစ်တာပေါ့၊ လေဒီဆိုတဲ့မိန်းမကို တခြားနေရာမှာ မနိုင်ပေမယ့် ဒီလိုနေရာမှာတော့ နိုင်ပြီးသားပဲတဲ့၊ သူ့ကိုယ်သူ ဇာတော်တယ်၊ သိပ်လှတယ်ဆိုပြီး ဘဝင်မြင့်နေတဲ့မိန်းမ၊ အခု ဘာတတ်နိုင်သေးလဲ၊ ကိုကို့နားကပ်ဖို့မပြောနဲ့ အရိပ်တောင် မော့ကြည့်ချင်လို့မရဘူးတဲ့''

''ဟင်''

''အဲဒီစကားက သဇင်ကတစ်ဆင့် ပိုးကြူကို တမင်ပြောခိုင်းတာ လေဒီ သိစေချင်လို့ပဲမဟုတ်လား၊ ပိုးကြူမှာ မတတ်သာလို့သာ နားထောင်နေရတယ်၊ ဇာလီကို စိတ်ထဲက မုန်းလိုက်တာဆိုတာလေ၊ ဒါနဲ့ ပိုးကြူကလည်း သဇင့်ကို ပြန်ပြောလိုက်ပါတယ်၊ ပိုးကြူသူငယ်ချင်းက အဲဒီလူကြီးကို မသုံးချင်လို့ ပစ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ လေဒီသာ လိုချင်ရင် သူများတွေလို ညာချဲ့အီကလီနေစရာ မလိုဘူး၊ အခုလိုချင် အခုရတယ်လို့ ပြောလိုက်တယ် သိလား"

"ပိုးကြူကလည်းဟယ်"

"ပိုးကြူကလည်း လုပ်မနေနဲ့ ပိုးကြူက ဇာလီကို မခံချင်လို့ တမင်နိုင်အောင် ပြောလိုက်တာ၊ ငြိမ်ပြီးနားထောင်နေလို့ ကတော့ အရှုံးပေးရာရောက်တာပဲ၊ နောက်မှ ဖြစ်ချင်ရာဖြစ် ပိုးကြူကတော့ ဇာလီဆိုတဲ့မိန်းမကို အရှုံးမပေးဘူး သိလား"

"ဘာဖြစ်လို့များ လေဒီအပေါ်မှာ ဒီလောက်မနာလို ဝန်တိုဖြစ်နေရတာလဲ မသိဘူးနော်"

"သိချင်ရင် ကိုယ့်ဘာသာသွားမေးကြည့် ဒေါ်လေဒီရေ၊ ပိုးကြူသာ လေဒီ့နေရာမှာဆိုရင် ဒီလောက်တောင်ဖြစ်လှတဲ့ မိန်းမကောင်းကောင်းပညာပေးပစ်လိုက်တယ် သိလား"

"ဘယ်လိုပညာပေးမှာလဲ"

"ဦးမဏိယွှပ် ဆိုတဲ့လူနဲ့ တွဲပြလိုက်ရုံပေါ့"

"အိုဟယ်"

ပိုးကြူစကားကို လေဒီ စိတ်ထဲသဘောမကျပေမယ့်

စိုး:မိုး:၉၃၄ပ



ဇာလီဝင့်ထည်စကားများကြောင့်တော့ လေဒီ့ရင်ထဲ ခပ်ဖျင်းဖျင်း အခံရခက်သွားပါသည်။

ဦးမဏိယွှပ်ဆိုတဲ့လူက ဘယ်လိုလူဖြစ်၍ ဤမျှ တန်ဖိုးထား အရေးပေး၍ တစ်ဖက်သား၏ဂုဏ်သိက္ခာကို ရက်စက်စွာ ချိုးနှိမ်စော်ကားရပါသနည်း။ ဦးမဏိယွှပ် ဆိုသည့်လူမှာ ဇာလီ့အတွက် အလွန်အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း အချစ်ရေးကို လုံးဝစိတ်မဝင်စားဘဲ ကိုယ်ပိုင်ပညာရေးမှတစ်ပါး တခြားဘာကိုမှ စိတ်ဝ‌င်စားသော လေဒီလို မိန်းကလေးအတွက် ဦးမဏိယွှပ်ဆိုသူက မည်သည့်တန်ဖိုးမျှ မရှိနိုင်ခြင်းကို ဇာလီ သိဟန်မတူ။

"လေဒီ"

"ဟင်"

"ဦးမဏိယွှပ် ဆိုတဲ့လူနဲ့ ခင်မင်အောင် လုပ်ပါလား"

"မလုပ်ချင်ပါဘူး၊ စိတ်လည်းမဝင်စားဘူး"

"ဇာလီ ဘဝင်မြင့်နေတာကို ပိုးကြူက ချိုးချင်လို့ပါ၊ ဦးမဏိယွှပ်နဲ့သာ လေဒီ တွဲပြလိုက်ရင် မိဇာလီတို့ သေတောင်

စိုး:မိုး:၀၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



သေသွားမလား မသိဘူး”

ဒါတော့ ဖြစ်နိုင်ပါသည်။

လူငယ်ပီပီ ဇာလီဝင့်ထည်၏ တစ်ဖက်သတ် စိန်ခေါ် စကားများအပေါ်မှာ မခံချင်စိတ်နှင့် လက်တုံ့ပြန်ချင်လာသည်။ လေဒီ့ရည်မှန်းချက်က ဇာလီတို့လိုမဟုတ်။ ပန်းတိုင်မရောက်မချင်း အချစ်ရေးကို ဦးစားပေးမည့်သူ မဟုတ်။

လေဒီ့အချစ်ကိုလိုချင်၍ တိုးတိုးရော ကျယ်ကျယ်ပါ တောင်းခံနေသူတွေကိုပင် လေဒီက ဂရုမစိုက်။ ဒါကိုသိလျက်နှင့် ဇာလီက လေဒီကို လာရန်စသည်ဆိုတော့ တဆိတ်တော့ လွန်လွန်းသည်။

ငယ်ရွယ်သူစိတ်နှင့် နဂါးမှန်းသိအောင် အမောက်ထောင် ပြချင်လာသည်။

“ပိုးကြူ”

“ဟင်”

“လေဒီ ဆုံးဖြတ်လိုက်ပြီ သိလား”

“ဘာကိုလဲဟင်”





“ဇာလီကို ပညာပေးဖို့လေ”

“တကယ်”

“တကယ်ပေါ့၊ လေဒီတဲ့၊ ကြည့်နေပါ၊ မိဇာလီ တစ်ယောက် ဘယ်လိုပုံဖြစ်ကျန်ရစ်ခဲ့မလဲဆိုတာ ပိုးကြူ မြင်ရစေမယ်”

“ဟေး”

ပိုးကြူက ဟေးခနဲ ကလေးလို ခုန်ပေါက်ဟစ်အော်လိုက်သံက အခုချိန်ထိ လေဒီ့နားထဲမှာ ဝဲပျံ့လို့ကောင်းတုန်းရှိသေးသည်။ တကယ်ဆို ဒီကိစ္စက လေဒီနဲ့ဘာမှမဆိုင်ဘဲဟု တွေးမိသည်ကတစ်ဖက်၊ ဇာလီကို မခံချင်စိတ်လေးကတစ်ဝက်နှင့်ပင် ဝေခွဲမရဖြစ်သွားသော ဇဝေဇဝါစိတ်လေးက ဇာလီ့မျက်နှာကို ပြန်မြင်ယောင်လိုက်သည့် ခဏမှာတော့ နောင်တတို့ ချက်ချင်း ပြယ်လွင့်သွားသည်။

“ဦးမဏိယွှပ်ကို ရှင် မမြင်ဖူးသေးဘူးနော် လေဒီ”

“အင်း”

“နောက်နေ့ကျရင် ပိုးကြူ သူ့ဓာတ်ပုံယူလာခဲ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"ဟောတော် ဓာတ်လမ်းစဖို့ဆိုရင် သူ့ကိုမြင်ဖူးတွေ့ဖူးမှ ဖြစ်မှာပေါ့"

"ဟုတ်သားပဲ"

မခံချင်စိတ်နှင့်သာ စွတ်ရွတ်ပြီး စိန်ခေါ်မိပေမယ့် လေဒီကိုယ်တိုင် မဏိယွပ်ဆိုသည့်လူကို မြင်ဖူးတာမဟုတ်။

နောက်ရက်မှာ ပိုးကြူက မဏိယွပ်ဆိုသူ၏ ဓာတ်ပုံကို ယူလာပြသည်။

"သူပဲ လေဒီ သေချာကြည့်ထားဦး၊ ဥပမိရုပ်ကတော့ အမိုက်စားထဲကပဲ၊ ပိုးကြူတောင် သူ့ဓာတ်ပုံကိုကြည့်ပြီး ဗိုက်နာချင်သလိုလို ဝမ်းသွားချင်သလိုလိုနဲ့"

"ဘာဖြစ်လို့လဲ"

"ဝမ်းနုတ်ဆေးစားထားလို့"

"သွား"

သူငယ်ချင်းနှစ်ယောက် အတူရယ်မိကြသည်။ ယောကျ်ားပီသသော ဥပမိရုပ်က တည်ကြည်ခန့်ညားခြင်းတွေနှင့် ချောမွေ့





နေသည်။ မရယ်မပြုံးမျက်နှာနှင့် လေဒီကို ခပ်တည်တည်စိုက်ကြည့်နေသည့် မျက်လုံးတွေက စူးရှတောက်ပနေသည်။

ဦးမဏိယွပ်ဆိုသည့်လူကို လေဒီ မမြင်ဖူးသလို လေဒီဆိုသည့် မိန်းမလှလေးတစ်ယောက်ကို ဦးမဏိယွပ် မြင်ဖူး ကြားဖူးမည် မဟုတ်ပါ။

"ဦးမဏိယွပ် ရှင့်ကို တခြားမိန်းကလေးတွေ ဘယ်လိုဘယ်ပုံ ချဉ်းကပ်ပြီး ရင်းနှီးပတ်သက်အောင် ကြိုးစားကြသလဲဆိုတာတော့ လေဒီ မသိဘူး၊ ဒါပေမဲ့ တခြားမိန်းကလေးတွေလို ရှင့်ကို လေဒီက ခင်မင်ရင်းနှီးအောင် ချဉ်းကပ်ဖို့ ကြိုးစားလိမ့်မယ် မဟုတ်ဘူးဆိုတာတော့ ရှင်သိစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာလီသဘောကျတဲ့ ရှင့်ကို လေဒီမုန်းလို့ သိလား"

သက်မဲ့ဓာတ်ပုံကို ရန်တွေ့စကားဆိုပြီး ဦးမဏိယွပ်၏ မျက်နှာပေါ်မှာလည်း နှုတ်ခမ်းမွေးကော့ကော့ကြီး ဆွဲပေးလိုက်သည်။ ပြီးတော့ ခစ်ခနဲရယ်ကာ ဓာတ်ပုံကို မွေ့ရာအောက်မှာ ဘယ်သူမှမမြင်အောင် ဖွက်ထားလိုက်သည်။

ဒီနေ့တော့ အပြိုင်အဆိုင်ပွဲမှာ လေဒီ အဖြူရောင်ဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ရွေးလိုက်သည်။

"သမီးရေ လေဒီ ပြီးပြီလားဟေ့"

"ပြီးပြီ မာမီ"

လေဒီ အောက်ထပ်ကိုပြေးဆင်းလာတော့ ဒက်ဒီက ဖုန်းပြောနေသည်။ မာမီက လေဒီ့အင်္ကျီဖြူဖြူလေးပေါ် အသည်းပုံ ရင်ထိုးလေး သူကိုယ်တိုင် လှပစွာ တပ်ဆင်ပေးသည်။

"လှတယ်နော် မာမီ"

"သမီးအတွက် မာမီကိုယ်တိုင် ပန်းတိမ်ဖိုမှာ သီးသန့်မှာပြီး ခတ်ထားတာ၊ ဒီမှာလေ အသည်းလေးထဲမှာ သမီးနာမည် အတိုကောက် ရေးထားတယ်"

"သမီးက မာမီ့အသည်းလေးပေါ့"

"ဒီက အသည်းကြီးဖို့ရော မပါဘူးလားဗျာ"

အနားရောက်လာပြီး ဒက်ဒီက စတော့ မာမီက ဒက်ဒီကို မျက်စောင်းဆူပေးသည်။

"သမီးဖို့ပဲ ပါတယ်၊ ရှင့်ဖို့မပါဘူး သိလား၊ လိုချင်ရင် ဆိုင်မှာ ကိုယ်တိုင်လိုက်ဝယ်ပြီး မိန်းမကို လက်ဆောင်ပေးပေါ့"





"ကြားလား သမီး၊ ညည်းမာမီ စီးပွားရေးသောင်းကျန်းနေတာ"

"တူ တူ တူ"

လေဒီက ခစ်ခနဲအရယ်မှာ မာမီ့ဖုန်းက အသံမြည်လာသည်။

"အေး အေး အခုပဲလာပြီ သမီး"

မာမီက ဖုန်းကိုပိတ်လိုက်သည်။

"သမီးကြီးက ခေါ်နေပြီမဟုတ်လား၊ ကားပေါ်တက်ကြ"

"လေဒီ မောင်းခဲ့ရမလား ဒက်ဒီ"

"လာစမ်းပါကွယ်၊ သမီးဒက်ဒီ မောင်းလိမ့်မယ်၊ မာမီတို့သားအမိက စိမ်နဲ့ထိုင်စီးရုံပဲ"

မာမီက လေဒီလက်ကိုဆွဲပြီး ကားပေါ်တက်တော့ ဒက်ဒီက ရယ်သည်။

"ဒရိုင်ဘာခပေးရမှာနော် မာမီကြီး၊ မပေးရင် ဒီနေရာက မသွားဘူးဗျာ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ဘာလဲ"

"ဒါပဲလေ"

"ရွှတ်"

"အိုး"

"ဟေး"

"ခစ် ခစ် ခစ်"

ဒက်ဒီက မာမီ့ပါးကို ရွှတ်ခနဲ ငုံ့နမ်းလိုက်တာမို့ မာမီ ရှက်သွားပုံကို လေဒီတို့သားအဖ သဘောကျစွာ ရယ်သည်။

"အဘိုးကြီးနော် ကလေးကလားနဲ့ တော်တော်အူမြူးနေတယ်"

မာမီက ဒက်ဒီ့ကို အပြစ်တင်ပေမယ့် တကယ်စိတ်ဆိုးခြင်း မဟုတ်ကြောင်းကိုက ပြုံးနေသော မာမီ့မျက်နှာကိုကြည့်၍ သိပါသည်။ ဒက်ဒီ့ကားဆိုက်တာနှင့် အပြေးလာရောက်ကြိုဆိုလိုက်သော ခရေပ်ခမက်ပွဲက စိုပြည်ဆူညံကာ ရယ်မောသံတွေ ဖိတ်လျှံသွားသည်။

◆ ◆ ◆



## အခန်း (၂)

စည်ကားရှုပ်ထွေးနေသော လူအများကြား လေဒီ့နားကို အပြေးအလွှားရောက်လာသူက ပိုးကြူ။

"လေဒီ သိပြီးပြီလား၊ ဒီပွဲကို ဦးမဏိယွှပ်လည်း လာမယ်တဲ့ သိလား၊ ဒါကြောင့် မိဓာလီက တကယ့်အပျိုကြီးဂိုက် ဖမ်းပြီး အလှတွေစွတ်ပြင်ထားတာကိုး၊ ဟိုမှာမြင်လား၊ အနက်ရောင်ဂါဝန်နဲ့ ဓာလီဆိုတဲ့မိန်းမနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ကောင်တွေ"

ပိုးကြူပြ၍ လှမ်းမြင်ရတာမဟုတ်ဘဲ ဓာလီကို လေဒီ အစောကြီးကတည်းက တွေ့မြင်ထားသလို ဓာလီကလည်း အဖြူရောင်ဝတ်စုံဖြင့် လှပကျော့ရှင်းနေသော လေဒီကို အစောကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက လှမ်းမြင်တွေ့ထားပါသည်။

နှစ်ယောက်လုံး တစ်မျိုးစီလှသည့်တိုင် လေဒီအလှကို တော့ဖြင့် ဇာလီဘက်က လိုက်မမီနိုင်ပါ။ ရယ်စရာမဟုတ်ဘဲ မကြာခဏ ရယ်နေတတ်သော ဇာလီ့ရယ်သံ ချိုချိုကို စိခနဲ လွင်ခနဲ ကြားနေရသည်။ အထူးသဖြင့် ယောက်ျားလေးတွေရှေ့မှာဆို ဇာလီ့ ရယ်သံက အသည်းယားဖွယ် ချိုချိုနွေးနွေး ထွက်လာတတ်သည်။

"ဟယ် ဟိုမှာ ရှိန်းမဟုတ်လား လေဒီ"

ရှိန်းဆိုတာနှင့် လေဒီ စိတ်ညစ်သွားသည်။ မချစ်ပါဘူး လို့ ပြော၍လည်းမရ။ မကြိုက်ပါဘူးလို့ အကြိမ်ကြိမ်အခါခါ ငြင်းရတာလည်း မောလှပြီဖြစ်ပေမယ့် ရှိန်းက လေဒီ့အချစ်ကိုရဖို့ ဇွဲနဘဲ့ယိုရှိုး ကျိန်ခဲ့ထားသလား မသိပါ။

တွေ့သည့်နေရာ တွေ့သည့်အချိန်မှာ လေဒီ့ကို ရည်းစား စကားပြောဖို့တာဝန် သူတစ်ယောက်တည်း ကန်ထရိုက်ဆွဲထား သလား မှတ်ရသည်။ လေဒီဘယ်လိုပြောပြော ဘယ်လိုဆိုဆို နားရကောင်းမှန်းမသိ။ ပြောမနာ ဆိုမနာဆိုတာ ရှိန်းကိုများ ရည်ညွှန်းထားသလား ထင်ရသည်။





လေဒီနှင့်ပတ်သက်လို့ကတော့ ရှိန်းက တကယ့်ကို ပြောမနာ ဆိုမနာထဲက ဖြစ်သည်။

"ရှိန်းတစ်ယောက်နဲ့လည်း စိတ်ညစ်ပါတယ် ပိုးကြူရယ်၊ သူသာ လေဒီ့ကိုတွေ့လို့ကတော့ အနားမှာ တောက်တဲ့ကပ် ကပ် နေတော့မှာပဲ"

"အရေးထဲမှာဟယ် ရှိန်းဆိုတဲ့ကောင်ကလည်း လာနေ သေးတယ်၊ ကြည့်နေပါ၊ မိဇာလီက ရှိန်းကို လေဒီ့ဆီ လွှတ်ဖြစ် အောင် လွှတ်ပြပါလိမ့်မယ်၊ ယော ပြောရင်းဆိုရင်း ရှိန်း ဒီဘက်ကို လာနေပြီ လေဒီရေ၊ လာ လာ သူ မမြင်အောင် ပိုးကြူတို့ ဒီဘက်ကို သွားပြီးပုန်းနေကြမယ်"

ပိုးကြူက လေဒီ့လက်ကိုဆွဲပြီး ရှိန်းမမြင်ခင် နေ့ရာက ခပ်သွက်သွက်ပြေးထွက်သွားတာမို့ လေဒီမှာ ရှိန်းလက်က လွတ်အောင် ပြေးလာရသော ကိုယ့်အဖြစ်ကိုယ် ရယ်လိုက်မိသည်။

"ရှင်က ဘာရယ်တာလဲ လေဒီရဲ့"

"ကိုယ့်အဖြစ်ကိုယ် သဘောကျလို့ပါ ပိုးကြူရယ်၊ ဦးမဏိပွေပ်ကီစ္စ အသာထားလို့ ရှိန်းလက်က အရင်လွတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရတဲ့ လေဒီတို့အဖြစ်သာ ဓာလီသိရင် ဘယ်လောက်တောင် ဝမ်းသာလိုက်မလဲလို့"

"ခစ် ခစ်"

"ဟုတ်ပါရဲ့ လေဒီရယ်၊ ပိုးကြူတို့အဖြစ်ကလည်း သေချာတွေးကြည့်ရင် ရယ်စရာကြီး"

"အဟာစ် ဟာစ်"

တဟာစ်ဟာစ် တခစ်ခစ်နှင့် သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။ အချစ်ရေးကို ဘယ်သူမှစိတ်မဝင်စားဘဲ ကလေးလိုနေကြသူတွေရဲ့ အတွေးထဲမှာ ဘာဆိုဘာမှမရှိ။ ပကတိ ရိုးသားသန့်စင်သည်။

ကိုယ့်အပေါ်မှာ တမ်းတမ်းစွဲလိုက်ကြိုက် လိုက်ချစ်နေသူများ ရှိနေခြင်းအဖြစ်ကို ဂုဏ်ယူစရာဟု မထင်။ စိတ်ညစ်စရာဟု မြင်သဖြင့် အခုလို ဝေးရာမှာ လာပုန်းနေဖြစ်ကြသည်။

"ဟဲ့ ဒါ လေဒီနဲ့ ပိုးကြူ မဟုတ်လား"

"ဟင် မာမီ"

"လာကြ လာကြ ညှို့သည်တွေနဲ့ မိတ်ဆက်ပေးမလို့၊

ဝိုး:ပိုး:၀၁၄ပ



မာမီနဲ့ လိုက်ခဲ့ကြဦး"

လေဒီ့မာမီ ခေါ်ခင်ဝေစီ အနားရောက်လာပြီး ခေါ်သဖြင့် လေဒီ နှင့် ပိုးကြူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ လူတောမတိုးသူရယ်လို့ပဲဆိုဆို လေဒီက လူတွေ ရှုပ်ထွေးများပြားသည့်နေရာမှာ နေချင်သူမဟုတ်။ ညှို့သည်တွေရှေ့မှာ လေဒီ တော်ကြောင်း၊ ချောကြောင်း၊ လှကြောင်း ပြောင်ချီးကျူးခံရလျှင် မျက်နှာကိုဘယ်နားထားရမှန်းမသိ။ ရှက်လည်းရှက်၊ အနေလည်းခက်နှင့် ဘာကြီးမှန်းကိုမသိ။

"ရှင် လိုက်သွား လေဒီ၊ ပိုးကြူတော့ ဒီမှာပဲနေခဲ့မယ်"

"လေဒီလည်း မလိုက်သွားပါဘူး ပိုးကြူရယ်၊ မာမီက သူ့သမီးလေး ချောတာ၊ လှတာ၊ တော်တာ၊ တတ်တာ ဂုဏ်ယူပေမယ့် လေဒီ ရှက်တယ် သိလား"

"ပိုးကြူရေ"

"ဟော မာမီခေါ်နေပြီ၊ ပိုးကြူ သွားလိုက်ဦးမယ်နော် လေဒီ"

"အေးပါ"

ဝိုး:မိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



“ဪ နေဦး ဟိုလူကြီးကိစ္စ လေဒီ ဘယ်လိုလုပ်မလဲ”

“ဘယ်လူကြီးကိစ္စလဲ”

“ဦးမထိပ်ယွပ်လေ”

“နေစမ်းပါဦးဟယ်၊ ရှိန်းနဲ့တင် ဒီမှာ စိတ်ညစ်လှပါပြီ”

“ခစ် ခစ်”

စိတ်ညစ်သည့်ပုံ လုပ်ပြလိုက်သည့် လေဒီကို ကြည့်ပြီး ပိုးကြူက တခစ်ခစ်ရယ်သည်။

“သမီးရေ လေဒီ”

“လာပြီ မာမီ”

ဒီတစ်ခါ လေဒီ ငြိမ်နေ၍မရတော့သည့်အတူ သူမ အလာကို ရပ်စောင့်ခေါ်နေသည့် မာမီရှိရာကို လျှောက်ခဲ့ရသည်။ ပိုးကြူကတော့ လေဒီနှင့်ဆန့်ကျင်ဘက်ရှိရာ သူမမာမီထံ ပြေးသွားတာ မြင်လိုက်ရသည်။

“ဒီမှာလေ ကျွန်မသမီးငယ်လေး လေဒီ ဆိုတာပေါ့၊ ဒီနှစ် ဆယ်တန်းကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်တာလေ”

“သမီးလေးက ချောလိုက်တာ၊ စာကလည်း တော်၊





ဉာဏ်လည်းထက်နဲ့ သူ့အဖေနဲ့ အစ်ကိုလို ဆရာဝန်ကြီးလုပ်မှာပေါ့ ဟုတ်လား”

“ဟုတ်တယ်လို့ပြောလိုက်လေ သမီး”

“ဟုတ်ကဲ့ပါ”

ထုံးစံအတိုင်း မာမီက သူ့မိတ်ဆွေတွေရှေ့မှာ လေဒီ့ကို ပွဲထုတ်မိတ်ဆက်ပေးပြီး ဂုဏ်ယူစွာ ကျေနပ်ပီတိဖြစ်သော မျက်နှာကြီးဖြင့် ပြုံးနေပါသည်။

လေဒီကလည်း မျက်နှာပူပူနှင့် လူကြီးတွေကြားမှာ ပြုံးလျက် အနေခက် ရက်အမ်းစွာ ရှိနေပါသည်။

“သမီးကို ခွင့်ပြုပါဦးရှင်၊ မာမီ လေဒီ ပိုးကြူဆီ သွားလိုက်ပါဦးမယ်”

“အေး အေး သမီးလေး”

“ဝေစီ သမီးလေးက လှလိုက်တာဟယ်၊ အခုကတည်းက သားအတွက် ချွေးမတောင်းထားဦးမှပဲ၊ လေဒီကို အသိန်းသား အတွက် အပိုင်ယူလိုက်ပြီနော် ဝေစီ”

“အံမယ် ရှင့်သားအတွက်ချည်း ဖြစ်မလား၊ တင်တင့်



www.burmeseclassic.com

www.burmeseclassic.com



သားအတွက်လည်း ပေးမှဖြစ်မှာပေါ့"

လူကြီးပိုင်းမှာ သားပေး သမီးယူ ချေးမတောင်းသံတွေနှင့် ရယ်မောငြင်းခုံရင်း ကျန်ရစ်ချိန်မှာ လေဒီကတော့ လူကြီးပိုင်းနှင့်ဝေးရာကို တစ်ယောက်တည်း လျှောက်လာပါသည်။

"လေဒီ"

"ဟောတော် ရှိန်း"

ခပ်ဝေးဝေးနေရာမှာဖြစ်ပေမယ့် ရှိန်းက အဖြူရောင်ဝတ်စုံနှင့် လေဒီကို လူအများကြားက မြင်ဖြစ်အောင် မြင်ရုံမက လက်တစ်ဖက်ကိုမြှောက်ပင့်ပြပြီး လေဒီ့နာမည်ကို လှမ်းခေါ်နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

လေဒီ စိတ်ညစ်သွားသည်။

ရှိန်းနှင့် အတူဆုံ၍မဖြစ်။

အပ်ကြောင်းထပ်နေသော အချစ်တောင်းခံစကား ကြားနာနေရန် အချိန်မရှိ။ လူများအကြားက တိုးဝှေ့ပြီး လေဒီရှိရာကို လျှောက်လာနေသော ရှိန်းကိုကြည့်ပြီး အမှောင်ရိပ်ကျသော နေရာဖြစ်သည့် ရေကူးကန်ဘေးကို ဇွတ်ခနဲ ပြေးတက်သည်။





"လေဒီ လေဒီ"

နောက်ပါးမှာ ခေါ်သံသဲ့သဲ့က ညင်သာစွာစီးမျောနေသော တေးသံသာသာထဲမှာ ရောထွေးပျောက်ကွယ်သွား၏။

"ဩော် မဟုတ်ရပါဘူးဗျာ၊ ရှေ့က ကိုယ့်ကို အထင်လွဲနေတာပါ"

ပြုံးနေသည့် မဇာဝိယွှပ် မျက်နှာကို ဘယ်သူမှမမြင်။ များပြားလှစွာသော ချစ်သူရည်းစားတွေထဲက ရှေ့ကို သူချော့မြှူနေခိုက် လူတစ်ယောက်က မဇာဝိယွှပ်ကိုယ်ကြီးကို အရှိန်ပြင်းပြင်းဝင်တိုက်တာ ခံလိုက်ရသည်။

"ဟေး"

"အမလေး"

"ဝုန်း"

"ဗွမ်း"

"ဟာ"

ကိုယ့်အာရုံနှင့်ကိုယ် ဖုန်းပြောနေသော မဇာဝိယွှပ်ကို ခပ်ပြင်းပြင်း ဝင်တိုက်ခံလိုက်ရသဖြင့် လက်ထဲကဖုန်း လွတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သည်နောက်မှာတော့ သူ့ကို အရှိန်ဖြင့် ဝင်တိုက်မိသူ ရော မဏိယွပ်ပါ ရေကူးကန်ထဲ အရှိန်မထိန်းနိုင်ဘဲ နှစ်ယောက် အတူ လုံးထွေးကျသွားသည်။

"အူး ဝူး"

"ဝုန်း"

"ဗွမ်း ဗွမ်း"

ကြောက်လန့်တကြား ရုန်းကန်သူက ရေကူးတတ်သူ မဟုတ်ကြောင်း ဝူးဝူးဝါးဝါး လှုပ်ရှားမှုတွေက သက်သေခံနေ၏... မဏိယွပ်က ပေါ့ပါးကျွမ်းကျင်စွာ တစ်ဖက်လူကို ဆွဲယူတွဲဖက် လိုက်တော့ နူးညံ့အိထွေးသည့်အတွေ့မှာ လူတစ်ကိုယ်လုံး ဖွေး သွားသည်။

မိန်းကလေးတစ်ယောက်ပါလား။

"ဟေး ဘာမှမဖြစ်ဘူးနော်၊ မကြောက်နဲ့ သိလား၊ အနား မှာ ကိုယ်ရှိတယ်၊ ကိုယ် မင်းကို ကန်ပေါင်ကို တွဲခေါ်သွားမယ်"

"လေဒီ ရေမကူးတတ်ဘူး"

တုန်ခိုက်ချောက်ချားသောအသံကြောင့် လေဒီအသံက

ဝိုး:ဝိုး:၀၁၄၂



မပီပြင်မသဲကွဲ။ အနားကလူကိုသာ အားကိုးရာတစ်ခုလို နှစ်နေ အောင် ကြောက်ကြောက်ဖြင့် အားရှိသမျှ ဆွဲဖက်ထားမိ၏။

"ကိုယ့်ကို အရမ်းဖက်မထားနဲ့လေ၊ ကိုယ်ကိုအလိုက်သင့် ဖော့ထားမှပေါ့၊ အဲ ဟုတ်ပြီ၊ ဒီမှာ လက်ကိုခဏကိုင်ထား၊ ပြီးမှ ကိုယ် ဆွဲတင်ပေးမယ်"

မဏိယွပ်က သူ့ကိုယ်ကြီးကို တင်းကျပ်စွာ ဖွတ်ဖက်ထား သော မိန်းကလေးလက်တွေကို ခွာယူပြီး လှေကားသံတိုင်မှာ အကိုင်ခိုင်းထားရသည်။

သူ့ကိုယ်တိုင် ရေကူးကန်ပေါင်ပေါ်ရောက်တော့ မိန်းကလေးကို ဆွဲတင်ပြီး ရေစိုနေသော ဆံပင်နှင့် မျက်နှာပေါ်က ရေတွေကို ခါထုတ်ရသည်။

"ဘယ်လိုဖြစ်တာလဲ"

"ရှင်"

"ကိုယ်တစ်ယောက်လုံး ထိုင်နေတာကိုမမြင်ဘဲ ဝင်တိုက် ရအောင် ဘယ်လိုများဖြစ်လာသလဲလို့မေးတာ"

ရှန်းတောက်သည့် မဏိယွပ် မျက်လုံးနက်နက်တွေက

ဝိုး:ဝိုး:၀၁၄၂

www.burmeseclassic.com

www.burmeseclassic.com



ရူးလက်စွာ လေဒီ့တစ်ကိုယ်လုံး စေ့စေ့စပ်စပ်ကြည့်နေတာမို့ ဖြူသော လေဒီ့မျက်နှာမှာ ဖြန်းခနဲ ထူးအမ်းနီရဲကာ ဘာပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

"ဟို ဟို ကြောက်ပြီးပြေးလာတာနဲ့ အခုလို"

"ကိုယ့်ကိုမမြင်ဘဲ ဝင်တိုက်ပြီး ရေထဲကျတာယ်ပေါ့"

"ဟုတ် ဟုတ်ကဲ့"

နှစ်ယောက်စလုံး အဖြူရောင်တွေချည်း ဝတ်ထားမှန်း သတိပြုမိလိုက်၏။ ရေတွေနစ်နေအောင် ရွှဲနေသည့်ကြားမှ လှပ ပွင့်လန်းသော ဝင်းမွတ်နုတွေးနေသည့် မျက်နှာလေးကို သူ စိုက်ကြည့် နေမိသည်။

အတော်လှသည့် ချာတိတ်လေးပါလား။

"ဟား လူကိုမောသွားတာပဲ၊ အခုမှ ရေစိုအဝတ်ကြီးနဲ့ လူကြားထဲ ဘယ်လိုပြန်သွားရမှန်းမသိတော့ဘူး၊ ဖုန်းလည်း ရေထဲ ကျသွားပြီ၊ မင်းရော ဘယ်လိုလုပ်မလဲ"

"ရှင်၊ ဖုန်းကိုတော့ ပြန်လျော်ပေးမှာပါ"

"သူဌေးမလေးပေါ့ ဟုတ်လား"

ဒီး:မိုး:စ၁၄ပ



ပြုံးနေသည့် မျက်နှာချောချောက မခိုးမခန့်။

ကန်ပေါင်ပေါ်မှာကျန်ရစ်သည့် စီးကရက်ဘူးနှင့် မီးခြစ် ကြောင့်တော့ ဆေးလိပ်သောက်ခွင့်ရတာကိုပဲ ကျေးဇူးတင်ရသေး သည်။

"လေဒီက သူဌေးမဟုတ်ပါဘူး၊ မုန့်ဖိုးရတဲ့ထဲက ဖုန်းဖိုး ကို ပြန်လျော်မှာပါ"

"လေဒီ တဲ့လား"

စီးကရက်တွေကြားက ဝေဝါးသွားသည့် သူ့မျက်နှာ ချောချောကို မဝံ့မရဲကြည့်ရင်း နေရာက လေဒီ ပြေးချင်လာသည်။

"လေဒီ သွားတော့မယ်"

"ဘယ်ကိုလဲ"

လေဒီ မဖြေ။

နေရာကလည်း မလှုပ်မရှေ့ဘဲ လှပသောမျက်လုံးကြီး တွေနှင့် သူ့ကိုပြန်ကြည့်နေပုံကို မထိယွပ် သဘောကျသွားသည်။

"အိမ်ဖုန်းနံပါတ် ပေးထားပါ၊ လေဒီ ဖုန်းဆက်ပြီး ရေထဲ ကျသွားတဲ့ ဖုန်းဖိုး လျော်ပါ့မယ်"

ဒီး:မိုး:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"လေဒီ့ဖုန်းနံပါတ်ပေးထားတာက ပိုအဆင်ပြေမှာပေါ့၊ အစစ်ကိုပြောတာနော်"

"ရှင်"

"အဟွန်း ဟွန်း ဟွန်း"

ပြောပြီး ရယ်လိုက်ပုံက သူ့စကား သူ့သဘောကျသွား ပုံမျိုးဖြစ်ပေမယ့် လေဒီ့ရင်ထဲမှာတော့ သူ့စကားက စပ်ဖျင်းဖျင်း အခံရခက်သွားစေခြင်း အကြောင်းအရင်း အစစ်အမှန်ဖြစ်ပါသည်။

လေဒီ့ကိုများ လူလိမ်မလေးလို စွပ်စွဲလိုဟန်အပြည့်ပါ သော မျက်ဝန်းနက်နက်တွေက ခပ်မြူးမြူး။

"ဟောဒီမှာ ဒါကိုယူထားပါ"

"ဘာလဲ"

လေဒီက မခံချင်စိတ်ဖြင့် ခိုးဖိုးဆတ်ဆတ် မာမီ ဆင်ပေး လိုက်သည့် အသည်းပုံစိန်ရင်ထိုးကို ဖြုတ်ကာ အနားမှာရှိနေသူ့ လက်ထဲ ထည့်လိုက်တော့ သူက စူးစမ်းဟန်ဖြင့်လှမ်းယူပြီး ငုံ့ ကြည့်သည်။

"အသည်းလေးပါလား"





"အဲဒါ စိန်အစစ်"

"ဟုတ်လား"

"မာမီကိုယ်တိုင် လေဒီအတွက် ပေးထားတဲ့ အမှတ်တရ လက်ဆောင်၊ မပျောက်အောင် သိမ်းထားပါ၊ ရှင့်ဖုန်းဖိုးလျော်တဲ့ နေ့မှ ပြန်ပေး၊ ရှင့်လိပ်စာပေးပါ"

"လေဒီ့လိပ်စာ ပြောလို့မရလို့လား"

"မရဘူး"

"ဈေးကြီးလှချည်လားဗျာ"

သူက ဖုန်းနံပါတ်တစ်ခု ရွတ်ပြသည်။

လေဒီ ချက်ချင်းမှတ်ထားလိုက်ပြီး ရေစိုအဝတ်အစား တွေနှင့်ပင် သူ့အနားက ပြေးထွက်လာခဲ့သည်။

"ဟိတ် နေဦး"

မဏိယွပ် လှမ်းခေါ်ပေမယ့် လေဒီဆိုသည့် မိန်းမလှလေး က နောက်ကို တစ်ချက်ပင် လှည့်မကြည့်။ လေဒီပေးထားသည့် အသည်းပုံရင်ထိုးလေး သူ့လက်ဖဝါးပေါ် ကျန်ရစ်တာကို လရောင် နှင့် ငုံ့ကြည့်ရင်း ခပ်တိုးတိုးရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အသည်းပေးပြီး ပြေးထွက်သွားသော အဖြူရောင်ဝတ်စုံဖြင့် သိပ်လှသည့် လေဒီဆိုသော ချစ်စရာမိန်းမလှလေးကို သဘောကျ၍ ဖြစ်ပါသည်။

ဘာရယ်မဟုတ်။

လေဒီ၏ အသည်းပုံရင်ထိုးလေးကို မဏီယွပ်ကိုယ်တိုင် သူ့အင်္ကျီရင်ဘတ်မှာ ချိတ်တွယ်လိုက်၏။

◆ ◆ ◆



အခန်း (၃)

"ဖြစ်ရလေ သမီးရယ်၊ တစ်ဖက်သားကိုလည်း အားနာစရာ၊ သမီးကိုယ်တိုင်လည်း ဖျားနေပြီ၊ အခု ဘယ်နှယ့်လုပ်မလဲ"

"လေဒီ ဖုန်းဆက်သားပဲ မာမီ၊ သူ့ဖုန်းကမှ ခေါ်မရတော့ လေဒီလည်း မလုပ်တတ်တော့ဘူးပေါ့"

လေဒီ ဖျားနေတာ သုံးရက်ရှိပါပြီ။

ညစ်ခံပွဲညက ရေစိုအဝတ်တွေနှင့် ပြန်ရောက်လာသည့် လေဒီကို ဒက်ဒီရော မာမီပါ အံ့ဩနေပုံကို လေဒီ မမေ့။ ဂရုစိုက်ပြီး နွေးနွေးထွေးထွေး ထားသည့်ကြားမှ လေဒီကလည်း ဖျားဖြစ်အောင် ဖျားလိုက်ပါသေးသည်။

မာမီမှာ လေဒီ ဖျားသဖြင့် ပျာယာခတ်ပြီး ဘယ်မှမသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ အလုပ်တွေကို ဖုန်းတစ်လုံးဖြင့် ဟိုဒီညွှန်ကြားနေသံတွေ လေဒီနားမှာ ညံဝေလျက်ကျန်ရစ်သည်။

"ခက်တာပဲကွယ်၊ နာမည်လေးတောင် မမေးဖြစ်အောင် အာစလျှာစ ဒီလောက်တောင်နည်းရသလား မာမို့သမီးလေးရယ်"

"သူ့နာမည်သိတော့ ဘာလုပ်မှာလဲ မာမီရဲ့၊ လေဒီမှ မသိချင်ဘဲ"

"အင်း…မာမို့သမီးလေးကတော့ သူ့အဖြေနဲ့သူ ဟုတ် နေတာပဲကွယ်၊ ဖုန်းဆက်လို့ရမှပဲ သူ့ဖုန်းဖိုး ပြန်လျော်ပေးလိုက်"

"ဟုတ်ကဲ့"

လေဒီ ဒါပဲ ပြောလိုက်သည်။

မာမီပေးထားသည့် စိန်ရင်ထိုးလေး သူ့ဆီမှာ အပေါ် သဘောမျိုး ပေးထားတာကိုတော့ မာမီကိုပြောမပြလိုက်ပါ။ မာ စိတ်မကောင်းဖြစ်နေမှာစိုး၍ ဖြစ်သည်။

လူကြီးကလည်း ဖုန်းမကိုင်ဘဲ ဘယ်တွေများ လျှော သွားနေပါလိမ့်နော်။

မာမီ အမြတ်တနိုးပေးထားတဲ့ ရင်ထိုးလေး ပျောက်သွ

ဝိုး:မိုး:ဝ၁၆ပ



မှ အခက်ပဲ။ အိပ်ရာထဲကနေပြီး အလွတ်ရနေသည့် ဖုန်းနံပါတ်ကို နှိပ်သည်။

"တီ"

"ဟော ဖုန်းလိုင်းဝင်သွားပါလား"

ပျော်လွန်း၍ လေဒီ့ရင်တွေ တဒိတ်ဒိတ်ခုန်သွားသည်။

"ဟဲလို"

"ဟို ဟို အခုပြောနေတာ ဘယ်သူလဲဟင်"

"ဗျာ"

ညင်သာတိုးတိတ်သော အသံချိုချိုလေးတစ်ခုက ရေချိုး ခန်းထဲက ထွက်လာစ မဇော်ယွှပ်ကို အလုပ်များစွာပေးပါသည်။

"ဟိုတစ်နေ့ညက နာမည်မမေးလိုက်ရလို့၊ ကဲဒါ"

"သြော် လေဒီ ဆိုတဲ့ချာတိတ်လား"

"ဟုတ်ကဲ့ လေဒီပါ"

"အဟွန်း ဟွန်း ဟွန်း"

သူ သဘောကျစွာ ရယ်လိုက်သည်။

လေဒီနှင့်စကားပြောရတာ မဇော်ယွှပ်စိတ်ကို တစ်မျိုး

ဝိုး:မိုး:ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖုံ လှုပ်ခတ်ပျော်ရွှင်စေသည့်အဖြစ်ကို သူ သဘောကျသည်။

"ဖုန်းဖိုး ပေးတော့မယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ဘယ်ကိုလာပေးရမလဲဆိုတာ ပြောပါ"

"လေဒီကိုယ်တိုင် လာမှာဆိုရင် ကိုယ်စောင့်နေမယ်လေ"

"ဘယ်ကိုလာပေးရမလဲဆိုတာသာ ပြောပါ၊ လေဒီ မလာနိုင်လည်း မာမီ လာပါလိမ့်မယ်"

"မာမီ ဟုတ်လား"

မဏိယွှပ် မျက်ခုံးထူထူ အပေါ်ကိုမြင့်တက်သွားသည်။

"ဖုန်းဖိုးကို မာမီ လာပေးပါလိမ့်မယ်၊ ရင်ထိုးလေးကိုလည်း မာမီ့ကိုပဲ ပြန်ပေးလိုက်ပါနော်"

"ဒါတော့ မဖြစ်ဘူးထင်တယ်"

"ဘာလို့လဲဟင်"

"ဒီကိစ္စက လူကြီးတွေနဲ့မှမဆိုင်ဘဲ၊ ကိုယ်တို့လူငယ်ချင်းပဲ ဖြေရှင်းသင့်တာပေါ့ဗျာ၊ လေဒီ့မာမီနဲ့တော့ မတွေ့ပါရစေနဲ့၊ လေဒီပဲ လာပါ"





တစ်ဖက်က ခဏတော့ ငြိမ်သွားသည်။

မဏိယွှပ်က လှပသော လေဒီ့ကို ဒုတိယအကြိမ် နီးနီးကပ်ကပ် မြင်ဖူးတွေ့ဖူးချင်နေသည်။ တစ်ချိန်လုံးလည်း လေဒီ့ကို သတိရနေမိတာနှင့် လေဒီပေးသွားသည့် အသည်းပုံရင်ထိုးလေးကို မကြာခဏ ထုတ်ကြည့်ဖြစ်သည်။

"လေဒီ"

"လေဒီ ဖျားနေတယ်"

"ဟာ ဘာလို့ အခုမှ ကိုယ့်ကိုပြောရတာလဲ၊ လေဒီ ဖျားနေရင် ကိုယ့်ဆီ လေဒီ မလာနဲ့လေ၊ ကိုယ်ပဲ လေဒီ့ဆီကို လာခဲ့မယ်"

"အာ ဘာဆိုင်လို့လဲ"

တိုးတိုးသဲ့သဲ့ လေဒီ့ထံမှ ညည်းညူသံလေးက သူ့စကားကို သဘောမကျကြောင်း သိလိုက်ရတော့ မဏိယွှပ်မျက်ခုံးအစုံ တွန့်ကုပ်သွားသည်။

"လူနာသတင်းမေးလေ"

"ဟွန်း တစ်ယောက်နဲ့တစ်ယောက် သိဖြင့်မသိဘဲနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လူမမာ သတင်းမေးစရာလား”

နှုတ်ခမ်းစူနေမည့် လေဒီပုံလှလှကို မြေးမြင်ပြီး မဏိယွှပ် ပြုံးပါသည်။

“အခုသိလို့ စကားတွေအများကြီး ပြောနေပြီပဲဗျာ၊ ကိုယ် လာခဲ့မယ်”

“မလာပါနဲ့”

အလောတကြီး ငြင်းဆန်ပုံက သူ တကယ်လာမှာကို ကြောက်နေသည့်ပုံမို့ မဏိယွှပ် ခပ်ဖွဖွရယ်မိပြန်သည်။

“ဘာဖြစ်လို့လဲ၊ ကိုယ့်ကို ညှော်ခံရမှာစိုးလို့လား”

“ဟုတ်ပါဘူး”

“လူကြီးတွေနဲ့ပဲ စကားပြောပြီး ပြန်မှာပါ၊ ဒီလောက် ဆိုရင် ဖြစ်တယ်မဟုတ်လား”

“မဖြစ်ပါဘူး၊ မလာပါနဲ့၊ မာမီတို့ကမေးရင် လေဒီ ဘာမှပြောတတ်မှာမဟုတ်ဘူး၊ နာမည်တောင် မသိဘဲနဲ့”

“အခုသိရမယ်လေ၊ ကိုယ့်နာမည် မဏိယွှပ်”

“ရှင်”





“ကိုယ့်နာမည် မဏိယွှပ်လို့ ပြောတာ”

“ဟာ”

လေဒီ လန့်ပြီး လက်ထဲက ဖုန်းလွှတ်ကျမသွားအောင် မနည်းထိန်းလိုက်ရသည်။ လေဒီ နားကြားမှားခြင်းမဟုတ်။ သူ ကိုယ်သူ မဏိယွှပ်လို့ပြောတာ နားနှင့်ဆတ်ဆတ် ကြားလိုက်ရ သည်။

“ဟို ဟို ခင်ဗျား လေဒီ့ဆီကို လုံးဝမလာပါနဲ့နော်၊ လေဒီ နောက်မှ ဖုန်းထပ်ဆက်လိုက်ပါ့မယ်၊ ဒါပဲနော်”

“လေဒီ”

လက်ထဲကဖုန်းကို အလန့်တကြား လွှတ်ချပြီး အံ့သြ ဘေးကြောင်စွာ ကြည့်နေမိသည်။

“လေဒီ”

ဦးမဏိယွှပ် တဲ့။

ဇာလို့လူကြီး ဖြစ်နေပါရော့လား။

တမင်သက်သက် အကြောင်းရှာပြီး တိုက်ဆိုင်ချင်ရင် တောင်မှ သူနဲ့လေဒီ ဆုံဖို့လွယ်ကူသည်မဟုတ်။ အခုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မသိ၊ ကိုယ် သူမသိနဲ့ ကြုံဖန်တိုက်ဆိုင်ပြီး တွေ့ခဲ့ရသည့် လူက ဓာလီဝင့်ထည်ရဲ့ ကိုကို ဆိုသူ ဦးမဏိယွပ် ဖြစ်နေသည်တဲ့။

စိတ်ညစ်လိုက်တာနော်။

အကြောင်းမသိရင် လေဒီကပဲ တမင်ဓာတ်လမ်းရှာသလို ဖြစ်နေဦးမည်။

မဖြစ်ဘူး၊ မဖြစ်ဘူး။

ဦးမဏိယွပ် ဆိုတဲ့လူကြီးနဲ့ ကင်းကင်းရှင်းရှင်းနေတာပဲ ကဓာင်းသည်။

တော်ကြာ လေဒီတို့ဓာတ်လမ်းထဲ လူကြီးတွေဝင်လာမှာ ပိုရှုပ်မှာတွေးပြီး လေဒီ ဦးမဏိယွပ်ကိုတွေ့ဖို့ ပိုကြောက်လာသည်။

"တူ တူ ..."

လေဒီ့ဖုန်းလေး အသံမြည်လာလို့ ကြည့်လိုက်တော့ လေဒီ အိပ်ရာက ဆတ်ခနဲ ခုန်ထဖြစ်သွားသည်။

ဘုရားရေ။

ဦးမဏိယွပ် ဆိုတဲ့လူကြီးက လေဒီကို ဖုန်းခေါ်နေပါ ရောလား။





ဘာတွေများ ပြောဦးမည်မသိ။

စိတ်ရှုပ်ရှုပ်နှင့် သူ ဘာပြောပြော တစ်ခုမှလက်မခံဖို့ ဆုံးဖြတ်ပြီး ဖုန်းကို ထူးလိုက်ရသည်။

"ဟဲလို",

"လေဒီ ကိုယ်ပါ၊ ဘာလို့ ဖုန်းချပစ်ရတာလဲ"

"လေဒီ ခေါင်းကိုက်လာလို့ပါ"

"အာ ဆောရီး၊ နောက်မှ ကိုယ် ဖုန်းပြန်ဆက်လိုက်မယ်၊ ဟုတ်လား၊ အမြန်ဆုံး နေကောင်းပါစေဗျာ"

"ဟုတ်ကဲ့"

ဖုန်းလိုင်း ပြတ်တောက်သွားသည်။

လေဒီတစ်ယောက်တည်း အိပ်ရာထဲမှာ စိတ်ညစ်ပြီး ကျန် ရစ်သည်။

ဦးမဏိယွပ်တဲ့။

ကြုံကြုံဖန်ဖန် ဆုံပဲဆုံတတ်လွန်းသည်၊ ဘာဖြစ်လို့မှန်း မသိ။

လေဒီ့စိတ်ထဲမှာ သူနှင့်မျက်နှာချင်းဆိုင်ရမှာ သူ့အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်နေသည်။ သူ့မျက်လုံးလက်လက်တွေက ဘယ်လိုမှန်းမသိ။ လေဒီကို စူးစူးစိုက်စိုက် ကြည့်တာကို မကြိုက်ပါ။ ရှက်တာနှင့် ရင်ခုန်တာ ပေါင်းပြီး လေဒီ သူ့ရှေ့ကထွက်ပြေးချင်သည်။

သူနဲ့လည်း နောက်ထပ် မဆုံတွေ့ချင်။

ဇာလို့လူကြီးက ဇာလီနှင့်ပဲ လိုက်ဖက်သည်ဟုထင်သည်။ သူတို့စုံတွဲကြား လေဒီ ဘာတစ်ခုမှ ဝင်မရှုပ်ချင်တော့။ လေဒီကို မိဇာလီ ကြိုက်သလိုပြောလည်း ခံလိုက်တော့မည်။ နောက်ထပ် ဦးမဏိယွှပ်နှင့်မတွေ့ရလျှင် ပြီးရောဟု သဘောပိုက်လိုက်မှ လေဒီ ကိုယ်တိုင် နေရထိုင်ရတာ စိတ်သက်သာရာရသွားသည်။

ဘာကြီးမှန်းလည်းမသိ။

ဦးမဏိယွှပ်ကို လေဒီ ကြောက်သည်။ ပိုးကြူ သိရင် လေဒီကိုရယ်မှာ သေချာသည်။ ရယ်ချင်လည်း ရယ်ပါလေ့စေဟု စိတ်ကတွေးသည်။

ဦးမဏိယွှပ်ဖုန်းကို အလျော်ပေးမည့်ကိစ္စ မြန်မြန်ပြီးမှ အေးမည်ဟု သဘောပိုက်ကာ မာမီ့ဆီကို ဖုန်းလှမ်းဆက်သည်။

"ဟဲလို"





"မာမီ လေဒီပါ"

"ပြော သမီး၊ ဘာလိုချင်လို့လဲ"

အလုပ်တိုက်မှာ ဆူညံနေသည့် အလုပ်သမားတွေအသံကို ကြားနေရသည်။ ဒီနေ့မှ မာမီ ဆိုင်ကိုသွားခြင်းဖြစ်သည်။

"လေဒီ ဟိုလူကြီးနဲ့ ဖုန်းပြောပြီးပြီ မာမီ"

"ဟုတ်လား၊ မာမီ ဘာလုပ်ပေးရမလဲ ပြော"

"ဖုန်းဖိုးအလျော် လေဒီပဲ သွားပေးလိုက်ရမလားလို့"

"သမီးမှ နေမကောင်းပဲကွယ်၊ အပြင်ထွက်လို့ဖြစ်ပါ့မလား"

မာမီ့က လေဒီ့ကို စိတ်မချ။

"မမဝေမီကို ခေါ်သွားရမလား မာမီ"

"ခေါ်သွားလေ၊ သမီးမပါရင် မာမီ စိတ်ချလျက်ချနေနိုင်တာပေါ့၊ ငွေကို ဆိုင်ကပဲဝင်ယူမလား"

"ဟုတ်ကဲ့"

"မာမီ အသင့်လုပ်ထားမယ်၊ သမီးတို့ညီအစ်မလာရင် ဖုန်းဆက်လိုက် ဟုတ်လား၊ ဒါပဲနော် သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

မာမီဖုန်းချသွားတော့ လေဒီ အိပ်ရာပေါ်က ဆင်းပြီး မှန်ရှေ့မှာရပ်ပြီး သူမကိုယ်သူမ ကြည့်သည်။ အဖျားသွေးဖြင့် မျက်နှာလေးမှာ နီနေတာကလွဲပြီး မျက်နှာပေါ်မှာ ဘာအခြယ်အသမှမရှိ။

လေဒီလှတာ ဦးမဏိယွပ် မသိစေချင်တာနှင့် အတော်ပါပဲလေဟု သဘောပိုက်လိုက်ပေမယ့် မှန်ထဲမှာမြင်နေရသည့် လေဒီ့ပုံရိပ်က နုနုထွေးထွေးနှင့် သိပ်လှပြီး သိပ်ချစ်စရာကောင်းနေတာတော့ သိသည်။

ဘုရားတရားမလို့ ဒီအလှအပတွေ ဦးမဏိယွပ် သတိမထားမိပါစေနဲ့ဟု ဆုတောင်းရင်း ပန်းနုရောင်ဖျော့ဖျော့ဝတ်စုံလေးကို လဲလှယ်ဝတ်ဆင်လိုက်၏။ အနွေးအင်္ကျီကိုလည်း ပန်းနုဖျော့ဖျော့ ခပ်ပါးပါးဝတ်စုံလေး ထပ်ဝတ်သည်။

မျက်နှာလေးက နီထွေးနေတာ တစ်ချက်ကြည့်ပြီး မမဝေမီရှိရာ ဖုန်းလှမ်းခေါ်ကြည့်သည်။ အဆင်သင့်ပင် မမနှင့်တွေ့ရသဖြင့် အကျိုးအကြောင်းပြောပြတော့ အဆင်ပြေသွားသည်။

ဓိ:ဓိ:စ၁၄ပ



မမကြီးကိုတော့ လေဒီ့ရင်ထိုးလေး ဟိုလူကြီးဆီမှာပေးထားကြောင်း အသိပေးထားသဖြင့် မမဝေမီက ချက်ချင်းလိုက်ပို့ဖို့ သဘောတူသည်။

အားလုံးအဆင်ပြေတော့ ဦးမဏိယွပ်ဖုန်းကို ပြန်ဆက်ရသည်။ ဒီတစ်ခါတော့ ရှောရှောရှူရှူ ဖုန်းက ချက်ချင်းဝင်သွားသည်။

"ဟဲလို"

"လေဒီပါ"

"ပြော ချာတိတ်"

"အခုပဲ လာချင်ပါတယ်၊ နေရာကို ပြောပေးပါ"

"ဟာ နေမှမကောင်းဘဲ၊ နောက်မှလာလည်း ဖြစ်တာပဲ၊ ဘာဖြစ်လို့လဲ၊ လေဒီ့စိန်ရင်ထိုးလေး ပျောက်သွားမှာစိုးရိမ်လို့လား"

လေဒီကမဖြေဘဲ ငြိမ်နေတော့ မဏိယွပ် ရယ်မိသည်။ ကောင်မလေးတစ်ယောက် သူ့မာမီ အမြတ်တနိုးပေးထားတဲ့ စိန်ရင်ထိုးလေးကို ပြန်ယူချင်နေသည်။

"လေဒီ"

ဓိ:ဓိ:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ်လာခဲ့မယ်၊ လေဒီရှိနေမယ့်နေရာကိုပြော"

"အိမ်ကိုလားဟင်"

"ဘယ်ဖြစ်ဖြစ်ပါ၊ လေဒီ လာဆိုတဲ့နေရာကို ကိုယ် လာမယ်၊ ဘယ်နေရာ လာရမလဲဆိုတာသာ ပြော"

လေဒီ ဘာပြောရမှန်းမသိဘဲ ငြိမ်နေမိသည်။ ဦးမဏိယွင်ကို လေဒီ အိမ်မခေါ်ချင်။ လေဒီ ဘယ်မှာနေတယ်ဆိုတာ ပေး မသိချင်။ ဇာတ်လမ်းကိုလည်း မြန်မြန်ဖြတ်ချင်သည်။ အခုက လေဒီ့စိန်ရင်ထိုးလေးပြန်ရဖို့ အရေးကြီးနေသည်။

"ပန်းကမ္ဘာအအေးဆိုင်ကို လေဒီ လာခဲ့မယ်"

"ဘယ်အချိန်လဲ"

"အခုပဲ"

"အခုလာမယ်"

"ဟုတ်"

"ကောင်းပြီ၊ ကိုယ်စောင့်နေမယ်"

လက်ထဲကဖုန်းကို လေဒီ ချပစ်သည်။





"တီ"

"ဟော မမဝေမီ လာပြီ"

လေဒီ အိမ်ရှေ့ကို အပြေးလေးထွက်ခဲ့တော့ လှပကျော့ရှင်းသည့် မမဝေမီနားမှာ ဖိုးသားကိုပါ တွေ့ရသည်။

"အသင့်ဖြစ်ပြီလား လေဒီ"

"ဟုတ်"

"ငွေတစ်ခါတည်း ယူခဲ့တယ်၊ ဟိုက ဘယ်လောက် အလျော်တောင်းလို့လဲ"

"ဟင့်အင်း၊ လေဒီ့ကိုတော့ ဘာမှမပြောသေးဘူး"

တကယ်လည်း လေဒီတို့ ငွေရေးကြေးရေး အလျော်အစား ကိစ္စ ဘယ်၍ဘယ်မျှ မပြောကြရသေးပါ။

"အေးလေ၊ ဖုန်းတစ်လုံးတန်ဖိုး ဘယ်လောက်ဆိုတာ လူတိုင်းသိနေတာပဲ၊ သူ တောင်းသလောက် ပေးလိုက်ပေါ့"

"ကဲ ကားပေါ်တက်"

မမဝေမီက ပိုင်နိုင်ကျွမ်းကျင်စွာ ကားကို နေရာက ဝေါခနဲ မောင်းထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသားကို ကျောင်းမပို့ဘူးလား မမ"

"အခု တစ်ခါတည်း ဝင်ပို့ခဲ့မှာလေ"

"ြော်"

ပန်းကမ္ဘာအအေးဆိုင်ထဲ မမဝေမီ ကားကိုချိုးဝင်လိုက်တော့ လေဒီ့ရင်တွေ တဒိတ်ဒိတ်အခုန်မြန်လာကာ ခြေဖျားလက်ဖျားတွေပါ ချက်ချင်း အေးစက်လာ၏။

"မမပါ အတူလိုက်ခဲ့ရမလား လေဒီ"

"လေဒီပဲ သွားလိုက်ပါမယ်"

"တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

မမဝေမီက လေဒီ့မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်သည်။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းလေးတွေနှင့် ညီမဖြစ်သူက ပြန်ကြည့်တော့ ဝေမီ စိတ်ချသွားသည်။

"စောင့်နေရမလား"

လေဒီ နည်းနည်းတွေသွားသည်။

"သိပ်ကြာမှာမှမဟုတ်ဘဲ၊ မမ စောင့်နေပါ"





"ကောင်းပြီ၊ ကိစ္စတစ်ခုခုထူးရင် မမဖုန်းကိုဆက်လိုက်၊ ချက်ချင်းလိုက်လာမယ်"

"ဟုတ်ကဲ့ပါ၊ လေဒီ သွားတော့မယ်"

"နေဦးလေ၊ ပိုက်ဆံထုပ်ပါ တစ်ခါတည်းယူသွားမှပေါ့"

"ဟုတ်သားပဲ"

လေဒီ့လက်ထဲ အသင့်ထုပ်ထားသော ပန်းနုရောင်အိတ်တစ်အိတ် ရောက်လာသည်။ ငွေထုပ်က တော်တော်လေးသည်။ မမဝေမီ ဘယ်လောက်ထည့်လာသည်မသိ။

ခပ်တည်တည်မျက်နှာလေးနှင့် ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်အဝင်မှာ မမဝေမီကားက နေရာမှ ဝေါခနဲပြေးထွက်သွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မြင်ကွင်းအားလုံးကို အစအဆုံး စိတ်ဝင်စားစွာ စူးစိုက်စောင့်ကြည့်နေသူကို မည်သူမျှ သတိထားမိခြင်းမရှိကြ။ လင်ခရုဆာကားနက်ကြီး ဝေါခနဲပြေးဝင်လာပြီး ကားပေါ်က နုနုထွေးထွေး ပန်းနုရောင်အရိပ်လေး ဆင်းလာတာ။

အမေလား၊ အစ်မလား မသိသော အမျိုးသမီးတစ်ယောက်နှင့် တီးတိုးစကားပြောနေတာ၊ ပြီးတော့ ငွေထုပ်ဟုထင်ရသော အထုပ်တစ်ထုပ်ဆွဲပြီး အနွေးအင်္ကျီပန်းနုရောင်နှင့် ပန်းနုမင်းသမီးလေး၏ လှုပ်ရှားမှုအစအဆုံး ကြည့်ကောင်းကောင်းဖြင့် ကြည့်နေသူက မဏိပလ္လင်ကိုယ်တိုင် ဖြစ်သည်။

လေဒီက သူ့ကို ရုတ်တရက် မမြင်သေးဘဲ ဟိုဟိုသည်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးပြာကြီးတွေ ဝင့်ခနဲ ဝင့်ခနဲ ဝေ့ဝဲရှာနေပုံကို မဏိယွှပ် သေချာစူးစိုက်ကြည့်နေလိုက်သည်။

ပန်းနုရောင်နှင်းဆီဖူးလေးလို နူးညံ့အိထွေးသော အသွင် သဏ္ဌာန် အဆင်းရှိသူလေး၏ အလှအပတွေကို တစ်စိတ်တစ်ပိုင်း ချင်းကြည့်ဖို့ သူ့မှာ တိတ်တဆိတ် အခွင့်အရေးရနေသည်။

ဖုန်းထဲမှာ စကားပြောကြည့်ပြီးသည့်နောက်မှာ လေဒီက သူနှင့်ပတ်သက်လိုပုံမရတာကို သူ သဘောပေါက်သည်။ တခြား တခြားသော မိန်းကလေးတွေက မဏိယွှပ်လို လူတစ်ယောက်နှင့် ခင်မင်ရင်းနှီးခွင့် ရယူချင်နေကြသည့်အချိန်မှာ လေဒီ့ဆက်ဆံရေး က သူ့အပေါ်မှာဆန်းနေသည်။

ဘယ်သူနဲ့မတူဘဲ တစ်မူကွဲထွက်နေပုံလေးကိုလည်း စိတ်ဝင်စားသည်။ ဘာကြောင့်လဲ သိချင်သည်။ သိပ်လှ၍များ မာနကြီးနေသလားဟု တွေးကြည့်သည်။ အပြစ်ကင်းစင်၍ ရိုးသား ဖြူစင်သည့် လေဒီ့မျက်ဝန်းကြီးတွေက ကလေးငယ်တစ်ယောက် ပမာ ဖြူစင်လွန်းသည်။

သူထင်ထားသည့် အရိပ်အငွေ့မျှပင်မရှိ။

ဒိုး:မိုး၊ ၈၁၄ပ



"ဟော"

လေဒီ့ထံမှ တိုးတိုးလေးထွက်လာသော အသံလေးဖြစ် သည်။ ထောင့်စွန်းကျသော ခုံတစ်လုံးမှာ ထိုင်နေသည့် မဏိယွှပ် ဆိုသည့်လူကြီးကို ဘွားခနဲ အမှတ်မထင် တွေ့လိုက်ရ၍ဖြစ်သည်။

လေဒီကို ခပ်တည်တည် မရယ်မပြုံးပုံစံနှင့် စူးစိုက် ကြည့်နေပုံက လေဒီ့ကို အစောကြီးကတည်းက တွေ့မြင်ထားပြီး မှန်း သူ့အကြည့်ဖြင့် လေဒီ သိလိုက်သည်။

သူ့ကို လေဒီလိုက်ရှာနေမှန်းသိသိနှင့် ဘာလို့ လေဒီ့ကို လှမ်းမခေါ်ဘဲ ထိုင်ရာမထ ငုတ်တုတ်ထိုင်ပြီး လေဒီလှုပ်ရှားသမျှ ကို စိတ်အေးလက်အေး စိမ်ပြေနပြေ ထိုင်ကြည့်နေသည်မသိပါ။

"ဦးမဏိယွှပ် ဟုတ်ပါတယ်နော်"

"ဘယ်လိုထင်လို့လဲ"

သူ့နားသွားပြီး မေးလိုက်တော့ သူက လေဒီ့ကို မရယ် မပြုံး မော့ကြည့်ပြီး မေးတာနှင့် လေဒီ အဖြေခက်သွားသည်။

"လေဒီ ဖုန်းဖိုးအလျော်ပေးမလို့ပါ"

"ထိုင်"

ဒိုး:မိုး၊ ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



လေဒီ သူနှင့်မျက်နှာချင်းဆိုင်ခုံတစ်လုံးမှာ ဆွဲယူထိုင်လိုက်သည်။ သူ့ကိုတော့မကြည့်။ မျက်လွှာချပြီး ခေါင်းငုံ့ထားတာမို့ မဇာဝ်ယွပ်က လေဒီမျက်နှာလှလှလေးကို စိတ်ကြိုက်ကြည့်သည်။

"ဖျားနေရက် ဘာလို့ထွက်လာရတာလဲ"

လေဒီ မဖြေပါ။

"မှန်း"

"အို"

"ကြည့်စမ်း၊ ကိုယ်တွေပူခြစ်နေတာပါပဲလား"

ဖျတ်ခနဲ လေဒီ့နဖူးပြင်ကို သူ့လက်ဖဝါးပြည့်ပြည့်ဖြင့် ထိကိုင်စမ်းသပ်လိုက်ပုံက လျင်မြန်လွန်းတာမို့ လေဒီ မျက်နှာလေး ရဲရဲနီသွားကာ ဦးမဇာဝ်ယွပ်ဆိုသည့် လူကြီးကိုလည်း မကျေမနပ် မော့ကြည့်လိုက်သည်။

"လေဒီ့အသားကို မထိပါနဲ့"

"ဗျာ"

"မကြိုက်ဘူး"





"ဩော်၊ ကိုယ်က စိတ်ပူလို့ပါ"

"ဘာမှလည်းမဆိုင်ဘဲနဲ့"

နှင်းဆီပူးရောင် နှုတ်ခမ်းလေး စူထော်လျက် မကျေမနပ် ကောက်ချိတ်စိတ်ဆိုးသွားပုံကို မဇာဝ်ယွပ် ပြုံးကြည့်ရင်း တစ်ကိုယ်လုံး နွေးထွေးသွားသည်။

အလို၊ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေပါရောလား။

"ဆိုင်ရင်တော့ ရတယ်ပေါ့"

နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း မချင့်မရဲဆိုတော့ လေဒီက သူ့မျက်နှာချောချောကို လှပဝိုင်းစက်သည့် မျက်လုံးကြီးတွေနှင့် မော့ကြည့်သည်။

ရွှန်းလဲ့စူးတောက်သည့် ညို့နေသောမျက်ဝန်းအကြည့်တွေနှင့်အဆုံးမှာ လေဒီ မျက်နှာလှလှမှာ သွေးနီရည်နှင့် ပက်ဖြန်းလိုက်သလို ရဲရဲနီမြန်းလျက် ရှက်အမ်းအမ်းဖြစ်သွားပုံလေးက မဇာဝ်ယွပ်အသည်းထဲ နင့်နင့်နဲ့နဲ့ စွဲငြိသွားသည်။

"လေဒီ"

တိုးတိတ်ညင်သာသော မဇာဝ်ယွပ်ထံမှ နူးညံ့သိမ်မွေ့စွာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သံကိုပဲ လေဒီ ကြောက်လန့်နေမိ၏။ ဖြစ်နိုင်လျှင် ဒီနေရာမှာ လေဒီ ဆက်မနေချင်တော့ပါ။ ဦးမဏိယွှပ် ဆိုသည့်လူကြီးရှေ့က အခိုးအငွေ့ဖြစ်ပြီး ကိုယ်ယောင်ဖျောက်ပစ်ချင်သည်။

"ဖုန်းဖိုး ပိုက်ဆံဘယ်လောက် အလျော်ပေးရမလဲ၊ ပြောပါ၊ လေဒီ ပြန်ချင်ပြီ"

"ကိုယ်က အလျော်တောင်းလို့လား"

"ရှင်"

"ကိုယ့်လက်ကိုင်ဖုန်းက ဘာမှမဖြစ်ဘူး၊ လူပဲဖြစ်တာ"

"အင်"

လေဒီ စိတ်ရှုပ်ထွေးစွာ မျက်ခုံးလေးကို တွန့်ကုပ်ပစ်သည်။ ဒီနေရာကမြန်မြန်ပြေးသွားမှပါဟု လေဒီ စိတ်ထဲကပြောနေ၏။

ဦးမဏိယွှပ်ဆိုသည့် လူချောကြီး၏ အကြည့် အပြောတွေကို လေဒီ သဘောမတွေ့။ ဘာလိုလို ညာလိုလိုဖြစ်နေရတာကြီးကို စိတ်ညစ်သည်။

"လေဒီ့အသည်းလေး ပြန်ပေးပါ"

"ပေးပြီးသားကို ပြန်တောင်းလို့ဖြစ်မလား"





"အိုး အဲဒါက မာဓိပေးထားတာလို့ ပြောပြီးသားပဲ၊ ပြန်ပေးရမှာပေါ့"

လေဒီမျက်နှာလှလှလေးမှာ မကြည်မသာနှင့် နှုတ်ခမ်းကထော်လာရပြန်သည်။

ဘယ်လိုလူနှင့် လာတွေ့နေရတာပါလိမ့်ဟု တွေးရင်းလေဒီ တစ်ယောက်တည်း ပြော၍မနိုင်လျှင် မမဝေမီကို ဖုန်းနှင့်လှမ်းခေါ်ပြီး ပြောခိုင်းမှပဟု တွေးသည်။

"ရင်ထိုးလေးတော့ ပြန်ပေးမှာပါ၊ လေဒီ ပေးပြီးသားအသည်းကိုတော့ ပြန်မပေးနိုင်တော့ဘူး"

"ဘာတွေမှန်းလည်း မသိဘူး"

"ရော့ ဒီမှာ၊ လေဒီ့မာဓိ ပေးထားတယ်ဆိုတဲ့ ရင်ထိုးလေး"

သူ့လက်ဖဝါးပေါ်မှာ ဖိတ်ဖိတ်လက်နေသည့် အသည်းပုံရင်ထိုးလေးကိုကြည့်ပြီး လေဒီမှာ လှမ်းယူရခက်၊ မယူရခက်နှင့်ငြိမ်နေတော့ သူက လေဒီ ဖြစ်နေပုံကို စိုက်ကြည့်ပြီးပြုံးသည်။

"ယူလေ၊ မယူတော့ဘူးဆိုရင် ပြန်သိမ်းလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်စကားမှန်းသိသဖြင့် သူ့လက်ဖဝါးပေါ်ဖြန့်တင်ထားသည့် လေဒီ့ရင်ထိုးလေးကို လှမ်းယူလိုက်တော့ သူက လေဒီ့လက်ဖဝါး နုနုအိအိထွေးထွေးကို အင်အားအပြည့်ပါသော သူ့လက်ချောင်းတွေနှင့် ဖျတ်ခနဲ ဆုပ်ယူပစ်သည်။

"အိုး ဘာလဲ"

"ဘာမှမဟုတ်ဘူး"

လေဒီ ဆတ်ခနဲ မရုန်းဖယ်ခင်မှာ သူက ဖျတ်ခနဲလွှတ်ပေးလိုက်တာမို့ လက်ထဲက မာမီ့ရင်ထိုးလေးကို ဆုပ်ကိုင်ရင်း လေဒီနေရာက ဆတ်ခနဲထရပ်သည်။

"လေဒီ သွားတော့မယ်"

"ကိုယ် လိုက်ပို့မယ်"

"ဟင်"

နှစ်ယောက်မျက်နှာချင်းဆိုင် အတူရပ်မိတော့ လေဒီ မျက်နှာလှလှလေး သိသာစွာပျက်သွားသည်။

"လိုက်မပို့ပါနဲ့၊ နေခဲ့ပါ"

"တစ်ယောက်တည်း စိတ်မချဘူး"





"ဟင်"

"ကားနားအထိလိုက်ပို့မယ်"

"အိုး မဟုတ်တာ နေခဲ့ပါ၊ လေဒီ့ဘာသာ သွားမယ်"

"သွားလေ"

လေဒီသွားရင် သူပါ အတူတူလိုက်လာမည့်ပုံမို့ သူ့မျက်နှာကိုကြည့်ပြီး လေဒီ လန့်လာသည်။

"ပေး အဲဒီအိတ်၊ ကိုယ် ယူခဲ့မယ်"

"ဦးမဏိယွပ်"

ဗိုးခနဲ ဆတ်ခနဲ လေဒီ့လက်ထဲက မမဝေမီ ထည့်ပေးလိုက်သည့် ပိုက်ဆံအိတ်ကိုဆွဲယူပြီး လေဒီရှေ့က အရင်ဦးဆောင်ထွက်သွားတာမို့ လေဒီ သူ့နာမည်ကိုလှမ်းခေါ်လိုက်သည်။

သူက လှည့်မကြည့်။

မားမတ်ခန့်ညားသော ခြေလှမ်းတွေနှင့် တည်တည်ငြိမ်ငြိမ် ဦးဆောင်သွားသူနောက်မှ တွန့်ဆုတ်တွေဝေသော ခြေလှမ်းများနှင့် တုံ့နှေးနှေးလျှောက်လိုက်လာခဲ့ရသူက လေဒီ။

ဒုက္ခပါပဲ၊ မမဝေမီ မေးရင် ဘယ်လိုဖြေရမလဲမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးနေသည့် လေဒီ့မျက်နှာလှလှလေး မှုန်နေပုံကို မဏိယွပ် တစ်ချက်လှမ်းကြည့်သည်။

"လာလေ၊ အအေးခန်းထဲမှာ ဖျားနေတဲ့လူ ကြာကြာနေဖို့မသင့်ဘူး"

လေဒီ မကြိုက်မှန်းသိလျက်နှင့် လေဒီ့ကို ဆရာလုပ်နေသူကို မှုန်ကုပ်ကုပ်ဖြင့် လေဒီ စိတ်ရှုပ်စွာလှမ်းကြည့်သည်။ လေဒီတို့နှစ်ယောက် ဆိုင်ပေါက်ဝအရောက်မှာ မမဝေမီ ကားကို ဝေါခဲ့လေဒီ့ရှေ့မှာ လာရပ်သည်။

"ကိစ္စတွေပြီးခဲ့ပြီလား လေဒီ"

"ဟုတ်ကဲ့"

ဝေမီက ညီမဖြစ်သူကိုလှမ်းမေးရင်း လေဒီ့အနားမှာရပ်နေသော ဖြူဖြူမြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် မဏိယွပ်ဆိုသည့် လူချောကိုပါ လှမ်းကြည့်အကဲခတ်လိုက်သည်။

"လေဒီ့အစ်မလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မ လေဒီ့အစ်မ ဝေမီ"

"ကျွန်တော်က မဏိယွပ်ပါ"





"ဟုတ်ကဲ့"

"ခွင့်ပြုနိုင်မယ်ဆိုရင် လေဒီ့ဆီကို လူမမာမေး လာပါရစေလား မဝေမီ"

"ဪ လာမေးနိုင်ပါတယ်ရှင်"

"သင့်ခ်ယူ၊ ဒီမှာ ကျွန်တော့် ဗစ်ဆစ်တင်းကတ်ပါ"

ကြွေရောင်လက်ပြောင်နေသော ဗစ်ဆစ်တင်းကတ်က မမဝေမီလက်ထဲ ရောက်သွားသည်။

"ကားပေါ်တက်တော့လေ လေဒီ"

မမဝေမီက ပြောခြင်းမို့ လေဒီမှာ ငိုချင်စိတ်နှင့် ကားပေါ်တက်လိုက်ရသည်။

"ခွင့်ပြုပါဦး ကိုမဏိယွပ်"

"ကောင်းပါပြီဗျာ"

မမဝေမီကား နေရာက ဝေါခနဲအထွက်မှာ လက်တစ်ဖက်မြှောက်ပြပြီး ကျန်ရစ်သည့် ဦးမဏိယွပ်ကို မြင်ဖြစ်အောင် မြင်လိုက်ရပါသေးသည်။

"ဘာဖြစ်လို့ မမက သူ့ကို အိမ်လာဖို့ခွင့်ပြုလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲလို့”

လမ်းမပေါ် ကားအရောက်မှာ လေဒီက သူမရင်ထဲက မကျေနပ်ချက်ကို အစ်မဖြစ်သူသိအောင် နှုတ်ခမ်းကို စူထော်ကောက်ချိတ်လျက် ပြစ်တင်စကားဆိုပါသည်။

“ဩော် သူကလာချင်ပါတယ်လို့ ယဉ်ယဉ်ကျေးကျေး ခွင့်တောင်းနေတာကို မမက မလာပါနဲ့လို့ ပြန်ပြောလို့ဖြစ်မလား လေဒီရဲ့”

“လေဒီမှ သဘောမတူဘဲ”

“ဘာဖြစ်လို့လဲ ညီမလေးရဲ့၊ ကိုမဏိယွပ်ကြည့်ရတာ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သဘောထားကြီးမယ့်ပုံပါ၊ လေဒီ့ကိုလည်း ခင်လို့ဖြစ်မှာပေါ့ကွယ်”

“ခင်ချင်ပါဘူး”

“အဟင်း ဟင်း ဟင်း”

မမဝေမီက လေဒီ စိတ်ဆိုးနေပုံကို ချစ်စနိုးသဘောကျစွာ ရယ်သည်။ ဖူးစင်နုထွတ်စွာ ချောမောလှပသော ညီမငယ်နှင့် ဥပဓိရုပ် ဖြူဖြူမြင့်မြင့် ချောချောလှလှကြီးနှင့် လိုက်ဖက်စွာ မျက်ခုံး





ထူထူ၊ နှုတ်ခမ်းပေါ်ပေါ်၊ ဆံပင်နက်နက်၊ စူးရှသည့် မျက်လုံးတစ်စုံ၊ နီရဲစိုစွတ်သော နှုတ်ခမ်းအစုံပိုင်ရှင် မဏိယွပ်တို့ကို ယှဉ်တွဲမြင်ယောင်ကြည့်သည်။

အင်မတန် လှပလိုက်ဖက်သော ချစ်စရာစုံတွဲလေးအဖြစ် မြင်ယောင်မိတော့ နှုတ်ခမ်းစူနေသည့် ညီမဖြစ်သူ လေဒီရှိရာကို ပြုံးလျက် ကြည့်လိုက်မိလျက်သားဖြစ်သွားသည်။

“မိတ်ဆွေတိုးတာပေါ့ ညီမလေးရယ်”

“ဘာမိတ်ဆွေမှ မလိုချင်ပါဘူး၊ အဲဒီလူကြီးက မုန်းချင်စရာကြီး”

“လူကြီးမဟုတ်ပါဘူး လေဒီရယ်၊ ငယ်ပါသေးတယ်”

“ဘာဖြစ်လို့ မဏိယွပ်ကို မုန်းရတာလဲ လေဒီရဲ့၊ ဖုန်းဖိုးလျော်ကြေးအများကြီးတောင်းလို့လား”

“ဟုတ်ပါဘူး၊ ပိုက်ဆံတစ်ပြားမှကိုမယူတာ”

“တကယ်”

“တကယ်ပေါ့၊ သူ့လက်ကိုင်ဖုန်းက ဘာမှမဖြစ်ဘူးတဲ့”

လူပဲဖြစ်တာဆိုသည့် မဏိယွပ်၏စကားကိုတော့ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို လေဒီ ပြောမပြပါ။

"ဟုတ်မှဟုတ်ရဲ့လားဟယ်၊ မာမီပေးထားတဲ့ရင်ထိုးလေး ရော ပြန်ရလား"

"ရပါတယ်"

"ရင်ထိုးလေးကိုတော့ ပြန်ပေးမှာပါ၊ လေဒီပေးပြီးသား အသည်းကိုတော့ ပြန်မပေးနိုင်ဘူး"

မဏိယွပ်ထံမှ ဘာလိုလိုအကြည့် အပြောတွေက လေဒီ တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွား၏။

"အိမ်ကိုလာလည်ရင် ယဉ်ယဉ်ကျေးကျေးပြောနော် လေဒီ"

"သူနဲ့မတွေ့ချင်ပါဘူးဆို မမကလည်း၊ လာလည်း ဆင်း မတွေ့ပါဘူး"

"လေဒီကလည်းကွယ်"

ငယ်ရာက ကြီးလာသူမို့ မဏိယွပ်က ညီမငယ် လေဒီ အပေါ်ထားသည့် သဘောထားကို ဝေမီ နားလည်နေမိပါပြီ။ လေဒီ ကတော့ ကလေးစိတ်တစ်ဝက်နှင့် မဏိယွပ်ကို စိတ်ဆိုးစိတ်ပျက်





နေတာကိုလည်း နားလည်သည်။

ပညာရေးကလွဲပြီး တခြား ဘာကိုမှစိတ်မဝင်စားသည့် ညီမငယ်အတွက် မဏိယွပ်က စိတ်အနေဝင့်အယှက် အကြီးအကျယ် ပေးနေသူ ဖြစ်နေခြင်းကိုလည်း သိပါသည်။

ထို့အတူ မဏိယွပ်က လေဒီ ဘာပြောပြော ဂရုမစိုက်ဘဲ သူဖြစ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ်မည့်သူတစ်ယောက်အဖြစ် သိရှိရိပ်မိတာမို့ ဤအရေးကိစ္စကို မာမီသိအောင် သားအမိချင်း တိုးတိုးတိတ်တိတ် ပြောပြမှဖြစ်တော့မည်ဟု ဝေမီ ဆုံးဖြတ်ချက် ချလိုက်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တီ"

အိမ်ရှေ့က ကားဟွန်းသံကြောင့် လေဒီမှာ ခွေးကလေးဘိုကီနှင့် ဆော့ကစားနေရာက ခြံပေါက်ဝကို တစ်ချက်လှမ်းကြည့်သည်။ ခြံပေါက်ဝမှာ ကားတစ်စီးရပ်နေသည်။ ကားက လေဒီတစ်ခါမှမမြင်ဖူးသည့် ကားဖြစ်၍ စိတ်ဝင်စားသလို မျက်လုံးလှလှကြီးကိုဝင့်လျက် လှမ်းစပ်စုပေယ့် ကားထဲကလူကိုမမြင်ရ။

ခြံစောင့်မာလီ ဦးဘဲမြီးက ခြံတံခါးကိုသွားဖွင့်ပေးတာနှင့် ကားက ဝေါခနဲ ခြံထဲကိုပြေးဝင်လာသည်။ ဒီလိုပဲ ဒက်ဒီမာမီတို့ဆီ ဧည့်သည်တွေလာနေကျမို့ လေဒီအာရုံက ခွေးကလေးဘိုကီရှိရာ ဖျတ်ခနဲ ပြန်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဂါဝန်ရှည်လေးပေါ်မှာ အဖြူရောင်ခပ်ပါးပါး ဂျာကင်အင်္ကျီဖြူလေးကို ဝတ်ထားသည့် လေဒီကိုယ်မှာ အဖျား ငွေ့ငွေ့ရှိပေမယ့် အိပ်ရာထဲနေဖို့ ဒိတ်ကူးမရှိ။ လူကြီးတွေအလစ်မှာ ခြံထဲဆင်းပြီး ခွေးကလေးနှင့် ဆော့ကစားသည်။

မာမီဆူမှ လေဒီက သူမအိပ်ခန်းကိုပြန်ပြီး ကွေးကွေးလေး အိပ်ပြသည်။ ပေးသည့်ဆေးတွေကိုလည်း မသောက်ဘဲ အိပ်ရာ အောက်မှာ ဖွက်ထားတတ်သဖြင့် အဖျားက ရှည်ကြာနေသည့် အဖြစ်ကို မည်သူမှမရိပ်မိ။

ဒီကြားထဲ လူလစ်လျှင်လစ်သလို မတည့်သည့် အစား အစာတွေ ခိုးစားတာလည်းပါသည်။ မာမီ့ လေဒီ့နားမှာ တညည်း ညည်း တညူညူနှင့် ဒက်ဒီ့ကိုချည်း အပြစ်တင်စကား တွင်တွင် ဆိုနေပုံကို နားထောင်ပြီး မာမီအလစ်မှာ တခစ်ခစ်ရယ်သည်။

ဒက်ဒီက လေဒီဆိုးနေတာကို သိပေမယ့် ဘာမှမပြောဘဲ ပြုံးပြုံးကြီးလုပ်နေသည်။ မာမီ့အလစ်ကျမှ လေဒီနားလာပြီး နဖူး ကို လက်သီးဖြင့် မနာအောင်ထုသည်။

“အဆိုးမလေး မတည့်တာတွေ တမင်ခိုးစားပြီး ဒက်ဒီ





ပေးထားတဲ့ဆေးတွေ မသောက်ဘဲ လွှင့်ပစ်တယ်မဟုတ်လား”

“ဒက်ဒီ့ဆေးက ခါးတယ်”

“အောင်မလေးဗျာ၊ ဆေးပဲ ချိုတယ်ရယ်ရှိသေးလို့လား၊ ဒက်ဒီ့သမီးအတွက် ဆေးကုမ္ပဏီကို ဆေးချိုချိုလေးထုတ်ပေးပါ လို့ ပြောရမလိုဖြစ်နေပြီ”

“ခစ် ခစ်”

လေဒီက ဒက်ဒီ့စကားကိုသဘောကျပြီး တခစ်ခစ်ရယ် တော့ ဒက်ဒီကပါ လေဒီနှင့်အတူ လိုက်ရယ်သည်။

“ဒီတစ်ခါတော့ ဒက်ဒီ့ရှေ့မှာပဲ ဆေးသောက်ရမယ်နော် သမီးလေး”

“ဟုတ်”

ပုတ်သင်ညိုမလေးရှုံးအောင် သမီးအလိမ္မာလေးလုပ်ကာ ဒက်ဒီ့ကို ခေါင်းညိတ်ပြလိုက်တော့ ဒက်ဒီက လေဒီ့စကားကို အဟုတ်ထင်သည်။ ဒက်ဒီရှေ့မှာပဲ လေဒီကို ဆေးတိုက်သည်။

လေဒီကလည်း ဒက်ဒီကိုယ်တိုင်တိုက်သည့် ဆေးကို သောက်ပါသည်။ တကယ်သောက်သည်ကဖြင့် မဟုတ်။ လျှာ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ဖွက်ထားပြီးမှ လူအလစ်မှ ထွေးထုတ်ပစ်ခြင်းသာ။ လေဒီကြောင့် လူကြီးတွေ စိတ်ညစ်ကြသည်။

လေဒီကတော့ ပျော်နေသည်။ မာမီက ကိုယ့်သမီးလေး ဒီတစ်ယောက်ရှိတာ အဖျားလေးမှ အမြစ်ပြတ်အောင်မကုတတ် ပါလားဟု ဒက်ဒီကို အပြစ်တင်သည်။ မာမီအလစ်မှာ ဒက်ဒီက လေဒီကို မျက်လုံးပြူးပြသည်။

"ခစ် ခစ်"

လေဒီဆိုးတာ ဒက်ဒီသိ၍ လေဒီက သဘောကျစွာ ရယ်သည်။ အတွေးဖြင့် လေဒီ မျက်နှာလေး ပြုံးချိုဝင်းပနေသည်။ ဘိုကီကို ဘောလုံးပစ်ပေးသည်။ ဘိုကီက ဂရုမစိုက်ဘဲ တခြား ကို လစ်ပြေးသည်။

"ဟေး ဘိုကီ လာခဲ့"

"လာခဲ့"

လေဒီ လှမ်းခေါ်ပေမယ့် ဘိုကီက သူ့သခင်မကို လှည့် ၍ပင်မကြည့်။ ပန်းခြံတွေကြား တိုးကာဇော့ကာ ပတ်ပြေးပြီး လိပ်ပြာတစ်ကောင်နောက်ကို စွတ်လိုက်သည်။





"ဟဲ့ ဘိုကီ လျှောက်ပြေးမနေနဲ့၊ မာမီ့ပန်းအိုးတွေ ကျကွဲ လိမ့်မယ်"

"ဟော ဟော"

"ဝုန်း"

"ခွမ်း"

"အမလေး"

ပြောနေတာကာမှ ကြာဦးမည်။

ဘိုကီ ဝုန်းခနဲ ခုန်တက်လိုက်သဖြင့် စင်ပေါ်မှာ အလှ တင်စိုက်ထားသည့် မာမီ့သစ်ပင်တချို့ ခွမ်းခနဲ လဲပြိုကျကွဲသံ ဆူညံသွားသည်။ ဘိုကီထံမှ အလန့်တကြားအော်သံ တဝုဝု တအီအိ ထွက်လာပြီး နေရာက လစ်ပြေးသည်။

"ဘိုကီ"

"ဘိုကီ"

လေဒီ လှမ်းခေါ်ပေမယ့် ဘိုကီက လှည့်မကြည့်။

"အား ကျွတ် ကျွတ်"

"ခြေထောက်ကို ထိသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုကီစုတ်"

ပန်းအိုးတွေ လိုက်ဖမ်းဖို့ကြိုးစားရင်း အရှိန်ပြင်းကျကွဲ သည့် ပန်းအိုးတစ်လုံးက လေဒီ့ခြေဖမိုးဖြူဖြူလေးပေါ် ဘုတ်ခနဲ ပြုတ်ကျ ပြီးမှ ကွဲသွားသည်။

ခြေထောက်ကို ချိန်ပြီးမှ ထုချလိုက်သလို ဖြစ်သွားတာ မို့ လေဒီ ခြေထောက်လေး အတော်အီစိမ့်သွားသည်။

"မာမီသိရင် ဆူတော့မှာပဲ"

ပန်းအိုးအကွဲတွေကြား ငုတ်တုတ်လေးထိုင်ပြီး စိတ်ညစ် နေတုန်း လေဒီ့ရှေ့ကို မားခနဲ ဘွားခနဲ ရောက်လာသော လူ တစ်ယောက်ကြောင့် လေဒီ လန့်သွားသည်။

"လေဒီ"

"ဦး ဦးမဏိယွပ်"

အထစ်ထစ် အငေါ့ငေါ့ဖြင့် လေဒီ သူ့အမည်ကိုခေါ် လိုက်ချိန် သူ လေဒီ့နားမှာ အသာထိုင်ချသည်။ နီးကပ်လွန်းသော အနေအထားကြောင့် ချိုအီမွှေးပျံ့သော ကိုယ်ရနံ့ဖျော့ဖျော့က လေ မျက်နှာကို တိုးဝှေ့ရိုက်ခတ်၏။





"ပြစမ်း၊ ခြေထောက်ကို ထိသွားသေးလား"

"အို ဟင့်အင်း"

ဖျတ်ခနဲ လေဒီ့ခြေထောက်ဖြူဖြူလေးကို ဆွဲကိုင်လိုက် ပုံက ရဲတင်းလွန်းတာမို့ လေဒီ သူ့လက်ကို သူမလက်လေးတွေနှင့် တွန်းထုတ်ဖယ်ရှားဖို့ ကြိုးစားမိသည်။

"ဖယ်ပါ၊ လေဒီ ဘာမှမဖြစ်ဘူး"

"အသားလေးတွေ နွေးနေတုန်းပါလားဗျာ၊ အဖျား မပျောက်သေးဘဲနဲ့ ဘာလို့ ခြံထဲဆင်းဆော့နေတာလဲကွာ"

"အာ ဖယ်ပါ"

သူ့လက်တွေကို တွန်းယူဖယ်ထုတ်ဖို့ ကြိုးစားနေသော လေဒီ့ လက်ဖဝါးနုနုလေးတွေကို မဏိယွပ်က တုံ့ပြန်ဆွဲယူလိုက် တော့ လေဒီ့မျက်နှာလေး နီရဲသွားကာ သူ့မလက်ကို ဖွတ်ရုန်း သည်။

"လွှတ်ပါ၊ လေဒီဘာသာ နေကောင်းလို့ ခြံထဲဆင်း နေတာ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ လေဒီ့ခွေးလေး ဘိုကီလုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



သွသခင်မ လှလှလေးမှာ ဒဏ်ရာရတာပေါ့၊ ပန်းအိုးတွေလည်း ကွဲကုန်ပြီ၊ ကဲ..ထ"

"လေဒီ့လက်ကို အရင်လွှတ်"

"ကိုယ် ဆွဲထူပါ့မယ်၊ လာ"

"အိုး"

ရုန်းဖယ်ဖို့ ကြိုးစားနေသည့်ကြားက မဏိယွှပ်က လေဒီ့ ကိုယ်လေးကို ပခုံးနှစ်ဖက်မှ မ ကာ ဖျတ်ခနဲ ဆွဲယူပွေ့ထူလိုက်တာမို့ လေဒီ့မျက်လုံးထဲ ပျာခနဲ ရှက်မွှန်ထူအမ်းသွား၏။ ဖြစ်ချင်တော့ လေဒီ ခြေကိုနင်းချပြီး မတ်မတ်အရပ်

"အ ကျွတ် ကျွတ်"

"အို"

ခြေထောက်က မျက်ခနဲနာသွားပြီး လူက ဟန်ချက်အပျက်မှာ မဏိယွှပ်ရင်ခွင်ထဲ လေဒီ ကိုယ်လုံးအိအိနွေးနွေးလေး ထွေးခနဲ ယိုင်ကျပါသည်။

"ခြေထောက်နာသွားပြီ မဟုတ်လား"

တိုးတိတ်နူးညံ့စွာ အပြစ်တင်သံနှင့်အတူ လေဒီ့ပါးပြင်





နုနု လည်တိုင်ဖြူဖြူကျော့မှာ မဏိယွှပ်ထံက ဝင်သက်ထွက်သက်လေက နီးကပ်စွာတိုးဝှေ့သွားသည်။ သေးကျဉ်းသော လေဒီ့ခါးလေးကို ထိကိုင်ထားသည့် သူ့လက်အစုံနှင့် ကျယ်ပြန့်နွေးထွေးသော ရင်ခွင်ထဲမှာ လေဒီ ရုတ်တရက် အငိုက်မိသွားပေမယ့် သတိနှင့် ချက်ချင်းဖယ်ရုန်းပစ်သည်။

"လေဒီကို လွှတ်ပါ"

"လွှတ်ရင် လဲသွားမှာပေါ့"

"ကိုယ့်ဘာသာ သတိထားလျှောက်ရင် ဘာမှမဖြစ်ဘူး၊ ဖယ်ပါ"

မဏိယွှပ်က ရှက်မွှန်သော မျက်နှာလှလှလေးကို ငုံ၍ ရှိုက်နမ်းပစ်လိုစိတ်ကို ထိန်းချုပ်မျိုသိပ်ပြီး လေဒီ့အလိုကျ သူမ ကိုယ်လေးကို အသာဖြေလွှတ်ပေးလိုက်သည်။

လေဒီက သူ့ကိုလှည့်မကြည့်ဘဲ နာနေသည့်ခြေထောက်လေးကို ဖွတ်အတင်းဖိနင်းလျက် အနာခံလျှောက်သည်။ သူနှင့်ဝေးရလျှင်ပြီးရောဟု သဘောထားသော လေဒီ့စိတ်ကို လှမ်းမြင်နေရသလို မဏိယွှပ် ကြည်မွေ့စွာပြုံးလျက် ချစ်သူလှလှလေးကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ပစ်သည်။

"လေဒီကို ကိုယ်ပွေ့ချီသွားမှထင်တယ်"

"အို မဟုတ်တာ၊ လေဒီ့အသားကို မထိပါနဲ့"

အလန့်တကြား ပန်းအိုးနောက်ကွယ်ကို ဗွတ်ခနဲဝင်ပြေး

ပုန်းလိုက်သော လေဒီကို ချစ်စနိုးကြည့်လျက် သူ ရယ်သည်။

"အဟွန်း ဟွန်း ဟွန်း၊ ကိုယ်က စတာပါဗျာ၊ တကယ်

ထင်ပြီး လေဒီ ကြောက်သွားတာမဟုတ်လား"

လေဒီက မဏိယွှပ်စကားကို မယုံသလို သူ့မျက်နှာကို

မသက်သာသည့် မျက်လုံးတွေနှင့် ကြည့်နေပုံက ရင်ခွင်ထဲထွေးပွေ့

ထားချင်စရာကောင်းအောင် လှနေသည်။

"လေဒီ သွားတော့မယ်"

"သွားလေ၊ ကိုယ်က လေဒီ့ညွှန့်သည်ပဲ၊ လေဒီသွားတဲ့

နောက် လိုက်ရမှာပေါ့ဗျာ"

"ဟင်"

လေဒီညွှန့်သည်ဆိုတာနှင့် လေဒီ့မျက်နှာလေး ငိုမဲ့မဲ့ဖြစ်

သွားသည်။





"လေဒီလည်း မခေါ်ဘဲနဲ့"

"ကိုယ်လာမယ်လို့ မဝေမီဆီမှာ ခွင့်တောင်းထားတာပဲ၊

လေဒီမခေါ်လည်း ကိုယ်က လာချင်နေတာ ဘယ်လိုလုပ်မလဲ"

ပြုံးနေသည့်မျက်နှာကို လေဒီ စိတ်ရှုပ်စွာ ပြန်ကြည့်

သည်။

"စိတ်ညစ်လိုက်တာနော်"

"ကိုယ်လာလို့ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

ခပ်တည်တည်လေး လေဒီ ဝန်ခံလိုက်တော့ မဏိယွှပ်

လေဒီ့မျက်နှာကို အပြုံးနုနုဖြင့် စိုက်ကြည့်သည်။

"ဒီတစ်ခါပဲ ဒါမျိုးကြားဖူးသေးတယ်"

"ဘာပြောတာလဲ"

"ဘာမှမပြောဘူး"

ပြုံးနေသည့် မဏိယွှပ်မျက်နှာချောချောကို ကြည့်ပြီး လေဒီ

မကျေနပ်ပါ။ ဒါကို မဏိယွှပ်ကလည်း သိပါသည်။

သူနှင့် သိက္ခာမ်းခင်မင်ရင်းနှီးကြသော မိန်းကလေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



က မဏိယွှပ်ဆိုသည့် သူ့အလာကို စောင့်ကြသည်။ မျှော်ကြ
သည်။ သူ့ကိုမြင်တာနှင့် လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆို
ကြသူများနှင့် ဆန့်ကျင်ဘက်၊ လေဒီဆိုသည့် မိန်းမလှလေးက
သူ့ကိုမြင်တာနှင့် စိတ်ညစ်ရပါသည်တဲ့။

ဟန်ဆောင်ပန်ဆောင် ပြောခြင်းကမဟုတ်။ တကယ်
စိတ်ရှုပ်နေသည့် အမူအရာလေးက ချောင်ပိတ်မိနေသော ယုန်
သူငယ်မလေးနှယ် ချောက်ချောက်ချားချား။ သူမအပေါ်မှာ အချိန်
မရွေး ကျလာသည့် အန္တရာယ်ကို တွေးကြောက်နေသည့်ဟန်။

"လေဒီရေ သမီးလေး"

မာမီ့အသံကြောင့် လေဒီ ဝမ်းသာသွားသည်။

"မာမီ လေဒီ ဒီမှာ"

"ညှိုးသည်ရောက်နေလားကွယ်၊ အုံ့ ပန်းအိုးတွေလည်း
ကွဲလို့ပါလား၊ ဘယ်လိုဖြစ်တာလဲ သမီးလေးရယ်"

"ဘိုကီလုပ်တာ မာမီ"

အိမ်ရှေ့မှာ ရပ်ထားသည့်ကားနှင့် သမီးငယ် လေဒီ
နားမှာ မားမားမတ်မတ်ရှိနေသည့် လူချောလေးကိုကြည့်ကာ





ဒေါ်ခင်ဝေစီ နားထဲမှာ သမီးကြီးဝေမီ စကားကို ပြေးသတိရ
လိုက်သည်။

"ကျွန်တော် မဏိယွှပ်ပါ အန်တီ"

"သမီးမိတ်ဆွေလားကွဲ့"

"ဟုတ်ကဲ့ခင်ဗျာ၊ လေဒီ နေမကောင်းဘူးဆိုလို့ လူမမာ
လာမေးတာပါ"

ဒေါ်ခင်ဝေစီက မဏိယွှပ်ဆိုသည့် လူငယ်လေး၏
ရည်မွန်ယဉ်ကျေးမှုနှင့် တည်ကြည်ခန့်ညားမှုကို သမီးကြီးအပြော
နှင့် သဘောကျပြီးဖြစ်ရာ ကိုယ်တိုင်ကြုံရသည့်အခါမှာလည်း
နှစ်သက်လက်ခံလိုက်ပါသည်။

"သမီးလေးက ညှိုးသည်လာမယ်ဆိုတာ ကြိုမပြော
ဘူးကွယ်၊ လာ မောင်မဏိယွှပ်၊ အိမ်ထဲမှာ အေးအေးဆေးဆေး
စကားပြောကြ၊ သမီးကိုယ်လေးက နွေးနေသေးလို့ အန်တီက
သမီးကို အပြင်ပေးမထွက်တာကို လစ်ခနဲဆို ပျောက်သွားတော့
တာပဲ၊ သမီးလေးလည်း လာ"

"လေဒီခြေထောက်မှာ ပန်းအိုးထိထားတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"အို ဟုတ်လား၊ မာမီ့ကိုပြစမ်းပါဦးကွယ်၊ သိပ်များသွားလား၊ လမ်းရော လျှောက်နိုင်ရဲ့လား"

ဒေါ်ခင်ဝေစီ ပျာယာခတ်သွားပြီး လေဒီ့ခြေထောက်လေးကို လျှင်မြန်စွာ စစ်ဆေးငုံ့ကြည့်သည်။

"အ နာတယ် မာမီ"

"ကျွန်တော်ပွေ့ခဲ့မယ် အန်တီ၊ လာ လေဒီ"

"အို မာမီ"

"အေး အေး၊ သားပဲ သမီးကို ပွေ့ခဲ့ပါကွယ်"

ပွေ့သည့်လူက လျှင်မြန်သည်။

ဘယ်သူမှ ဘာမှမပြောနိုင်ခင် လေဒီ့ကိုယ်လေးကို ဆွေ့ခနဲ မဏိယွှပ်က ချီပွေ့ပြီးသားဖြစ်နေတာမို့ လေဒီမှာ မာမီ့မျက်နှာကို အားကိုးတကြီး လှမ်းကြည့်ရုံသာ တတ်နိုင်ပါသည်။

ဒေါ်ခင်ဝေစီကိုယ်တိုင်လည်း သမီးအကြည့်ကိုမြင်ပေ မယ့် မဏိယွှပ်ဆိုသည့် လူငယ်လေး၏ သမီးအပေါ် ငဲ့ညှာပိုသာနေသည့် ချစ်မေတ္တာကြောင့် တမင်ပင် မသိဟန်ဆောင်လျက် ရှေ့ကအရင် ဦးဆောင်ထွက်လာခဲ့လိုက်ပါတော့သတည်း။

◆ ◆ ◆



အခန်း (၆)

"မာမီ"

"ဟင်"

"ပိုလူကြီးကို ဘာလို့ အိမ်ကိုအလည်လာဖို့ခေါ်နေရ
ာလဲလို့"

မဏိယွှပ် ပြန်သွားသည်နှင့် လေဒီ့ရင်ထဲက အောင့်အည်း
ားရသည့် မကျေနပ်စိတ်တွေကို မာမီ့ရှေ့မှာ ပေါက်ကွဲပါသည်။

"မောင်မဏိယွှပ်ကိုပြောတာလား သမီးရဲ့၊ သမီးတို့
ငယ်ချင်း ရင်းနှီးနေမှတော့ မာမီက အိမ်ကိုအလည်ခေါ်ရတာ
ပါ သမီးလေးရဲ့၊ အခုပဲကြည့်လေ၊ မာမီမခေါ်လည်း သူ့ဘာသာ
မ်လာနေတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် မာမီ့မျက်နှာက ဘာလိုလိုမို့ လေဒီ နှုတ်ခမ်းစူသွားသည်။

"လေဒီနဲ့ သူနဲ့ ဘယ်တုန်းကမှ မရင်းနှီးပါဘူး မာမီရဲ့၊ အိမ်ကိုအလည်လာပါလို့လည်း တစ်ခါမှမခေါ်ဖူးပါဘူး၊ သူ့ဘာသာ လေဒီ့အိမ်ကိုရောက် ရောက်လာလို့ အံ့နေတာ"

တကယ်လည်း လေဒီ အံ့ဩသည်။ သူ့ကိုလည်း လေဒီ အိမ်လိပ်စာမပြောဖူးဘဲနှင့် ဘယ်လိုစုံစမ်းပြီး အရောက်လာသည် မသိ။ ပြီးတော့ မာမီရှေ့မှာ လေဒီကို ပိုင်စိုးပိုင်နှင်း ပြုမူဆက်ဆံ ပြောဆိုတာကိုလည်းမုန်းမိသည်။

"ဘယ်လိုဖြစ်ဖြစ်ကွယ် အိမ်ကိုရောက်အောင်လာပြီဆို မှတော့ လူမှုရေးအရတော့ ခေါ်ရပြောရမှာပေါ့၊ ပြီးတော့ သမီး အတွက် ဝယ်ခြမ်းလာလိုက်တာလည်း စုံနေတာပဲ၊ ဒီမှာ သမီး အကြိုက် အရုပ်လက်ဆောင်က ပါသေးတယ်၊ ရော့"

"သူပေးတဲ့အရုပ်ကို မယူချင်ပါဘူး"

"ဖြစ်ရပြန်ပြီ မာမီ့သမီးကတော့၊ အဟင်း ဟင်း ဟင်း"

မာမီက လေဒီ့ဦးခေါင်းက ဆံပင်လေးတွေကို ချစ်စနိုး





ဆွဲဖွပြီး မဏိပ္ပယ် ဝယ်လာသည့် ဝက်ဝံရုပ်လှလှကြီးကို လေဒီ့ ရင်ခွင်ထဲ လာထည့်သည်။

"မာမီ့သမီးကတော့ တကယ့်ကလေးလေးပဲကွယ်၊ ဇာလီ တို့နဲ့များတော့ တခြားစီပဲ"

ဇာလီဆိုတာနှင့် လေဒီ့ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ မဏိပ္ပယ်ဆိုတဲ့လူကြီးကို ဇာလီ့လူလို့ ပြောလိုက်ရမလားဟု စဉ်းစား ကြည့်လိုက်မိသေးသည်။ မာမီကတော့ ဘယ်သူ့လူပဲဖြစ်ဖြစ် ဂရုစိုက်မှာလည်းမဟုတ်။ စိတ်လည်းဝင်စားမည် မထင်။

"တူ တူ တူ"

"သမီးဖုန်းက မြည်နေတာမဟုတ်လား၊ ကိုင်လိုက်ဦး လေ"

မာမီပြောပေမယ့် လေဒီက သူမဖုန်းလေးကို မကိုင်။

"လေဒီတော့ အဲဒီလူကြီးကို နည်းနည်းမှမကျေနပ်ဘူး မာမီ"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အိုး မာမီ့ရှေ့မှာ လေဒီ့ကို ပွေ့လားချီလားလုပ်တာကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့"

"သမီးက ခြေနာနေတာကိုး၊ လမ်းမလျှောက်နိုင်တဲ့လူကို ဒီလိုပဲ ပွေ့ရချီရတာပေါ့၊ ဒါတောင် မောင်မဏိယွှပ်ရှိနေလို့၊ မာမီ သာဆို သမီးကိုယ်ကို ပွေ့နိုင်ချီနိုင်မှကိုမဟုတ်ဘူး"

"မာမီပဲ သူ့ကို ကြဲဖန်ပြီးကျေးဇူးတင်နေ သိလား"

"သြော်ကွယ်၊ အဖြစ်မှန်ကိုပြောတာပဲ၊ စိတ်ကဆိုးရ သေးတယ်"

"တူ တူ တူ"

"ဖုန်းကိုင်လိုက်ဦးလေ သမီးရဲ့"

လေဒီက မာမီကိုပါ ဟိုလူကြီးနှင့်အတူရောပြီး စိတ် ကောက်နေတာနှင့် ဖုန်းမကိုင်။ သမီးဖြစ်သူအကြောင်း သိနေသည့် မာမီကပဲ ရယ်ရယ်မောမောနှင့် လေဒီ့ဖုန်းလေးကို ကောက်ကိုင် သည်။

"ဟဲလို"

"အန်တီလားခင်ဗျာ၊ ကျွန်တော် မဏိယွှပ်ပါ"

"သြော် မောင်မဏိယွှပ်၊ လေဒီနဲ့ ဖုန်းပြောမလို့လား





ကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ခဏကိုင်ထားကွယ်၊ သမီးက အန်တီ့ကိုပါ စိတ် ကောက်ပြီး ဖုန်းမကိုင်ဘဲပစ်ထားလို့ သူ့ဖုန်းကိုအန်တီက ဝင်ကိုင် ပေးနေရတာလေ၊ ရော့ သမီးလေး မောင်မဏိယွှပ်တဲ့၊ ဖုန်းပြော လိုက်ဦး"

"မာမီကလည်း"

လေဒီလက်ထဲ ဖုန်းပြောရောက်လာတာမို့ ငြင်းရခက် သွားကာ ဖုန်းကိုယူလိုက်ရ၏။

"ဟဲလို"

"ကိုယ်ပါ ချာတိတ်ရဲ့၊ အန်တီကို စိတ်ကောက်နေတယ် ဆို"

ရင်းနှီးနွေးထွေးသော လေသံက နူးညံ့ခြင်းတွေနှင့် ရောရောထွေးထွေးရှိပါလျက် လေဒီစိတ်ထဲမှာ ဘာကိုမှန်းမသိ သဘောမကျ။

"မာမီကို စိတ်ကောက်တာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အန်တီကို စိတ်မကောင်းဘူးဆိုတော့ ကိုယ့်ကိုများ စိတ်ကောက်တာလားဗျာ”

“ဒါတော့ ကိုယ့်ဘာသာ စဉ်းစားကြည့်ပေါ့”

“လေဒီ စိတ်ဆိုးအောင် ကိုယ်လည်း ဘာမှမလုပ်မိပါလားဗျာ”

“လေဒီ့အိမ်ကို ဘယ်သူကဖိတ်လို့လာတာလဲ၊ ပြီးတော့ လူကိုလည်း”

ဖွတ်အတင်းပွေ့ချီတာကို မကျေနပ်ကြောင်း ဆက်ပြောရန် နှုတ်တွန့်နေ၏။

“ဘာဖြစ်လဲ၊ ဆက်ပြောလေ”

မဏိယွပ်က လေဒီ ရှေ့မဆက်သော စကားကို ကြားချင်သည်။ မကျေမနပ် ရန်တွေ့သံလေးက ရှက်ရွံ့တုံ့နှေးစွာ ရပ်တန့် တိုးတိတ်သွားဟန်ကို မြတ်နိုးသဘောကျစွာ သူ ဆက်မေးရင်း လှပသည့်မျက်နှာလေး မှုန်တည်နေမှာကို စိတ်ကူးဖြင့် လှမ်းမြင်ယောင်ကာ နှုတ်ခမ်းအစုံ ပြုံးမိန့်သွား၏။

“မာမီ့ရှေ့မှာမို့ မပြောတာ၊ နောက် ဘယ်တော့မှ လေဒီ့





အိမ်ကို မလာပါနဲ့”

“လေဒီ့ဆီကို မလာဘူးလေ၊ အန်တီ့ဆီကိုပဲ လာမယ်”

“မာမီ့ဆီကိုလည်း မလာနဲ့”

“ဩော် ခက်နေပါလား၊ ကိုင်း ဒါဖြင့် ဘယ်သူ့ဆီ လာတယ်လို့ ပြောရမှာလဲ”

“ဘယ်သူ့ဆီမှ မလာတာ အကောင်းဆုံးပဲ”

“ရက်စက်လှချည်လားဗျာ၊ အဟွန်း ဟွန်း ဟွန်း”

တိုးတိုးသာသာ ရယ်မောသံထဲမှာ စိတ်ပျက်သံမပါသလို ဒေါသသံလည်းမပါ။ နူးညံ့ညင်သာခြင်းတွေနှင့် ကြည်မွေ့ချိုမြိန်စွာ လေဒီကို ကလေးပေါက်စလေးတစ်ယောက်အား ချစ်စနိုးပြောနေသလိုမျိုး ဖြစ်နေတာကိုပဲ လေဒီ မုန်းပါသည်။

“တော်ပြီ၊ လေဒီ ဖုန်းချလိုက်ပြီ”

“ဟေး နေဦး”

လေဒီက သူ့စကားနားမထောင်ဘဲ ဖုန်းကို တကယ်ချပစ်တာမို့ မဏိယွပ် ကြည်သာရွှင်ပျစွာ ချစ်စနိုးရယ်လိုက်သည်။

အခုမှ တကယ့်ကိုခက်နေပါရောလား။ အားလုံးက အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်လည်း ခံရန်သာရှိသည်။ လေဒီလို ချစ်မှုရေးရာ ဘာဘာ ညာညာ တစ်ခုမှစိတ်မဝင်စားသည့် ကလေးမလေးကိုမှ သူ့နှလုံး သားက ရွေးပြီးချစ်မိနေသည်။

ချစ်စရာ မြတ်နိုးစရာ ဤကလေးမလေးကို မဏိယွှပ် ဘယ်လိုနည်းသုံးပြီး ပိုးပန်းရမှန်းမသိ ဖြစ်နေ၏။

ချစ်မိပြီ လေဒီရယ်။

ကိုယ့်ကိုယ်ကို တကယ့်လူပျိုပေါက်လေးတစ်ယောက်လို ရင်ခုန်နေတာကို တိတ်တခိုးပြုံးမိသည်။

အချစ်ဆိုတာ ဒါပဲလား။

မစားနဲ့ဆိုမှ စားချင်သည်။

မသွားနဲ့ဆိုမှ သွားချင်သည်။

ဟော အခုကတည်းက သူ့ကိုမြင်တိုင်း မကြည်မသာ မျက်နှာလှလှလေးနှင့် စိတ်ရှုပ်စိတ်ညစ်နေသော ချစ်သူလှလှလေး ကိုမှ မဏိယွှပ်က ချစ်နေသည်။

သူ့ရင်ခွင်မှာ အကြိမ်ကြိမ်ပိုက်ထွေးခဲ့ဖူးသူ၏ နူးညံ့ ထွေးသော အတွေ့ကို သူ မမေ့။ လေဒီ သူ့ကိုမကြည်မှန်းသိ





နှင့်ပင် သူမမျက်နှာလှလှလေးကို တွေ့ချင်မြင်ချင်လာသည်။

အသံသာသာလေးကို ကြားချင်နေသည်။ လေဒီက မလာ ပါနှင့်ဟု ပြောထားသည့်ကြားက လေဒီ့အိမ်ကို ရောက်ဖြစ်အောင် ရောက်သွား၏။

"လေဒီရေ ဒီမှာ မမညွှသည် ရောက်နေတယ်၊ ဆင်း ခဲ့ပါဦးကွယ်"

"လာပြီ ဒေါ်စိန်"

အိမ်ပေါ်ထပ်က လေဒီ အပြေးတစ်ပိုင်းနှင့် ဆင်းလာခဲ့ သည်။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ပိုးကြူနှင့် ဖုန်းအပြော က မပျက်။ အိမ်မှာက အိမ်ဖော်တွေနှင့် လေဒီကလွဲပြီး ဘယ်သူ မှမရှိတာမို့ အရေးအကြောင်း ညွှသည်ဟော့ဆိုရင် လေဒီပဲ ဆင်း တွေ့ရသည်။

"အေးပါ၊ ဟုတ်ပါတယ်ဆို၊ ဓာလီလူကြီးကို မုန်းငွှန်း လို့ပါဆိုမှ၊ နောက်မှ ဖုန်းပြန်ဆက်မယ်နော်၊ အောက်ထပ်မှာ မာမီ့ညွှသည်ရောက်နေလို့၊ ဒါပဲနော်"

ဖုန်းကို ပိတ်သိမ်းလိုက်ချိန်မှာ လေဒီကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ဧည့်ခန်းရှိရာ ရောက်လာသည်။ မာမီ့ဧည့်သည်ဆိုသူက ဧည့်ခန်းထဲမှာမရှိ။

"ဒေါ်စိန် မာမီ့ဧည့်သည်ဆိုတာရော"

"ခြံထဲဆင်းသွားတယ် ထင်ပါရဲ့ကွယ်၊ စောစောကတော့ ပန်းပင်တွေ သိပ်စုံတာပဲလို့ ပြောနေသံကြားတယ်"

ဒေါ်စိန်က အိမ်ရှေ့ထွက်လာခြင်းမရှိဘဲ နောက်ဖေးမီးဖိုဆောင်က လှမ်းပြောနေခြင်းဖြစ်သည်။ ဒီလိုပဲ အိမ်လာသည့်ဧည့်သည်တွေက မာမီလက်ရာ ပန်းအမျိုးအစား စုံလင်သည့် ဥယျာဉ်လှလှနှင့် သစ်ခွအိမ်ကို သဘောကျသူတွေ၊ စိတ်ဝင်စားသူတွေချည်းဖြစ်သည်။

"အိမ်မှာ မာမီမရှိဘူး၊ ဆိုင်ကိုလိုက်သွားလို့ ပြောလိုက်တာမဟုတ်ဘူး ဒေါ်စိန်ကလည်း"

"ပြောပါတယ်ကွယ်၊ မမ မရှိဘူးဆိုတော့ ရှိတဲ့လူခေါ်ပေးပါဆိုလို့"

ဒေါ်စိန်နှင့်ဆက်ပြောလည်း မထူးသည့်အတူ လေဒီပဲ ခြံထဲကိုဆင်းခဲ့သည်။





"ဟင် ဒီကားကြီးက ဟိုလူကြီးကား မဟုတ်လား"

လှမ်းလက်စ ခြေလှမ်းလေးတွေ နေရာမှာရပ်ပြီး လေဒီမှတ်မိနေသည့် ဦးမဏိယွှပ်ကားကြီးကြောင့် ရင်တွေတဒိတ်ဒိတ်ခုန်သွားသည်။

ပြောတော့ မာမီ့ဧည့်သည်တဲ့။

တကယ်ရောက်လာတဲ့သူက မာမီ့ဧည့်သည်မဟုတ်။

ဦးမဏိယွှပ် ဖြစ်နေသည်။

အိမ်ပေါ်ပဲ ပြန်တက်ပြေးရနိုး၊ ဦးမဏိယွှပ် ရှိနေသည့် ခြံထဲကိုပဲ ဆက်သွားရနိုးနှင့် လေဒီဘာသာ ဝေခွဲမရဖြစ်နေတုန်း သစ်ခွအိမ်လေးထဲမှာ အေးဆေးစွာရပ်နေသည့် ဦးမဏိယွှပ်ကို လှမ်းမြင်လိုက်ရ၏။

အိမ်ကိုမလာပါနဲ့လို့ လေဒီကိုယ်တိုင် ပြောထားသည့်ကြားက ရောက်အောင်လာသည့် လူကြီးကို လေဒီ မုန်းပါသည်။

"လေဒီ"

မဏိယွှပ်က သူ့ကားနားမှာရပ်ပြီး သူရှိရာ လှမ်းကြည့်နေသည့် လေဒီကို တွေ့မြင်သွားဟန်ဖြင့် လေဒီရှိရာလျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အိမ်မှာ လေဒီတစ်ယောက်တည်းလား"

သူမေးတာကို လေဒီ မဖြေပါ။

"မာမီ့ကိုတွေ့ချင်ရင် ဆိုင်ကိုလိုက်သွားပါ"

"အန်တီ့ကိုတွေ့ချင်တယ်လို့ ကိုယ်လည်းမပြောရပါလား ဗျာ"

"ဒါဖြင့် ဘာကိစ္စလဲ ပြောပါ"

လေဒီစကားကို သဘောကျစွာ သူရယ်တော့ လေ... သူ့ကို ပိုမုန်းပါသည်။

"လေသံကလည်း မာလှချည့်လား အဒေါ်ကြီးရဲ့၊ ကိ... ရှိမှ လေဒီ့ဆီကိုလာရမှာလားဗျာ၊ ကိစ္စမရှိရင် မလာရတော့ဘူး... ဟုတ်လား"

"ခင်ဗျားကို လေဒီ့ဆီ မလာနဲ့လို့ပြောထားသားပဲ"

"ကိုယ်မှမနေနိုင်ဘဲ"

"ဟင်"

"လေဒီ သိလား၊ ကိုယ့်ကိုအသည်းပေးပြီး ထွက်...

ဝိုး:ဝိုး၊၁၀၇၆ပ



သွားတဲ့ ကောင်မလေးကို ကိုယ် နေ့တိုင်းသတိရနေတယ်"

"အို အဲဒါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်လို့ ကြိုးစားနေတာလေ၊ အဲဒီညကတည်းက လေဒီဆိုတဲ့ မိန်းမလှလေးက သူ့အလှတွေနဲ့ ကိုယ့်ကို ညှို့ငင်ဖမ်းစားသွားတာ မဟုတ်လား"

"ဟာ မဟုတ်တာတွေ မပြောနဲ့နော်၊ လေဒီ ဘယ်သူ့ကိုမှ ဘာမှမလုပ်ဘူး"

မျက်နှာနီနီလေးနှင့် အကြောက်အကန် အလန့်တကြား ငြင်းဆန်နေပုံလေးကို မြတ်နိုးစွာ သူ ငေးကြည့်သည်။ ရိုးသားဖြူစင်လွန်းသည့် လေဒီကို ချစ်သည်။ လေဒီမှာ ဘာကာလာမှမရှိ။

ပကတိ အရိုးခံ စိတ်နေသဘောထားကအစ တကယ့်ကို ဖြူစင်သန့်ရှင်းလွန်း၍ပဲ ပိုမြတ်နိုးရသည်။ နှစ်သက်စွဲလမ်းရသည်။

"ကိုယ် မယုံဘူး"

"ရှင်"

ပြုံးနေသည့် မဏိပုလ္လပ်မျက်နှာကို အလန့်တကြား မော့...

ဝိုး:ဝိုး၊၁၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ စိုက်ညို့နေသည့် မျက်ဝန်းအကြည့်တွေနှင့်အခုံမှာ လေဒီ့ရင်တွေ တဒုတ်ဒုတ်မြည်ကုန်သည်။

"လေဒီ ကိုယ့်ကို ဘာမှမလုပ်ဘူးဆိုတာကိုလေ၊ လေဒီ့ကြောင့် ကိုယ်ချစ်တတ်သွားပြီ"

"ဟာ"

"လေဒီ့ကို ကိုယ်ချစ်တယ်"

"ခင်ဗျား ခင်ဗျား လေဒီ့ကို ဘာတွေလျှောက်ပြောနေတာလဲ"

"အမှန်တွေပြောနေတာလေ"

"အို"

သူ့မျက်နှာချောချောဆီကို လေဒီ မကြည့်ရဲတော့ပါ။

"ခင်ဗျားဘာသာ နေခဲ့တော့၊ လေဒီ သွားတော့မယ်"

"ဒါက ဘယ်လဲ"

"အိုး လေဒီလက်ကို လွှတ်ပါ"

"လွှတ်ဆိုနော်"

နေရာက ထွက်ပြေးရန် ခြေလှမ်းပြင်နေသော လေ





လက်လေးတစ်ဖက်ကို မဏိယွှပ် ဖျတ်ခနဲဆွဲယူလိုက်သဖြင့် လေဒီ ရှက်လန့်စွာ မျက်နှာလေး ရဲရဲနီသွားသည်။

လေဒီက သူ့မလက်လေးကို မဏိယွှပ်လက်ထဲက ရုန်းထွက်သည်။ မဏိယွှပ်က မလွှတ်။

"လေဒီလက်ကို လွှတ်ဆို"

"ကတိပေးရင် လွှတ်မယ်"

"ဘာကတိလဲ"

"ကိုယ့်အချစ်ကို လက်ခံစဉ်းစားပေးပါမယ်ဆိုတဲ့ ကတိ"

"ဟာ အဲဒါတော့မဖြစ်ဘူး၊ လေဒီ ကျောင်းပြီးအောင် တက်ဦးမှာ၊ ကျောင်းမပြီးမချင်း အဲဒီကိစ္စတွေ ဘာတစ်ခုမှမစဉ်းစားဘူး"

"အဲဒါ အရင်တုန်းကပဲ၊ အခု လေဒီ့နားမှာ ကိုယ်ရှိနေပြီလေ"

သူ့မျက်နှာကို အလန့်တကြား မော့ကြည့်သည်။

"မဟုတ်တာ"

"ဟုတ်လိုက်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ့လက်ကိုလွှတ်"

"ကတိပေးပြီးပြီလို့ သတ်မှတ်လိုက်ပြီနော်"

"မဖြစ်နိုင်တာမပြောနဲ့နော်"

"ဖြစ်နိုင်တာ လေဒီ မသိလို့ပါဗျာ၊ လက်ထပ်ပြီးမှ ကျောင်းဆက်တက်ချင်တယ်ဆိုလည်း ကိုယ်က ခွင့်ပြုမှာပါ"

"ဟာ"

တွတ်တွတ်ရဲသွားသော လေဒီ ရှက်မွှန်သွားဟန်ကို အချစ်တို့ဖြင့် နူးညံ့ပျော်ဝင်နေသော နှလုံးသားဖြင့် လှိုက်လှဲမြတ်နိုးစွာ စိုက်ငေးကြည့်ရင်း စိတ်မထိန်းနိုင်စွာ လေဒီ လက်လေးကို ဆွဲယူရှိုက်နမ်းမိသည်။

"အို"

"ချစ်တယ် လေဒီရယ်၊ လေဒီ့နားမှာ ကိုယ် အမြဲရှိနေမယ်ဆိုတာ အမြဲသတိရနေရမယ် သိလား"

နှုတ်ဆွံ့အနေသူတစ်ယောက်လို လေဒီ သူ့ကို ဘာမှမပြောနိုင်။ ဆတ်ခနဲ လေဒီ လက်ကလေးကိုရုန်းယူပြီး ချာခနဲလှည့်အပြေးမှာ ချစ်စနိုးရယ်မောလိုက်သော မဏိယွှပ်ရယ်သံတိုးတိုးက





လေဒီနှင့်အပြိုင် အတူလိုက်ပါလာသည်။

"လေဒီ ကိုယ့်စကားကိုမှတ်ထားနော်"

နောက်ပါးမှ ပျံ့လွင့်လာသော အသံရှင်ကို လေဒီ ၎ှ၊ ...ိုက်ဘဲ သူမအိပ်ခန်းလေးထဲ ပြေးဝင်ကာ အခန်းတံခါးကို ပိတ် ...ိုက်သည်။

ကားစက်သံသဲ့သဲ့ကို ကြားရသည်။ တဒိတ်ဒိတ်ခုန်နေ ...သာ ရင်ဘတ်ကို လက်နှင့်ဖိရင်း ဘယ်တော့မှ လေဒီ့ဆီကို သူ ...န်မလာပါစေနှင့်ဟု ဆုတောင်းမိသည်။ သူ ရှိုက်နမ်းသွားသည့် ...ဒီ့လက်ဖြူဖြူနုနုလေးကို ရှက်အမ်းအမ်းငုံ့ကြည့်ရင်း ဖျတ်ခနဲ ...မလက်လေးကို နောက်ကျောမှာဝှက်ကွယ်လိုက်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"လေဒီရေ ပြီးပြီလားဟေ့"

"လာပြီ မမဝေမီ"

မိုးပြာရောင် ဖျော့ဖျော့နုနု ဝတ်စုံလေးဖြင့် အပေါ်ထပ်လှေကားအတိုင်း လေဒီ ပြေးဆင်းလာပုံကို ဝေမီ ငေးကြည့်နေသည်။

လေဒီက အပြစ်ဆိုစရာမရှိအောင် ဖွးဖွးစင်စင် နုနုဖပ်ဖပ်လေး စိုဝင်းလှပနေပုံက မြင်သူတိုင်း ချစ်ချင်စရာဖြစ်သည်။ ဤအလှအပများကို ဝေမီတို့ သတိထားမိသလို တခြား သတိထားမိသူတစ်ယောက်လည်းရှိနေသည်။

ထိုသူက တခြားသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လေဒီကြောက်၍ အိမ်မှာပင်မနေရဲဘဲ ဝေမီရှိရာ ထွက်ပြေးပုန်းရှောင်နေသည့် မဏိယွှပ်ဆိုသည့် ကိုလူချော ဖြစ်သည်။

မာမီက ဝေမီဆီကို သူ့သမီးငယ်ထွေးလေး လေဒီနှင့် မဏိယွှပ်တို့ ဖြစ်ပျက်ပုံအလုံးစုံကို ဖုန်းဆက်ပြီး သတင်းပေးသည်။

"မာမီတို့အမြင်မှာတော့ သမီးလေး လေဒီက နို့နံ့မစင်သေးတဲ့ ကလေးပေါက်စလေးပေါ့ကွယ်၊ လေဒီကိုယ်တိုင်ကလည်း တကယ့်ကလေးလေးလိုနေတာ မာမီတို့လည်း သိမြင်နေတာပဲ သမီးကြီးရယ်၊ အခုတော့ သမီးလေး လေဒီကို မောင်မဏိယွှပ်ဆိုတဲ့ လူငယ်လေးက မေတ္တာရှိနေပုံရတယ်"

"လေဒီသဘောကရော မာမီ"

"မေးမနေနဲ့ သမီးကြီးရေ၊ အခုပဲ အထုပ်အပိုးပြင်ပြီး သမီးကြီးအိမ် ရောက်လာလိမ့်မယ်"

"ဘာဖြစ်လို့လဲ မာမီရဲ့"

"မာမီလည်း သေချာမသိပါဘူးကွယ်၊ ဟိုတစ်နေ့က မာမီတို့လူကြီးတွေ အိမ်မှာမရှိတုန်း မောင်မဏိယွှပ် လာတယ်လို့ ဒေါ်စိန် ပြောတာပဲ၊ သူတို့ချင်း ဘာဖြစ်ကြတယ်မသိပါဘူး၊ မာမီ





အိမ်ပြန်ရောက်တော့ သမီးကြီးဆီ ခဏသွားနေမယ်ပြောတာပဲ"

"မာမီ ဘာပြောလိုက်လဲ"

"ခွင့်ပြုရတာပေါ့ကွယ်၊ သမီးလေးကြည့်ရတာ မောင်မဏိယွှပ်ကို ရှောင်နေချင်ပုံရတယ်"

"သူရှောင်နေတော့ရော ဟိုက ဒီအတိုင်း ငြိမ်ပြီး လက်ပိုက်ကြည့်နေပါ့မလား မာမီ"

"ပြောတတ်ပါဘူး သမီးကြီးရယ်၊ သူတို့ လူငယ်ရေးရာကိစ္စတွေထဲ မာမီလည်း မပါချင်ပါဘူး၊ သမီးကြီးလည်း ကလေးစိတ်ညစ်အောင် ဘာမှမေးမနေပဲ သူပျော်အောင်သာ ထားလိုက်ပါတ်လား"

"ဟုတ်ကဲ့ပါ မာမီ"

ဤနည်းဖြင့် လေဒီတစ်ယောက် ဝေမီအိမ် ရောက်လာသည်။ မာမီက ဘာမှမမေးနှင့်ဆို၍ လေဒီကို ဘာတစ်ခုမှ မမေးပါ။ လေဒီကတော့ သူထုံးစံအတိုင်း ဝေမီအိမ်ရောက်တာနှင့် တူ၊ တူမပေါက်စတွေနှင့် လုံးထွေးပြီး တခိခိပျော်နေသည်။

ဒီနေ့တော့ ညီမနှစ်ယောက် ဈေးဝယ်အတူထွက်ကြမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝေမီ ဈေးဝယ်ချင်၍မဟုတ်။ ညီမလေဒီအတွက် ဈေးဝယ်ထွက်ပေးခြင်းဖြစ်သည်။ သားနှင့်သမီးပါ ဝေမီနှင့်အတူ လိုက်လာသည်။

လေဒီက ကလေးတွေနှင့် ကားပေါ်မှာ ပျော်နေသည်။ ဘေးပတ်ဝန်းကျင်ကို စိတ်မဝင်စား။ သူတို့ညီမကားနောက်မှ တခြားကားတစ်စီး နောက်ယောင်ခံလိုက်လာတာကိုလည်း မသိ။ စင်တာရှေ့မှာ ကားရပ်တာနှင့် ဖိုးသားလက်ကိုဆွဲပြီး လေဒီ ကားပေါ်က ဆင်းတော့ မီးမီးက သူ့ကိုပါခေါ်ဖို့ လေဒီကို အော်သည်။

"တီလေး...မီးကိုခေါ်ပါ"

"မီးကို ခေါ်ပါ"

"ကဲ..ကဲ..လာ"

မမဝေမီ ကားပါကင်ရှိရာ ကားကို မောင်းသွားချိန်မှာ လေဒီနှင့် ကလေးနှစ်ယောက် စင်တာထဲ ဝင်နှင့်ကြသည်။ ကလေးတွေက သူတို့ ကစားရတော့မှာကိုသိ၍ ခုန်ပေါက်ပျော်နေသည်။ သမီးက အဆိုးဆုံးဖြစ်သည်။

လေဒီလက်နှစ်ဖက်ကို ဆွဲပြီး ခြေထောက်နှစ်ဖက်ကို စုံခုန်





သည်။ မြူးကြွသည့် တေးသီချင်းသံအလိုက် ကသည်။ လေဒီမှာ မီးလေးလက်ကို မနည်းဆွဲထားရသည်။

"မီးလေးနော် တော်တော်ကဲနေ၊ တီလေးစကား နားမထောင်ရင် နောက်မခေါ်ဘူးသိလား"

"ခစ် ခစ်"

လေဒီကို ကလေးမပေါက်စလေးက မကြောက်။ တခစ်ခစ်ပင် ရယ်လိုက်သေးသည်။

တူဝရီးသုံးယောက် ဝရုန်းသုန်းကားနှင့်ပင် ကစားကွင်းရှိရာ ချီတက်သွားကြသည်။

"မဝေမီ"

"ဩော် ကိုမဏိယွပ်"

မထင်မှတ်ပဲ ဘွားခနဲ မဏိယွပ်ကို တွေ့လိုက်ရ၍ ဝေမီအံ့ဩမိပေမယ့် စိတ်တစ်ဝက်ကလည်း လေဒီရှိရာကို လိုက်လာမှန်း သိလိုက်၏။

"ကျွန်တော်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ပြောချင်တာလဲ ကိုမဏိယွှပ်၊ လေဒီနဲ့ ကလေးတွေ ပါလာတာ အရင်သွားခေါ်ကြမလား"

လေဒီဆိုသည့် ချစ်သူအမည်ကို ကြားတာနှင့် မဏိယွှပ် ပြုံးသည်။ ကလေးငယ်နှစ်ယောက်လက်ကိုဆွဲပြီး စင်တာထဲ ဝင်သွားသော လေဒီကို သူမြင်ပါသည်။ တွေ့လည်း တွေ့ပြီးပါပြီ။

ချစ်မြတ်နိုးသော မျက်လုံးလက်လက်တွေနှင့် တိတ်တခိုး ငေးမောစူးစိုက်ကြည့်နေရုံမှတစ်ပါး ချစ်သူလေးနောက်ကို မဏိယွှပ် လိုက်မသွားပါ။

သူ့ကို မမြင်လို မတွေ့လို၍ ရှောင်ပုန်းနေမှန်းသိ၍ မချင့်မရဲ နှင့် အသည်းယားစွာ လေဒီကို ဘယ်မှထွက်မပြေးနိုင်အောင် သူ့ရင်ခွင်ထဲ ကျုံးပွေ့ထားချင်တာ သူပဲ သိပါသည်။

"နေပါစေဗျာ၊ ကျွန်တော် မဝေမီကိုပဲ အရင်ပြောချင် တာပါ"

"ဒါဖြင့်လည်း လာလေ၊ ဟိုမှာ ကော်ဖီဆိုင်ရှိတယ်၊ အဲဒီနေရာလေးမှာပဲ ပြောကြတာပေါ့"

ဝေမီကပဲ မဏိယွှပ်ကို ဦးဆောင်ခေါ်လာခဲ့သည်။ ဖြူစင်





ကြည်လင် ဝင်းမွတ်နေသည့် အသားအရေ၊ ယောကျ်ားပီသ၍ တည်ကြည်ခန့်ညားသော ဥပဓိရုပ်က ချောမောမှုအပြည့်၊ ဝေမီလည်း မဏိယွှပ်အကြောင်း ယိသင့်သလောက်သိပြီးပါပြီ။

ညီမဖြစ်သူ လေဒီနှင့်ဆိုလျှင် လိုက်ဖက်သော ချစ်သူစုံတွဲ လေးအဖြစ် ငြင်းပယ်စရာမရှိ။ လက်ခံသင့်သော လူတစ်ယောက် အဖြစ် အသိအမှတ်ပြုပါသော်လည်း ကာယကံရှင် လေဒီသဘောက ရှိသေးသည်။

ကော်ဖီဆိုင်လေးမှာ စကားတွေ ဟိုရောက်ဒီရောက် ပြောရင်း မဏိယွှပ်မှာ မိဘနှစ်ပါးစလုံးမရှိတော့တာ၊ ဆွေမျိုး တွေအားလုံး နိုင်ငံခြားမှာသာနေကြ၍ သူ့ဘာစ်ယောက်တည်း လူယုံ လည်းဖြစ် ဦးလေးလည်း တော်စပ်သော ဦးဖြိုးဆိုသည့် အဘိုးကြီး၊ ထမင်းချက်တစ်ယောက်၊ တပည့်မောင်တူးဆိုသည့် ချာတိတ် တစ်ယောက်နှင့် နေတာကအစ သိခွင့်ရလာသ ည်။

မဏိယွှပ်ပိုင် မိုးကုမ္ပဏီက အောင်မြင်ကျ ်ပြန့်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်မှန်း ဝေမီသိသလို လေဒီက မသိ။ သိလည်း စိတ်ဝင်စားမည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မျက်နှာ နောက်ထားပြီး အားနာနာနဲ့ပဲ ကိုယ့်ရင်ထဲက ခံစားချက်များကို မဝေမီကိုပဲ ပြောပါရစေလားဗျာ"

"ပြောပါ ကိုမဏိယွှပ်"

"ဒီလိုပါ လူကြီးမိဘတွေ သဘောတူမယ်ဆိုရင် ကျွန်တော် လေဒီကို မဝေမီမိဘတွေ စိတ်တိုင်းကျ တောင်းရမ်းလက်ထပ်ပါရစေလားဗျာ"

"ဒီစကားကို မဝေမီကတစ်ဆင့် မိဘတွေကို ပြောကြားကမ်းလှမ်းပေးပါလို့ အကူအညီ တောင်းချင်တာပါ၊ အခုလောလောဆယ် မဝေမီသဘောကိုရော ကျွန်တော် သိခွင့်ရမလား"

မဏိယွှပ်မျက်နှာချောချောပေါ်မှာ အနေရခက် အားနာသော စိုးရွံ့မှုကို မြင်ရသည်။ ဝေမီကတစ်ဆင့် ညီမငယ် လေဒီကို လူကြီးမိဘအလိုကျ တောင်းရမ်းလက်ထပ်ဖို့ နားဖောက်ကမ်းလှမ်းသူ၏ ဖြူသောမျက်နှာက နီမြန်းနေပုံကို ဝေမီ ရယ်ချင်ပေမယ့် မရယ်ပါ။

"ဝေမီ့ သဘောထားက အဓိကမကျပါဘူးရှင်၊ လေဒီနဲ့ ကိုမဏိယွှပ်တို့ အဆင်ပြေဖို့ကသာ အရေးကြီးတာပါ၊ လေဒီ





သဘောကို အရင်မေးကြည့်ပါဦး"

ညီမငယ်သဘောထားကိုသိနေ၍ ဝေမီ ထိုမျှသာပြောနိုင်သည်။

"လူကြီးတွေ သဘောတူတယ်ဆိုရင် ကျွန်တော်တို့ချင်း ပြေလည်အောင် ညှိနှိုင်းတိုင်ပင်ကြမှာပါ မဝေမီ"

"ဒါပေမဲ့ လေဒီကျောင်းကိစ္စက"

"အဲဒါလည်း ကျွန်တော် သေချာစဥ်းစားပြီးပါပြီ၊ လက်ထပ်ပြီးမှ ကျောင်းဆက်တက်လည်း ဖြစ်ပါတယ်၊ ကျွန်တော် ကိုယ်တိုင်ကြိုပို့မှာပါ၊ အရေးကြီးတာက ကျွန်တော် လေဒီကို အဆုံးအရှုံးမခံနိုင်ဘူးဗျာ၊ လက်ထပ်ပြီး သူ ကျွန်တော့်နားမှာပဲ အတူရှိစေချင်တယ်"

ဝေမီ ဘာတစ်ခုမှ နှုတ်မလွန်ရဲပါ၊ လေဒီစိတ်ကို သိ၍လည်း ဖြစ်သည်။

"ကိုမဏိယွှပ် သဘောထားကို ဝေမီကတစ်ဆင့် မာမီတို့ကို အသိပေးကမ်းလှမ်းတာလောက်တော့ ဝေမီဘက်က ကူညီနိုင်ပါတယ်ရှင်၊ ကျန်တဲ့အပိုင်းကတော့ လေဒီစိတ်တိုင်းကျသာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်နိုင်တာမျိုးပါ၊ မာမီတို့က လေဒီ့အိမ်ထောင်ရေးကိစ္စကို အတင်းအကျပ် ဖိအားပေးမှာတော့ မဟုတ်ပါဘူး၊ ကာယကံရှင်နဲ့ သာ အဆင်ပြေအောင် ကြိုးစားပါလို့ပဲ ဝေမီ့ဘက်က အကြံပေးနိုင် ပါတယ်"

"ကျွန်တော်နားလည်ပါတယ်၊ မဝေမီ အကြံပေးတာ ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ လေဒီ့အချစ်ကိုရဖို့ ကျွန်တော် ကြိုးစားမှာပါ"

"လွယ်မယ်တော့ မထင်ဘူးရှင့်၊ လေဒီ့စိတ်က တကယ့် ကလေးပေါက်စလေးလို ဖြူစင်ရိုးသားလွန်းလို့ ဒီလိုအတွေ့အကြုံ က သူ့အတွက် စိတ်ညစ်ဇရာ စိတ်ရှုပ်စရာလို့ ထင်နေတယ်"

"ကျွန်တော့်ကို မတွေ့ချင်လို့ မဝေမီဆီမှာ သူလာပုန်းနေ ကတည်းက ကျွန်တော် သိပါတယ်ဗျာ၊ ကျွန်တော် ဖုန်းဆက်ရင် လည်း သူ့ဖုန်းကို စက်ပိတ်ပစ်ကယ်လေ"

"အဟွန်း ဟွန်း ဟွန်း"

ပြောပြီး မဏီယွပ် ရယ်သည်။

တိုးတိတ်နူးညံ့သော ရယ်မောသံထဲမှာ ချစ်ခြင်း မြတ်နိုး





ခြင်းတွေ လျှံဝေနေခြင်းကို ဝေမီသိနေသည်။

"သူ့စိတ်ထဲ ကျွန်တော်ကို အဲဒီလိုလုပ်ပြီး ရှောင်ပုန်းနေ လိုက်ရုံနဲ့ လွတ်လိမ့်မယ်လို့ ထင်နေပုံရတယ်ဗျာ"

"အဟွန်း"

ပြုံးနေသည့် မဏီယွပ်မျက်နှာချောချောကို ဝေမီ ငေးကြည့် ဖြစ်သွားသည်။ တစ်ဦးတည်းသောသား၊ ချမ်းသာပြည့်စုံသည့် လူယဉ်ကျေး ခေတ်ပညာတတ်သော လူ-ယ်တစ်ယောက်ပီပီ သူဖြစ်ချစ်တာကို မဖြစ်ဖြစ်အောင် ဖန်တီးရယူမည့်ဟန်က အထင်သား ဖြစ်သည်။

ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှု အပြည့်ရှိနေသော လူတစ်ယောက်အဖြစ် စိတ်ခါတ်ရေးရာနှင့် ဆုံးဖြတ်ချက်အပိုင်းမှာ နိုင်မာတိကျသည်။

"မဝေမီ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် လေဒီနဲ့ စကား ပြောပါရစေ၊ အချိန်တစ်နာရီထက် နောက်မကျဘဲ မဝေမီ အိမ် အရောက် ပြန်ပို့ပေးမှာပါ"

"လေဒီက လိုက်မယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဝေမီကသာ ခွင့်ပြုပေးပါ၊ လေဒီလိုက်အောင် ကျွန်တော် တတ်နိုင်ပါတယ်၊ ဒီလိုမှမလုပ်ရင် သူနဲ့ ကျွန်တော် ဆုံဖို့ကလည်း မလွယ်ဘူးလေ"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဝေမီ့အိမ်ကို လာတွေ့နိုင်ပါတယ်"

"သင့်ခ်ယူ မဝေမီ၊ မဝေမီခွင့်ပြုရင် ကျွန်တော် လေဒီ့ကို လာတွေ့ပါရစေ"

"လာတွေ့နိုင်ပါတယ်ရှင်၊ အခုလည်း လေဒီလိုက်မယ် ဆိုရင် ကိုမဏိယွှပ် လေဒီကို ခေါ်သွားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

လေဒီ့အုပ်ထိန်းသူ အဖြစ်ရှိနေသော ဝေမီထံမှ ခွင့်ပြုချက် ရသဖြင့် မဏိယွှပ် ပျော်သွားသည်။ ကလေးနှစ်ယောက်နှင့် စိတ်ကြိုက်ပျော်နေသည့် လေဒီကို စီးကရက်သောက်ရင်း စိတ်ရှည် စွာ သူ စောင့်သည်။

ဝေမီက မဏိယွှပ် စောင့်နေတာသိသဖြင့် အားနာ နေသည်။ ကလေးတွေနှင့် လေဒီကို ခွဲထုတ်ဖို့ အကြံထုတ်ရသည်။





ဒါမှ လေဒီကို စောင့်နေသည့် မဏိယွှပ်နှင့် တွေ့ပေမည်။

"လေဒီရေ ညကျရင် တီဗွီကြည့်ရင်းစားဖို့ မုန့်လေး ဘာလေး ဆင်းဝယ်ပေးပါဦးကွယ်၊ ကလေးတွေကို မမ စောင့်နေ မယ်"

"ပြန်မှပဲ တစ်ခါတည်း ဝယ်ကြတာပေါ့ မမဝေမီရဲ့၊ ဖိုးသားအတွက် ချောကလက်လည်း ဝယ်ယူရဦးမှာ"

လေဒီက ဝေမီ့ကို တစ်ချက်ပင်လှည့်မကြည့်ပဲ ပြန်ပြော တော့ ဝေမီစိတ်ဓိုက်သွားသည်။ ဒီနည်းမဟန်လျှင် နောက်တစ်နည်း အကြံဉာဏ်ထုတ်ရန်သာ ရှိသဖြင့် နောက်အကြံကို စဉ်းစားရ ပြန်သည်။

"ကဲ သားတို့ သမီးတို့ ကစားကြတာတော်ပြီ၊ မာမီ တို့ တီလေးနဲ့အတူ ဈေးဝယ်ကြမယ်၊ လာကြ"

ကလေးနှစ်ယောက်နှင့်အတူ လေဒီပါလာသည်။ ဝေမီက မဏိယွှပ်ကို မြင်ပေမယ့် လေဒီက မမြင်၊ ကလေးနှစ်ယောက် လက်ကိုဆွဲပြီး ဝေမီက မသိမသာ လူခွဲထုတ်ပစ်သည်။

"လေဒီရေ သားအတွက် ချောကလက်သွားယူစမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးဟယ်၊ မမ ဒီမှာ ညစာအတွက် ဝယ်လိုက်ဦးမယ်"

"ဖိုးသား လာ"

"ဟင့်အင်း၊ မာမီနဲ့ပဲနေမယ်"

"ဒါဆိုလည်း ပြီးရော"

လေဒီအတွက် ကံဆိုးချင်တာလား၊ ကံကောင်းချင်တာလား မသိတော့၊ ဖိုးသားက ဝေမှီနားမှာ ကပ်ချွဲပြီးကျန်ရစ်တာမို့ လေဒီတစ်ယောက်တည်း ခွဲထွက်လာခဲ့သည်။

အစ်မဖြစ်သူကိုယ်တိုင် မဏိယွပ်လူဖြစ်သွားခြင်းကို မသိလိုက်၊ ဈေးကလက်ဝယ်မည့်နေရာ အရောက်မှာ လေဒီ့အရင် ကြိုရောက်နေသည့် လူတစ်ယောက်ကြောင့် လေဒီ မျက်လုံးလေး ဝိုင်းသွားသည်။

ဟိုလူကြီးပါလား။

"လေဒီ"

နေရာက ချာခနဲ လှည့်ပြေးမည့်အကြံက မဏိယွပ်၏ ခေါ်သံနှင့်အတူ အနားရောက်လာသည့် ခြေလှမ်းကျဲကြီးများကြောင့် စိတ်ညစ်သွား၏။





"တစ်ယောက်တည်းလားဟင်"

တိုးတိတ်စွာ ပါးစပ်ထဲတွေ့ရာ ပြောပြီးမှ လေဒီအမှားကို သိသည်။ ဖျော့သင်းမွှေးသော ကိုယ်သင်းရနံ့နှင့် ငုံ့မိုးစူးစိုက်ကြည့်လာသည့် မျက်ဝန်းအစုံအောက်မှာ လေဒီ မွန်းကျပ်သွား၏။

"နှစ်ယောက်တွဲသွားနိုင်ဖို့ အခုမှ ကြိုးစားတုန်းပါဗျာ၊ ကိုယ့်ကို လေဒီက ဘယ်အထိအောင် နှိပ်စက်ထားဦးမှာလဲဆိုတာ ပြောပါဦးဗျာ"

တိုးတိတ်သော သူ့အသံက ညင်သာသိမ်မွေ့သည်။ နူးညံ့သော ချစ်ခြင်းမေတ္တာ ထုံးမွှမ်းထားသော အသံဖြစ်သည်။

"လေဒီက ဘာနှိပ်စက်လို့လဲ"

"ဖုန်းဆက်တော့လည်း စက်ကို ပိတ်ပစ်တယ်၊ လူလာတော့လည်း ထွက်မတွေ့ဘူး၊ မဝေမီအိမ်မှာ သွားနေတာလည်း ကိုယ့်ကို ရှောင်နေချင်လို့ မဟုတ်လား"

"ကိုယ့်အစ်မအိမ် ကိုယ်သွားနေတာ၊ ဘာဖြစ်လဲ"

"လွမ်းတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ရတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ ကိုယ့်ရင်ထဲ ဘာတွေ ဘယ်လိုဖြစ်နေလည်း လေဒီသိလား"

"လေဒီ သွားတော့မယ်"

"ကိုယ်ပါ လိုက်မှာပေါ့"

"အို ဘယ်ကိုလိုက်မှာလဲ"

"လေဒီ သွားမယ့်နေရာကိုလေ"

မဏိယွပ်မျက်နှာချောချောကို လေဒီ အလန့်တကြား မော့ကြည့်မိသည်။ စူးတောက်သည့် မျက်လုံးတွေနှင့် တင်းပြတ်နီရဲသည့် နှုတ်ခမ်းလွှာအစုံက ပြောရင်ပြောသည့်အတိုင်း လုပ်မည့်ပုံစံနှင့်ဆိုတော့ လေဒီ ငိုချင်သွားသည်။

အနားမှာက မမဝေမီ မရှိ။

ဖိုးသားနှင့် မီးလေးလည်း မရှိ။

"လေဒီ"

"ဟင်"

"ကိုယ်နဲ့ ခဏလိုက်ခဲ့ပါ၊ လေဒီကို ကိုယ်ပြောစရာ ရှိတယ်"





"ဟင့်အင်း၊ လေဒီ မလိုက်ဘူး"

လေဒီ ခေါင်းယမ်းတော့ သူပြုံးသည်။

"ဖွတ်အတင်း မွေ့ခေါ်သွားမှထင်တယ်"

"ခင်ဗျားနော်"

"အဟွန်း ဟွန်း ဟွန်း"

ကြောက်ရွံ့နောက်တွန့်သွားသော လေဒီကို ချစ်စနိုး သူရယ်မိသည်။ ဘယ်လိုနေနေ ချစ်စရာကောင်းသည်။ သူ့ကို ကြောက်နေတာကိုလည်း ပိုအသည်းယားသည်။ ဖျတ်ခနဲ လေဒီ့ လက်ကို ဆွဲယူလိုက်သည်။

"လာ၊ ကိုယ့်နောက်လိုက်ခဲ့"

"အို ဒါက ဘယ်လဲ၊ လေဒီ့လက်ကို လွှတ်"

"ဟိုမှာ လူတွေဝိုင်းကြည့်နေတာ မရှက်ဘူးလား၊ တော်ကြာ ရပ်ရှင်ရိုက်ထင်ပြီး ဝိုင်းကြည့်နေမှ ခက်မယ်၊ လာ"

သူက ခြိမ်းခြောက်ပြီး လေဒီ့လက်ကိုဆွဲသည်။ လေဒီက ရှန်းဖယ်ရင်း တိုးတိုးကျိတ်ကျိတ် သူ့မလက်ကို ပြန်ဆွဲသည်။ မဏိယွပ်က မလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်"

"ဟင့်အင်း မလွှတ်ဘူး"

လူတွေ ကြည့်မှာစိုးတာနှင့် အသံကျယ်ကျယ်မအော်ရဲသော လေဒီခမျာ ရှန်းရင်းကန်ရင်းနှင့်ပင် မဏိယွှပ် ဆွဲခေါ်ရာ ပါသွားသည်။

"ကားပေါ်တက်"

"အိုး ဘာလို့တက်ရမှာလဲ"

"ပြောမရရင် ပွေ့တင်မှာနော်"

"ဟာ…ခင်ဗျားနော်"

"ဟိတ်…ဒါကဘယ်လဲ၊ လာခဲ့"

"အိုး..မာမီ"

ဇွေ့ခနဲ လေဒီ့ကိုယ်လေး မဏိယွှပ်ကားပေါ် ရောက်သွားသည်။ ရှုံ့မဲ့ပြာဝေပြီး ဒေါသလေးတွေဖြစ်နေချိန်မှာ မဏိယွှပ်ကားက နေရာမှ ဝေါခနဲ ခြေးထွက်သွားသည်။

◆ ◆ ◆



အခန်း (၈)

"ဒါက ဘယ်ကိုလဲလို့"

လေဒီ့မျက်နှာလှလှလေး မကြည်မသာ တင်းမာမှုန်ကုပ်နေသလို နှုတ်ခမ်းလေးကလည်း စူထော်ကောက်ချိတ်နေပုံကို မဏိယွှပ်က လှမ်းကြည့်ရင်း မြတ်နိုးစွာ ပြုံးပါသည်။

ကောင်မလေး သူ့ကို စိတ်ဆိုးနေပုံကို သဘောကျ၍ပါ။

"ရောက်တော့ သိမှာပေါ့ဗျာ၊ စိတ်ချပါ လေဒီ သဘောမတူပဲနဲ့ လေဒီကို ကားတင်မပြေးပါဘူးဗျာ"

"ခင်ဗျားစကားကို မယုံပါဘူး"

ပြုံးနေသည့် မဏိယွှပ်မျက်နှာကို လေဒီက မကျေမနပ်ဖြင့် စွေစောင်းကြည့်လျက်ဆိုတော့ မဏိယွှပ် ပြုံးလျက် လေဒီကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သည်။

"ဘာဖြစ်လို့ ကိုယ့်ကိုမယုံတာပါလိမ့် ချာတိတ်ရယ်"

"ခင်ဗျားစကားကရော ယုံချင်စရာရှိလို့လား၊ အခုပဲ လေဒီ့ကို ခင်ဗျားသဘောနဲ့ ခင်ဗျားကားပေါ် ဆွဲတင်လာပြီးတော့"

သူ့ထံ ဒိုင်းခနဲရောက်လာသည့် လေဒီမျက်စောင်းဆုကို ကျေနပ်စွာခံယူရင်း လေဒီ စကားကို သဘောကျစွာ သူရယ်ပါသည်။

"အဟွန်း ဟွန်း ဟွန်း"

"အဲဒါက လေဒီကို သိပ်လှတဲ့နေရာလေးတစ်ခုကို လိုက်ပို့ချင်တဲ့ စေတနာနဲ့ပါဗျာ"

"ဘာစေတနာလဲ၊ မယုံပါဘူး"

"ဩော်ဗျာ အခုမှခက်နေပါပြီ၊ ကိုယ်ဘာပြောပြော မယုံဘူးချည်း ပြောနေတော့မယ်ထင်တယ်"

"လူကို အနိုင်ကျင့်တာ"

"ဟော့ ကိုယ်ကို အဲဒီလိုမပြောရဘူးလေ၊ ငရဲကြီးတတ်တယ်၊ လေဒီကို ချစ်လို့ဆိုတာ သတိရဦးမှာပေါ့"





"ဘာမှ သတိမရဘူး"

လေဒီက မဏိယွပ်ကို မကျေနပ်။

"ကိုယ်ကတော့လေ လေဒီကို အချိန်တိုင်း နေ့တိုင်း သတိရတယ်"

"အပိုတွေ"

"အဟွန်း၊ ကိုယ်ပြောတာ မယုံပြန်ဘူးလား"

လေဒီက နှုတ်ခမ်းစူမပျက်။

မျက်လုံးထဲမှာ ပြုံးနေသည့် မဏိယွပ်မျက်နှာနှင့် တွဲပြီး ဇာလီဝင့်ထည်မျက်နှာကို ပြေးမြင်ဖြစ်အောင် မြင်လိုက်မိသေးသည်။

လေဒီကို ပြောသလိုပဲ ဇာလီဝင့်ထည်ကို ဘာတွေညာချ သည်မသိ။ ဟိုက ကိုကိုချင်း မိုးမွှန်နေသည်။ ဒါကို မဏိယွပ် ဆိုသည့် လူကြီးက လေဒီ မသိဘူးဟု ထင်နေပုံရသည်။

လေဒီကို ချစ်ပါရစေ၊ ကြိုက်ပါရစေ ဘာညာသာရကာ တွေ လာညာချနေသည့် မဏိယွပ်ဆိုသည့် လူကြီးကို လေဒီ မယုံ။

"လေဒီ"



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ နာမည်ကို မခေါ်ပါနဲ့"

"ခက်နေပါလားဗျာ"

"အဟွန်း ဟွန်း ဟွန်း"

ပြုံးနေသည့် မျက်နှာကို မှန်းမှန်းဖြင့် မျက်စောင်းထိုး တော့ မဏိယွပ်ဆိုသည့် လူကြီးက ရယ်သည်။

"ချစ်တယ်"

"ဇာလီဝင့်ထည်ကို သွားပြော"

"ဘယ်သူ"

ထူထဲသော မျက်ခုံးအစုံကိုပင့်လျက် တအံ့တသြ မေးသံ က ဇာလီဝင့်ထည်ဆိုသည့် နာမည်ကို တကယ်ပဲ မကြားလိုက်လို့ ပဲလား၊ ဒါမှမဟုတ် လေဒီ့နှုတ်ဖြားက ဇာလီဝင့်ထည်အမည်ကို ကြားလိုက်ရ၍ပဲ အံ့သြထူးဆန်းသွားခြင်းလား ဆိုသည်ကို က ကာယကံရှင်ကိုယ်တိုင်သာ သိပါလိမ့်မည်။

"ဇာလီဝင့်ထည် ဟုတ်လား"

လေဒီက ထပ်မဖြေပဲငြိမ်နေတော့ မဏိယွပ် နှုတ်ဖျားက ဇာလီဝင့်ထည်အမည်ကို သူ့သာသာပဲ ထုတ်ဖော်ပါသည်။





ဒီလိုပဲဖြစ်ရမည်ပေါ့။

ဇာလီဝင့်ထည်ဆိုတာ ဦးမဏိယွပ်ဆိုတဲ့ လူကြီးကို ကိုကို ချင်းထပ်အောင် ခေါ်နေတဲ့ မိန်းကလေးပဲ။

"သူနဲ့ကိုယ် ဘာမှမဆိုင်ဘူးနော် လေဒီ၊ သူ့ကြောင့် ကိုယ်အပေါ်မှာ အထင်လွဲ စိတ်ကောက်နေတာဆိုရင် အခုထဲက ကိုယ် ဘယ်သူနဲ့မှ ဘာမှမဆိုင်တဲ့အကြောင်း ကြိုရှင်းတယ်"

"ဘယ်သူကမှ ရှင်းမပြခိုင်းပါဘူး"

"ဒါပေမဲ့ ကိုယ့်ကို ဇာထီဝင့်ထည်လူကြီးဆိုပြီး အမြင် ကတ်တာနဲ့ မုန်းချင်နေတာမဟုတ်လား"

"ဘာမှမဆိုင်ဘူး"

"ကိုယ်နဲ့ဆိုင်လို့ ရှင်းနေရတာလေ၊ ဇာလီနဲ့ကိုယ် ခင်တယ် ဆိုတာကလည်း သူ့အဖေနဲ့ကိုယ်က လုပ်ငန်းသဘောအရ ဆက်စပ် ပတ်သက်နေတဲ့ လူခင်တွေဖြစ်နေလို့ သူ့မိသားစုနဲ့ ခင်မင်တယ်ဆို ရုံလောက်ပဲ"

ခေါ်ပုံကိုက ကိုကိုတဲ့။

နားထဲမှာ ပိုးကြူစကားကို ပြန်ကြားပေမယ့် ဇာလီဝင့်ထည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဆက်မပြောချင်တာနှင့် နှုတ်ဆိတ်နေလိုက်ပါသည်။

"တိ"

"ကျွိ"

ခြိဝန်းမြင့်မြင့်မားမား ခတ်ထားသော ခြံကျယ်ကြီးတစ်ခု ရှေ့မှာ ကားကိုရပ်ပြီး ဟွန်းရှည်တစ်ချက် တီးသံအဆုံးမှာ ခြံဝန်း တံခါးကြီးက သူ့အလိုလို ပွင့်သွားသည်။

ကွန်ကရစ်လမ်းအတိုင်း မဏိယွှပ်က သူ့ကားကြီးကို မောင်းတက်သွားတော့ ခမ်းနားလှပစွာ အဆန်းတကြယ် ပြင်ဆင် ထားသည့် လှပသောဥယျာဉ်တစ်ခုက လေဒီကို ငေးခနဲဖြစ်သွား အောင် ညှို့ယူဖမ်းစားပါသည်။

လှလိုက်တာ။

နှုတ်ဖျားက ဖွင့်ဟထုတ်ဖော်ခြင်းမပြုသော်လည်း လေဒီ စိတ်ထဲမှာတော့ တိတ်တဆိတ် အသိအမှတ်ပြုလိုက်မိသည့်အပြင် ငွေအကုန်ခံပြီး စိတ်ကြိုက်ပြုပြင်ဖန်တီးထားသည့် ပန်းဥယျာဉ်က စိတ်ဝင်စားစရာ လှပခမ်းနားနေသည်။

"ကျွိ"





ကားကို နှစ်ထပ်တိုက်ဖြူကြီးရှေ့မှာရပ်ပြီး မဏိယွှပ် ကိုယ်တိုင် လေဒီ့ဘက်က ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေး သည်။

"မဏိရတနာက သူ့သခင်မကို လှိုက်လှဲစွာကြိုဆိုပါ တယ်ဗျာ"

"အိုး ဒါက ဘာစကားကြီးလဲ"

"လေဒီကို မဏိယွှပ်ဆိုတဲ့ ကိုယ်က ကိုယ့်ကိုရော ကိုယ်ပိုင်ဆိုင်တဲ့ မဏိရတနာကိုရော အပိုင်ပေးအပ်ပါရစေလို့ ပြောတာပါဗျာ၊ ကိုယ် လေဒီ့ကို လက်ထပ်ပါရစေ၊ လက်ထပ်ခွင့် ပြုပါ"

အလေးနက်ဆုံး၊ အတည်အခန့်ဆုံးစကား ဆိုသူက လေဒီ့ မျက်နှာလေးကို ရွှန်းရွှန်းစက်စက် မျက်နက်ဝန်းတွေနှင့် စူးစိုက် နက်ရှိုင်းစွာ စကားဆိုနေပုံက လေဒီ့ကို အချစ်ရေးမှာ ဘာတစ်ခု မှ အတွေ့အကြုံမရှိသူလေးအတွက် ရင်တဖိုဖို အသည်းနွေးစရာ ဖြစ်ပေမယ့်...

လေဒီ့စိတ်ထဲမှာ မဏိယွှပ်ထံမှ စကားလုံးနှင့် ချစ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ဟန် မျက်လုံးလက်လက်တွေကြားမှာ အသက်ရှူမှန်းကျပ်ကျပ်ကြီး ဖြစ်သွားတာသ မျက်နှာလှလှလေး အနေရခက်စွာ ရှက်အမ်းသွားပါသည်။

"လေဒီ"

"အို လေဒီ့လက်ကို လွှတ်ပါ"

"ချစ်တယ် ကလေးရယ်"

"အို"

ဖြူနုအိထွေးသော လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူရှိုက်နမ်းလိုက်ပုံက လျှင်မြန်လှတာမို့ လေဒီ့ကိုယ်လေး တွန့်ခနဲ ဖြစ်သွားကာ သူမလက်ကလေးကို မဏီယွပ်လက်ထဲက ဆွဲယူဖို့ ကြိုးစားပေမယ့်မရပါ။

"လာ လေဒီ၊ ကိုယ့်ရဲ့ဒေင်ဥယျာဉ်ထဲ လိုက်ပြမယ်"

"ဒေင်ဥယျာဉ်"

"ကိုယ်ပေးထားတဲ့ နာမည်လေ၊ လေဒီသဘောမကျ လို့လား"

"မဟုတ်ပါဘူး၊ နာမည်လေးက လှလို့ပါ"





"အဟွန်း ဟွန်း ဟွန်း"

လေဒီက ဟန်ဆောင်ခြင်းမရှိ။

သူမစိတ်ထဲရှိသည့်အတိုင်း ခံစားချက်ကို မကွယ်မဝှက်တမ်း ချပြောတက်သော ဖြူစင်ရိုးသားမှုကို မြတ်နိုးစွာ မဏီယွပ် ရယ်သည်။

သူတွေ့ဖူးသည့် မိန်းကလေးတွေနှင့် လေဒီက မတူ။ မာယာပရိယာယ်မရှိ။ သူမက ဖြူစင်ရိုးသားသည်။ ဆွဲဆောင်စည်းရုံးခြင်းမရှိ။ မရိုးသားသည့် အမူအရာ ကင်းသည်။

"ဒေင်ဥယျာဉ်ထဲမှာ အချစ်နတ်သမီးလေးကို အချစ်နတ်သားလေးက ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ ချစ်ခွင့်တောင်းပါရစေဗျာ"

"အချစ်အကြောင်း မပြောပါနဲ့"

"ဘာဖြစ်လို့လဲ"

"လေဒီ မကြိုက်လို့ပေါ့"

မဏီယွပ် လေဒီကို စိုက်ကြည့်ပစ်လိုက်သည်။

"ဘာကို မကြိုက်တာလဲ၊ စကားကိုလား၊ ကိုယ့်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးပဲ"

"ဆိုးတယ်ကွာ"

"ခင်ဗျားလောက် ဘယ်သူမှ မဆိုးဘူး၊ လေဒီလက်ကို လွှတ်"

"ချစ်တယ်လို့ပြောရင် လွှတ်မယ်လေ"

"ချစ်မှ မချစ်ဘဲ"

"ဒါဆို လွှတ်လို့မဖြစ်ဘူးဗျာ၊ ကိုယ့်ကို ချစ်တယ်ဆို တဲ့သူကိုမှ ကိုယ်က လွှတ်ပေးမှာ"

မဏိယွှပ်ဆွဲခေါ်ရာ အတူလိုက်ပါလာရင်း လေဒီက မဏိယွှပ်စကားကို သဘောမကျသလို သူ့မျက်နှာချောချောကို ဖျက်ခနဲ မော့ကြည့်သည်။

"တခြားကောင်မလေးတွေကိုလည်း ဒီလိုပဲ အကျပ်ကိုင် ခဲ့တာလား"

"ဗျာ"

ငုံ့မိုးကြည့်လာသော မျက်နှာချောချောနှင့် ပင့်မော့ကြည့် သော မျက်နှာလှလှလေးတို့ လမ်းခုလပ်မှာ အားပြင်းစွာဆုံမိကြ၏။





"လေဒီ ကိုယ့်ကို ဘာပြောလိုက်တယ်"

"တခြားမိန်းကလေးတွေကိုရော ဒီလိုပဲ အကျပ်ကိုင် ခဲ့တာလားလို့ မေးတာ"

"အကျပ်ကိုင်တယ်"

ထိုစကားကို မဏိယွှပ်စိတ်ထဲမှာ ဆန်းကြယ်စွာ လှပသော လေဒီမျက်ဝန်းထဲ စူးစိုက်အဖြေရှာကြည့်တော့ အပြစ်ကင်းစင် ရှိုးသားသည့် မျက်ဝန်းတွေနှင့်အဆုံမှာ မဏိယွှပ်ရင်ထဲ နွေးခနဲ လှိုက်ဖိုသွားသည်။

ချစ်လိုက်ရတာ လေဒီရယ်။

"ဘာလို့ ကိုယ်အပေါ်မှာ ဒီလိုအတွေးမျိုး တွေးရ တာလည်း ကလေးရယ်"

"တခြား မိန်းကလေးတွေလည်း လေဒီလို အကျပ်ကိုင်ခံ ရတယ် ထင်လို့ပေါ့"

"ဖြစ်ရလေဗျာ"

ချစ်စနိုး သူ ညည်းတွားမိသည်။

ပြုံးနေသည့် မဏိယွှပ်ကို လေဒီက ဂရုမစိုက်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိတာကို ဆက်ပြောသည်။

"မချစ်ဘူးပြောလို့ ပေးမလွှတ်ဘဲ သူများလက်ကို ကိုင်ထားတာ ဘယ်နှစ်ယောက်ရှိပြီလဲ မသိဘူး"

ကြဲဖန်ပြီး တွေးတက်သော လေဒီစကားကို အသည်း ယားစွာ လေဒီမျက်နှာလှလှလေးကို မဏိယွပ်စိုက်ကြည့်ပစ်လိုက် သည်။

"ဘာလို့လဲ မမေးတော့ဘူးလား"

လေဒီ မဖြေ။

မဏိယွပ်ကပဲ သူပြောချင်တာကို ဆက်ပြောသည်။

"လေဒီမမေးလည်း ကိုယ်ကဖြေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကို မချစ်ဘူးပြောလို့ တခြားဘယ်မိန်းကလေးကိုမှ အကျပ်ကိုင်ပြီး လက်ကို ညာကိုင်နေစရာမလိုဘူးလေ၊ ဘာဖြစ်လို့ မလိုတာလဲဆိုတော့ ဘယ်လိုပြောရမလဲ၊ သူတို့အားလုံးက ကိုယ့်ကို ချစ်တဲ့သူချည်းဖြစ်နေလို့ပေါ့"

မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"ကိုယ်ပြောတာ ယုံလား"





မယုံဘူးဟု ဒီတစ်ခါတော့ လေဒီ မပြောပါ။ မဏိယွပ် ဆိုတာနှင့် အသေရရ၊ အရှင်အရရ လိုချင်နေကြသည့် ဓာလီဝင့်ထည် လို မိန်းမတွေ များစွာရှိနေသောကြောင့် ဖြစ်သည်။

သူတို့လို မိန်းကလေးတွေကြောင့် ဣန္ဒြေရှင် တခြား မိန်းကလေးတွေပါ ထိခိုက်နစ်နာရသည်။

"လေဒီ"

"လေဒီ ပြန်မယ်"

"ကိုယ့်ကို စိတ်ဆိုးလို့ပေါ့ ဟုတ်လား"

"ခင်ဗျားတွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ လေဒီ မပါဘူး ဦးမဏိယွပ်"

"သိတယ်လေ၊ သိလို့ပဲ တန်ဖိုးထားပြီး အမြတ်တနိုး ချစ်ခွင့်တောင်းပြီး လက်ထပ်ပါရစေလို့ ပြောနေတာပေါ့ဗျာ၊ လေဒီ့ကို ကိုယ်ချစ်တယ်"

"ဒါပဲ ခဏခဏ ပြောမနေပါနဲ့"

"ကိုယ်ကပြောချင်နေတာကိုး"

"မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဖြင့် တခြားအကြောင်းပြောမယ်၊ လေဒီကို လက်ထပ်ပါရစေ"

"အို ဒါက ဘာလုပ်တာလဲ"

"ကိုယ့်ချစ်သူဆီမှာ လက်ထပ်ခွင့်တောင်းတာလေ"

ပါးစပ်ကချည်း လက်ထပ်ပါရစေဟု ခွင့်တောင်းခြင်း မဟုတ်။ လေဒီ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပုံကြောင့် လန့်ဖျပ်ပြီး လေဒီပါ သူနှင့်မျက်နှာချင်းဆိုင် ကမန်းကတန်း ဒူးထောက်ထိုင်ချ လိုက်တော့ မဏိယွပ်ပြုံးသည်။

ချစ်စရာကောင်းသည့် ကလေးမလေးပဲ။

"ချစ်တယ် လေဒီရယ်"

"ဦးမဏိယွပ်"

"အို"

လေဒီ့တစ်ကိုယ်လုံး နွေးထွေးကျယ်ပြန့်သော မဏိယွပ် ရင်ခွင်ထဲ ထွေးခနဲ ရောက်သွား၏။ လွှတ်အောင်ရုန်းရင်း စိမ်းမြ သော မြက်ခင်းပြင်ပေါ် အရှိန်မထိန်းနိုင်ပဲ နှစ်ယောက်စလုံး လဲပြီး ထွေးလုံးသွားသည်။





"လေဒီ"

"ဦးမဏိယွပ်"

"ချစ်တယ်ကွယ်"

အုပ်မိုးကျလာသည့် မျက်နှာချောချောအောက်မှာ လေဒီ တစ်ကိုယ်လုံး ရှက်ရွံ့စိတ်ဖြင့် ထူပူမွန်းနစ်သွားလျှက် သူ့ကိုယ်ကြီးကို ယောင်ယမ်းဖက်တွယ်ထားလိုက်မိသည်။

သင်းပျံ့သော ကိုယ်သင်းရနံ့ဖျော့ဖျော့က ရောင်စုံ ပန်းဥယျာဉ်ထဲက ပန်းရနံ့တွေကြားမှာ ထူးခြားသိပ်သည်းစွာ လေဒီ့ ရင်ခုန်သံတွေက မြန်ဆန်နွေးထွေးသွားစေသည်။

နီရဲစိုစွတ်သည့် မဏိယွပ်နှုတ်ခမ်းတွေက လေဒီ့နှုတ်ခမ်း ဖူးဖူးလေးကို စကားဆိုခွင့်မပြုဘဲ အတင်းကျပ်ဆုံး နှောင်ဖွဲ့ပါသည်။ ဖြူဖွေးသော လည်တိုင်နုနုလေးနှင့် နူးညံ့သော အသားဆိုင်အနှံ့ ရှိုက်နမ်းလာသော ဝင်သက်ထွက်သက်လေက ပြင်းပြလှိုက်လှဲ နွေးထွေးပါသည်။

"လေဒီ"

"သွား...သွား၊ ခင်ဗျားကြီးကို လေဒီမုန်းတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းတယ်"

ငိုမဲ့မျက်နှာလှလှလေးက အီးခနဲ ရှိုက်ငိုလိုက်တော့ မဏိယွပ် လန့်သွားသည်။

"ဟီး…ဟီး…ဟီး"

"ဟော့…မငိုရဘူးလေ၊ ကိုယ်ကချစ်လို့"

"မချစ်နဲ့"

"ဩော်ဗျာ၊ လေဒီရယ်"

"အဲဒါ လူကို ချစ်ဦး…ချစ်ဦး"

"ဗုန်း"

"ဘုတ်"

"ဗုန်း"

"အီး…အဟင့်…ဟင့်"

BURMESE CLASSIC .com

မဏိယွပ်ခန္ဓာကိုယ်အနှံ့ ရည်ရွယ်ဦးတည်ရာမရှိသ ကျရောက်လာသည့် လေဒီ့လက်သီးဆုပ်ဖြူနုနုလေးတွေ ထုရိုက် သမျှ ခံယူရင်း မြတ်နိုးစွာ လေဒီ့ကိုယ်လုံး အိအိထွေးထွေးလေးကို ရင်ခွင်ထဲ သိမ်းကျုံးပွေ့ယူမိပြန်သည်။





"မငိုပါနဲ့ အချစ်ရယ်၊ လေဒီ့မျက်ရည်တွေကို ကိုယ် ရင်မဆိုင်ချင်ဘူး၊ တိတ်နော်"

ချစ်သူလေး မျက်ရည်တွေကို အနမ်းဖြင့် ညင်သာစွာ ဖယ်ရှားတော့ လေဒီက သူ့ကို ထုရိုက်ပါသည်။

"လက်တွေနာကုန်မယ်"

"နာပါစေ"

"ကိုယ်မှ မကြည့်ရက်ပဲ"

"တခြားသူတွေကိုလည်း ဒီလိုပဲ"

"ဘယ်သူကိုမှ မဒီလိုဘူး၊ လေဒီတစ်ယောက်တည်း ကိုပဲ ဒီလိုချစ်တာ"

"ယုံချင်စရာကြီး"

"မယုံရင် လက်တွေ့သက်သေပြမယ်လေ"

"လေဒီ ကိုယ့်ကို လက်ထပ်ပါမယ်လို့ပဲ ကတိပေး"

"ဘယ်တော့မှ မပေးဘူး"

"ဖွတ်အတင်း နိုးပြေးမှထင်မယ်"

ပြုံးနေသော မျက်နှာချောချောကို မုန်းမုန်းဖြင့် မျက်စောင်း ရွယ်တော့ သူရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်စို့"

"ကတိပေးခဲ့ဦးလေ၊ နောက် ကိုယ်လာရင် ရှောင်မပြေးပါဘူးလို့"

"ကိုယ့်သဘောနဲ့ကိုယ်ပါ၊ လူလာတိုင်း ထွက်ထွက်တွေ့နေရအောင် လေဒီက ရှူးနေလို့လား"

"ကိုယ်တစ်ယောက်တည်းအတွက် ပြောတာ၊ တခြားကောင်တွေဆို ဘယ်ကောင်မှကို ထွက်မတွေ့နဲ့၊ ရှိလည်း မရှိဘူးလို့ ပြောခိုင်းလိုက်"

"တော်တော်တရားကျတယ်"

"ကတိပေး"

"မပေးဘူး"

"ဒါဆို မပြန်ရဘူးကွာ"

"ဦးမဏိယွှပ်"

လေဒီ လှမ်းခေါ်ပေမယ့် သူက ဂရုမစိုက်။ မြက်ခင်းပြင်ပေါ် လှဲအိပ်ချလိုက်တာမို့ အီးခနဲ လေဒီ ငိုမိပြန်သည်။

"စိတ်ညစ်တယ်ကွယ်၊ လူကို မျက်ရည်နဲ့ပဲ အနိုင်ယူနေတယ်၊ ကဲ..ထ..အိမ်ပြန်ပို့မယ်"





လေဒီက မထ။

ပုံ့ပုံ့လေး မြက်ခင်းပြင်ပေါ်မှာ အထိုင်မပျက်။ တအိအိ ငိုနေဟန်ကို စိုက်ကြည့်ပြီး မဏိယွှပ်ပဲ သူမကိုယ်လေးကို ဆတ်ခနဲ ပွေ့ယူမချီလိုက်သည်။

"အို..လေဒီ့ဘာသာ လမ်းလျှောက်မယ်ဆို၊ အောက်ချပေးပါ"

မဏိယွှပ်က လေဒီ့စကားကို ဂရုမစိုက်။ လေဒီ ဖွတ်ရွန်းနေသည့်ကြားက ကားပေါ်အရောက် လေဒီကို ပွေ့တင်သည်။

"အား..မောလိုက်တာ"

"ခင်ဗျားကို ဘယ်သူက အမောခံပြီး အပို့ခိုင်းလို့လဲ"

"အလကား ပို့ပေးတာ မဟုတ်ဘူးလေ၊ ပို့ခပေးရမှာ"

"ဘာ"

"ဒီမှာလေ"

"ဦးမဏိယွှပ်"

သဲ့သဲ့သာ လေဒီ အသံထွက်လာပြီး ပျောက်သွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကဲ··အခု ဘယ်လိုလုပ်ကြမလဲ ဒက်ဒီကြီး၊ သမီးငယ် ကိစ္စကတော့ မောင်မဏိယွှပ်ဆိုတဲ့ ကောင်လေးကြောင့် ခက်ကုန်ပြီ၊ ကျွန်မတော့ ဘာမှ မဆုံးဖြတ်တတ်တော့ဘူး၊ ဒက်ဒီကြီးပဲ မောင်မဏိယွှပ်နဲ့ သမီးလေးကိစ္စကို စဉ်းစားဆုံးဖြတ်တော့"

ဒေါ်ခင်ဝေစီက သူမတစ်ယောက်တည်း ဆုံးဖြတ်၍ မရနိုင်သော သမီးငယ်လေးကိစ္စကို သမီး၏ဒက်ဒီထံ လွှဲအပ်ပုံချ ပေးလိုက်ခြင်းဖြင့် ဦးအဲယ်ဘတ်မှာ လေဒ့်ကိစ္စကို စိတ်မဝင်စား သလို ဟန်ဆောင်ပြီး မဂ္ဂဇင်းစာအုပ်ကို ဆက်ဖက်နေခွင့်မရပဲ ဖြစ်သွားသည်။

"သမီးက ငယ်ပါသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဒက်ဒီကြီးလိုပဲပေါ့၊ မိဘတွေ မျက်လုံး ထဲမှာတော့ ဘယ်သား ဘယ်သမီးကိုမှ အရွယ်ရောက်တယ်လို့ မထင်ပါဘူး"

"တကယ်လည်း အရွယ်မှမရောက်သေးပဲ မာမီကြီးရဲ့"

ဦးအယ်ဘတ်က သမီးဖြစ်သူဘက်က နမြောတွန့်တိုစွာ စကားဆိုလာတော့ ဒေါ်ခင်ဝေစီက ခင်ပွန်းသည်ကို မျက်စောင်း ဒိုင်းခနဲ လှမ်းထိုးသည်။

"အံမယ်လေး...သူ့အလှည့်ကျတော့ သိတတ်နေလိုက် တာ၊ ရှင် ကျွန်မကို ယူတုန်းကရော ဘယ်အရွယ်မို့လဲ ဒက်ဒီကြီးရဲ့"

"အဲဒါက တခြားပါ၊ အခုဟာက ကိုယ်တို့သမီး ကို မဟုတ်လား"

"ဟွန်း"

ဒေါ်ခင်ဝေစီက ဦးအယ်ဘတ်ကို မကျေနပ်သော်လည်း မျက်စောင်းထိုးပြီး ငြိမ်နေလိုက်သည်။

"သမီးသဘောကရော"

"စိတ်ညစ်နေတာပေါ့ရှင်"





"ကောင်လေး သူ ဘယ်သူ"

"မဏိယွပ်ဆိုတာလေ၊ မိုးကုမ္ပဏီပိုင်ရှင်ဆိုတာလေ၊ မိဘ တွေကအစ မင်းဆွေမင်းမျိုးထဲက ဒိတ်ဒိတ်ကြဲတွေပဲ"

"အခုအခြေအနေက ဘယ်လိုလဲ"

"လူကြီးချင်း နားဖောက်တာပေါ့၊ ခွင့်ပြုရင် လက်ထပ်ချင် ပါတယ်ဆိုတာ ဟန်ဆောင်ပြောတာမဟုတ်ဘူး၊ ကောင်လေးက သမီးလေဒီကို တကယ့်မေတ္တာစစ်နဲ့ ချစ်နေရှာတာ"

ဒေါ်ခင်ဝေစီစကားက သမက်လောင်းဘက် ခပ်ပါပါမို့ ဦးအယ်ဘတ်က စာကြည့်မျက်မှန်ကိုကျော်ပြီး မိန်းမမျက်နှာကို လှမ်းကြည့်သည်။

"ဆိုးတော့ မဆိုးပါဘူး၊ မောင်မဏိယွပ်နဲ့ဆိုရင် သဘော တူပါတယ်"

"မတူလို့လည်း မရဘူး၊ ပြောမရရင် လေဒီကို ကားတင် ပြေးမယ်လို့ ပြောတယ်တဲ့"

"ဘယ်သူကလဲ"

"ရှင့်သမက်လောင်းက"



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်အတင်းကြီးပါလား"

"လေဒီက သိပ်လှတာလည်း ပြောဦးလေ"

"ကိုယ်နဲ့တူတဲ့ ကိုယ့်သမီးလေးကိုတော့ လိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့လေ"

"လူမှတ်လို့ ယူထားပါတယ်၊ အခုမှ လိပ်မှန်းသိတော့တယ်"

"ဒါဖြင့်လည်း ကိုယ့်ဘက်ကိုယ်ပဲ ယက်မှဖြစ်မယ်လာခဲ့"

"အို…ဘာလဲ"

"လိပ်လေ"

"သွား"

"အဟက်…ဟား…ဟား"

ဒေါ်ခင်ဝေစီ ပါးတစ်ဖက် ရှတ်ခနဲ အနမ်းခံလိုက်ရသဖြင့် ဦးအယ်ဘတ်ကိုယ်ကြီးကို တွန်းထုတ်တော့ ဇနီးဖြစ်သူကို သဘောကျစွာ ဦးအယ်ဘတ်က ရယ်သည်။

ဒေါ်ခင်ဝေစီ ငယ်ငယ်တုန်းက သိပ်လှသည်။ လိုချင်





သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားက ဦးအယ်ဘတ်က သူမကို အရပိုးပြီး ယူလာခဲ့ခြင်းဖြစ်သည်။ အခု သမီးငယ်လေဒီက သူ့အမေလို ချောသည်။ လှသည်။ ဟိုက ဒီက သမီးတောင်းသူတွေ မကြာခဏ ကြုံရသည်။

ကိုယ့်အလှည့်တုန်းက သူများသမီးကို ဖွဲကြီးကြီးပိုးပန်း ရယူခဲ့ပေမယ့် ကိုယ့်အလှည့်ကျတော့ သမီးလေဒီကို တခြားသူ လက်ထဲ အလွယ်တကူ ထည့်မပေးချင်။

တစ်ဖက်ကလည်း လေဒီမှလေဒီဆိုတော့ ဦးအယ်ဘတ် သူ့အဖြစ်နှင့် နှိုင်းစာပြီး ဝင့်လည်တာပဲဟု ကျေကျေနပ်နပ်ကြီး ပြုံးသည်။

"မာမီကြီး သဘောကျသလိုသာ လုပ်ပါ၊ ကိုယ့်သဘော အရဆိုရင်တော့ သမီးကို တစ်သက်လုံး အိမ်ထောင်မပြုစေချင်ဘူး"

"ဖြစ်မလားရှင့်"

"ဖြစ်ချင်တာကိုပဲ ပြောတာပါဗျာ၊ ဖြစ်ရမယ်လို့တော့ မဆိုလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကညာ အခါမလင့်တဲ့"

"မာမီပဲ စီစဉ်တော့လို့ ပြောပြီးပြီးလေ၊ ဘာပဲဖြစ်ဖြစ် သမီးကိုတော့ စိတ်မဆင်းရဲစေနဲ့ ဟုတ်လား၊ သမီးသဘောကို အရင်မေးဦး"

"အဲဒါ ခက်နေတာပေါ့ ဒက်ဒီရဲ့၊ လေဒီက အချစ်ရေး စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလည်း ထားလိုက်ပါ"

"ဟိုက လက်ထပ်ချင်နေပြီရှင့်"

"ဒီကောင်ကလည်း ဖွတ်ပါလား"

"စေ့စပ်ထားတာလောက်တော့ ခွင့်ပြုလိုက်ရမလားလို့"

ဒေါ်ခင်ဝေစီ အမူအရာက တွေးတွေးဆဆ။ ဦးအယ်ဘတ်ကတော့ စေ့စပ်ထားမည်ဆိုသည့် စကားအပေါ် သိပ်သဘောမကျ။ အကြောင်းတစ်စုံတစ်ခုကြောင့် လက်မထပ်ဖြစ်ခဲ့လျှင် နာမည်ပျက် အရှက်ရမည့်သူက ကာယကံရှင် မိန်းကလေးမိသားစုများသာ ဖြစ်သည်။

"ကိုယ်တော့ စေ့စပ်တာကို သဘောမကျဘူး၊ တစ်ခုခု





ဆိုရင် မိန်းကလေးရှင်ပဲ ထိခိုက်နစ်နာတယ်"

"ဒါဖြင့် တစ်ခါတည်း လက်ထပ်ခွင့်ပြုလိုက်ရမလား"

"သမီးသဘောကို မေးလေ၊ သမီးက သဘောမတူရင် ဘာကြီးပဲဖြစ်နေဖြစ်နေ ဒီကိစ္စကို ရပ်လိုက်တော့"

ပြတ်သားစွာ ဆုံးဖြတ်လိုက်သော ခင်ပွန်းဖြစ်သူ၏ တည်ကြည်ခန့်ညားသော မျက်နှာချောချောကြီးကို ဒေါ်ခင်ဝေစီ တစ်ချက်လှမ်းကြည့်သည်။

"လူကြီးချင်း သဘောတူပါတယ်ဆိုတာလောက်တော့ ခွင့်ပြုလိုက်မယ်လေ၊ လက်ထပ်မယ့်ကိစ္စကတော့ ဖြည်းဖြည်း အချိန်ယူပြီး ဆွေးနွေးညှိနှိုင်းမှဖြစ်မယ်လို့ အကြောင်းပြန်လိုက်မယ်"

"မာမီကြီးသဘောပဲ၊ သမီးကိုသာဖွတ်တရွတ်…"

"အမလေး··ဒီကလည်း အမေပါနော်၊ သမီးကို သူတစ်ယောက်တည်း ချစ်တတ်တာ ကျနေတာပဲ၊ ပြောနေလိုက်တာ"

"အမေ့ကိုချစ်လို့ သမီးကို ချစ်တာပေါ့"

"ဘယ်သူမှ အဲဒါကို မမေးဘူး"

"မမေးလည်း ပြောမှာပဲ၊ ဝေစီကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“သူငယ်ပြန်တယ်ဆိုတာ ဒါမျိုးနေမှာပေါ့”

ဒေါ်ခင်ဝေစီမျက်နှာက ပြုံးနေသည်။ နီထွေးသော ပါးနှစ်ဖက်က အပျိုစင်လေးလို ရှက်စနိုးဖြစ်နေပုံကို စိုက်ကြည့်ပြီး ဦးအယ်ဘတ် ပြုံးသည်။

“သူငယ်ပြန်လက်စနဲ့ မထူးဘူး၊ တစ်ခါတည်း သူငယ် ပြန်လိုက်မယ်”

“ဒက်ဒီကြီးနော်”

ကြည်သာလှိုက်လှဲသော ရယ်သံက ချိုမြစွာ ကြည်ကြည် နူးနူး ထွက်ပေါ်လာ၏။

လေဒီနှင့် မဏီယွပ်တို့၏ မင်္ဂလာကိစ္စမှာ လူငယ်တွေ ကြားမှာ ရေပန်းစားသော သတင်းတစ်ပုဒ်အဖြစ် နေ့ချင်းညချင်း နာမည်ကြီးသွား၏။

လေဒီကို မဏီယွပ်ဆိုသည့် လူကြီးက အသည်းအသန် လိုက်ပြီး ချစ်ရေးဆို လက်ထပ်ခွင့်တောင်းနေသည်ဆိုတာကို သိပြီး နောက်မှာ ဓာလီဝင့်ထည် အိမ်ထဲက အိမ်ပြင်မထွက်တော့။

တစ်ယောက်တည်း ကျိတ်ဆွေးနေသည့်အချိန်မှာ လေ





ကလည်း သူမအိပ်ခန်းလေးထဲမှာ တစ်ယောက်တည်း ကျိတ်ငို နေပါသည်။ ကလေးတစ်ယောက်လို ရှုံ့လှိုက်ငိုယိုနေသော လေဒီကို ချော့မော့နှစ်သိမ့်နေသူက လေဒီ့မာမီ ဒေါ်ခင်ဝေစီဖြစ်သည်။

“ဒါငိုစရာလား သမီးရယ်၊ မာမီပြောတာက သမီးကို အခု လက်ထပ်ရမယ်လို့ ပြောတာမှ မဟုတ်ပဲ၊ နှစ်ဘက်လူကြီးချင်း တောင်းရမ်းစေ့စပ်တာကို လက်ခံထားရုံပါလို့ ပြောပြီးပြီးလေ၊ လက်ထပ်တာကတော့ သမီးတို့ လူငယ်ချင်း ကိုင်ပင်ပြီးမှ စီစဉ် မှာပါကွယ်”

“လေဒီ အဲဒီလူကြီးကို မယူပါဘူးဆို မာမီကလဲ၊ အီး... ဟီး...ဟီ..”

“မငိုပါနဲ့ကွယ်”

“ငိုမှာပဲ၊ လေဒီ မကြိုက်တာကို မာမီက လုပ်ဟာ ကိုးလို့”

“အီ....အဟင့်...ဟင့်”

“ခက်လိုက်တာကွယ်၊ ဟိုကတစ်မျိုး၊ ဒီကတစ်မျိုးနဲ့ ကြားထဲက မာမီရှုးချင်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဝေစီ တကယ်စိတ်ညစ်သည်။ လေဒီက မဏိပွယ်နှင့် ပတ်သက်လျှင် ဘာပြောပြော အကောင်းမထင်။ လူကြီးချင်းနားဖောက် တောင်းရမ်းသည့်ကိစ္စကို လက်ခံလိုက်ပြန်တော့လည်း မိဘစိတ်မချမ်းသာအောင် တငိုငိုတရယ်ရယ် လုပ်နေသည်။

"မောင်မဏိယွပ်မှာ ဘာအပြစ်ရှိလို့လဲကွယ်၊ သမီး မကြိုက်တဲ့ အမူအကျင့်ရှိရင် မာမီ့ကိုပြော၊ မာမီ ပြုပြင်ခိုင်းရမယ်"

မာမီက လေဒီ့ဆံပင်လေးတွေကို သပ်တင်ပေးရင်း ချော့မော့သည်။ လေဒီက အငိုမရပ်၊ စိတ်ထဲက မဏိယွပ်ဆိုသည့် လူကြီး၏မျက်နှာချောချောကို မြင်ယောင်ကာ ပိုပြီး အမြင်ကတ်မုန်းတီးမိသည်။

လေဒီပြောထားသည့် ကြားက လူကြီးတွေကို လေဒီနှင့် လက်ထပ်ခွင့်တောင်းသည်။ သူ့လူဖြစ်အောင် အပိုင်စည်းရုံးသည်၊ မာမီတို့ မမဝေမီတို့ကအစ အားလုံး ဦးမဏိယွပ်လူတွေ ဖြစ်ကာ လေဒီကို သူနှင့်လက်ထပ်ရန် တိုက်တွန်းနားချကြသည်။

လက်ထပ်ဖို့ကိစ္စကို သဘောတူကြသည်။ တွေးရင်း ဝမ်းနည်းလာကာ လေဒီ ပို၍ ရှိုက်ငိုမိသည်။ လေဒီ့ကို ဘယ်သူမှ





တကယ်မချစ်။ တကယ်ချစ်လျှင် လေဒီ အခုလို ငိုနေရမည် မဟုတ်။

"ကဲပါကွယ်...သမီး ဒီလောက်ငိုနေတာ မြင်တော့ မာမီလည်း စိတ်ဆင်းရဲတယ်၊ လူကြီးချင်း စကားလွန်ထားတာကိုတော့ ပြန်မပြင်ချင်တော့ဘူး၊ လက်ထပ်ဖို့ ကိစ္စကိုတော့ လေဒီ သဘောကျသာ ဆုံးဖြတ်တော့ ဟုတ်လား"

"အဲဒီလူကြီးကို လေဒီ ဘယ်တော့မှ လက်မထပ်ဘူး မာမီ"

"အေးပါကွယ်...အေးပါ၊ သမီးသာ စိတ်ချမ်းသာအောင် နေ မငိုနဲ့တော့...တိတ်...တိတ်"

မာမီကိုယ်တိုင် လေဒီ့ ပါးပြင်ပေါ်က မျက်ရည်စွေကို လက်ကိုင်ပဝါဖြင့် ဖယ်ရှားတို့သုတ်ပေးသည်။ လေဒီငိုလွန်းသဖြင့် မာမီစိတ်ညစ်သွားတာ လေဒီသိသည်။

မာမီ စိတ်ညစ်သလို လေဒီလည်း စိတ်ညစ်ရတာကို မာမီ မသိ။ ဦးမဏိယွပ်ကိုသာ ပိုမုန်းမိသည်။ သူ့ကြောင့် လေဒီ အခုလို ငိုနေရတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။

မချစ်နိုင်ပါဆိုတာ သိလျက်နှင့် လေဒီကို စိတ်ညစ်အောင်၊ စိတ်ဆင်းရဲအောင် သူပဲ လုပ်နိုင်လွန်းသည်။ လေဒီကို သူ့အိမ် ဖွက်ခေါ်သွားပြီးကတည်းက လေဒီက မဏိယွှပ်ကို လုံးဝအတွေ့မခံ တော့ပါ။

အိမ်ထဲက အိမ်ပြင်လည်း မထွက်။

မဏိယွှပ် ဖုန်းလာလျှင်လည်း လုံးဝမကိုင်။ နောက်ဆုံး မဏိယွှပ် မကြံတတ်တာနှင့် နှစ်ဖက်လူကြီးစုံရာနှင့် လေဒီကို လက်ထပ်ခွင့်ပြုပါရန် တောင်းရမ်းနားဖောက်ဖို့ ဖြစ်သွားသည်။

မဏိယွှပ်လို လူတစ်ယောက်ကို သမက်အဖြစ် ငြင်းပယ် စရာမရှိသဖြင့် လေဒီ့ မိဘတွေကလည်း လက်ထပ်ခွင့်ပြုဖို့ လက်ခံ သဘောတူလိုက်သည်။ ပြဿနာက လေဒီဖြစ်သည်။

ထိုမင်္ဂလာကိစ္စကို ခါးခါးသီးသီး လက်မခံ။ ကလေး တစ်ယောက်လို အိပ်ရာထဲမှာ လူးလိမ့်ငိုသည်။ နောက်ဆုံး မာမိကပဲ လေဒီ့ကို လက်လျှော့အရှုံးပေးသည်။

"မာမီ…ဦးမဏိယွှပ်ကို လေဒီ မယူဘူးနော်"





"အေးပါကွယ်…အေးပါ"

"သူ့ကိုလည်း အိမ်အလာမခံပါနဲ့"

"ဩော်..ဒါတော့ ဖြစ်မလားကွယ်၊ သူလည်း လူကြီး လူကောင်း တစ်ယောက်ပဲ၊ သူ့ဘာသာ အိမ်လာလည်တာတော့ လက်ခံရမှာပေါ့"

"လေဒီ သူ့ကိုမုန်းတယ်"

နှုတ်ခမ်းစူနေသော သမီးငယ်မျက်နှာကို ကြည့်ရင်း ဒေါ်ခင်ဝေစီ ပြုံးပါသည်။ ငယ်ရာက ကြီးလာသူပဲလေ။ သမီးငယ် မဏိယွှပ်ကို တကယ်မုန်းတာ မမုန်းတာထက် မျက်နှာချင်းမဆိုင် လို့မုန်း အနေရခက် ရှက်လန့်နေမှန်းလောက်တော့ ရိပ်မိပါသည်။

"ဘာဖြစ်လို့ သမီးက သူ့ကို ဒီလောက်ကြီး မုန်းနေရဘာ လဲ သမီးရဲ့၊ မောင်မဏိယွှပ်က လူလိမ္မာ လူယဉ်ကျေးလေးပါ"

"သူ မုန်းစရာကောင်းတာ မာမီမှ မသိပဲ"

"ဘယ်လို မုန်းစရာကောင်းတာလဲ သမီးရဲ့"

"လေဒီ မကြိုက်တာကိုလုပ်တာ မုန်းစရာပေါ့ မာမီ၊ သူ့ကို လေဒီ မကြိုက်ဘူးလို့ ပြောထားလျက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪကွယ်…ဒါကတော့ သူက သမီးကို သိပ်ချစ်နေတာကို သမီးရဲ့"

"မာမီကလည်း သူ့ဘက်ကချည်း လိုက်ပြောနေတာပဲ"

ငိုတော့မယောင် မျက်နှာနှင့် ဆိုလာသည့် သမီးအဖြစ်ကို ကြည့်ပြီး ဒေါ်ခင်ဝေစီ ချစ်စနိုးရယ်မိသည်။

"ထင်လို့ပါကွယ်၊ မာမီ့သမီးကလည်း စိတ်ချည်းပဲကိုးကွဲ့၊ မိန်းကလေးဆိုတာ လာဘ်ဦးမပယ်ကောင်းဘူး သမီးရဲ့၊ သမီးသာ မောင်မဏိယွပ်ကို မယူချင်ဘူးဆိုပြီး ငိုနေတာ၊ ဇာလီဝင့်ထည်ကိုသာ မောင်မဏိယွပ်က လက်ထပ်ပါရစေဆိုရင် အမလေး ပျော်လွန်းလို့ ဘယ်လောက်များ ခေါင်းမော့ ရင်ကော့နေမယ် မသိဘူး"

မာမီ့စကားကြောင့် လေဒီ နည်းနည်းတော့ တွေသွားသည်။ ဇာလီဝင့်ထည်အကြောင်း လေဒီသိသလို မာမီလည်းသိသည်။ မာမီပြောသလိုသာ ဖြစ်လာခဲ့ရင်တော့ မိဇာလီက ဘယ်သူ့ကိုမှ လူထင်မည်မဟုတ်တာ သေချာသည်။

"လိမ္မာစမ်းပါ သမီးလေးရယ်၊ အခု လက်မထပ်ချင်





လည်း နေပါကွယ်၊ မောင်မဏိယွပ်လို လူတစ်ယောက်က မာမီ့သမီးလေးကို လက်ထပ်ခွင့်တောင်းလိုက်ပြီ ဆိုတာနဲ့တင် အားလုံးက သမီးကို မနာလို အားကျနေကြပြီသိလား၊ စေ့စပ်ထားလိုက်မယ်နော် သမီးလေး"

"လေဒီ သူ့ကို မုန်းတယ် မာမီ"

"သမီးက လိမ္မာပါတယ်ကွယ်၊ မိဘတွေ စိတ်ချမ်းသာရင် မာမီ့သမီးလေးလည်း စိတ်ချမ်းသာ ပျော်ရွှင်ရမှာပါ"

အခန်းထဲက မာမီထွက်သွားတော့ လေဒီတစ်ယောက်တည်း အတွေးပေါင်းစုံဖြင့် ကျန်ခဲ့သည်။ စိတ်ထဲက ဇာလီဝင့်ထည်ကို မခံချင်တာကတစ်မျိုး၊ ဦးမဏိယွပ်ဆိုသည့် လူကြီးကို မုန်းတာကတစ်မျိုးနှင့် တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိပဲ စိတ်အညစ်ကြီးညစ်လျက် တစ်ယောက်တည်း ကျိတ်ပြီး မျက်ရည်ကျနေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

"ဝမ်းသာလိုက်တာ လေဒီရယ်၊ မိဇာလီတော့ အူပုပ်ပြီး သေတော့မယ် ထင်တယ်၊ မနေ့က ဆေးခန်းမှာ အမွေးထည်နဲ့ တွေ့လိုက်တယ် သိလား"

"သူ့အကြောင်း မသိချင်ပါဘူး ပိုးကြူရယ်၊ ဟိုလူကြီးနဲ့ လေဒီ ဒီကိစ္စ စိတ်ညစ်လွန်းပါတယ်ဟယ်"

"နင် မလိုချင်ရင် ငါ့ဆီပစ်လိုက်လေ၊ ခစ်...ခစ်"

"တော်စမ်းပါဟယ်၊ စိတ်ညစ်ပါတယ်ဆိုမှ"

"ပိုးကြူတော့ အပျော်ဆုံးပဲ"

လေဒီ စိတ်ညစ်သလောက် ပိုးကြူက ပျော်လွန်း၍ တခစ်ခစ် ဖြစ်နေသည်။ လေဒီနှင့် ဦးမဏိယွပ် မင်္ဂလာသတင်းက



www.burmeseclassic.com

www.burmeseclassic.com



ပိုးကြူတို့ အသိုင်းအဝိုင်းမှာ ရေပန်းအစားဆုံး သတင်းဖြစ်နေသည်။

အားလုံးက စိတ်ဝင်းစားနေကြသည်။ စောင့်ကြည့်နေကြသည်။ သတင်းနားစွင့်နေကြသည်။ အားလုံးထဲမှာ ဇာလီဝင့်ထည်က အဆိုးဆုံးဖြစ်သည်။

ဦးမဏိယွပ်ကို တစ်နေ့ သူမပိုင်ဆိုင်ခွင့်ရလိမ့်မည်ဟု အပြတ်အသတ် ယုံကြည်စိတ်ချထားရာမှ လေဒီဆိုသည့် မိန်းမလက်ထဲပါသွားသည်ဆိုတော့ အပေါင်းအသင်းတွေကြား လေကြွားထားသမျှ လှလှပပကြီး အထိနာသည့်ပွဲဖြစ်သွားသည်။

ရှက်ပြီး ဘာမှမစားနိုင် မသောက်နိုင်ဘဲ အိပ်ရာထဲလဲသွားသဖြင့် ဆေးခန်းရောက်သွားသည်။ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် လေဒီသူငယ်ချင်း ပိုးကြူနှင့် သွားတိုးသည်။

ပိုးကြူက သူငယ်ချင်းလေဒီကိုယ်စား ဂုဏ်ယူဝင့်ကြွားပြီး ခေါင်းမော့ရင်ကော့လာချိန်မှာ လေဒီဆိုသည့် ဦးမဏိယွပ်၏ သတို့သမီးလောင်းက ဦးမဏိယွပ်ကို မယူချင်တာနှင့် စိတ်ညစ်နေရှာသည်။ မိဇာလီသိလျှင် ကဲသည် ထင်ဦးမည်။

"ဦးမဏိယွပ် စိတ်ညစ်အောင် ဘယ်လိုလုပ်ရမလဲ





ပိုးကြူ"

"ရှိန်းနဲ့ တွဲပြလိုက်"

"ဟင်"

"ရှိန်းနဲ့ တွဲပြလိုက်တော့ ဦးမဏိယွပ်စိတ်ညစ်သွားမှာပေါ့"

"ဖြစ်ပါ့မလားဟယ်"

"ဖြစ်ပါတယ်"

ပိုးကြူကတော့ ခပ်လွယ်လွယ်။

လေဒီကတော့ ရှိန်းကို လန့်နေသည်။ အစထဲကမှ ရှိန်းက လေဒီဆို အသည်းအသန်ဖြစ်နေရသည့်အထဲ အရှုး အမဲသားကျွေးမိသလိုဖြစ်မှ ခက်မည်။

ဟန်ဆောင်တာ ဘာညာ ဟိုကသိမှာမဟုတ်။ သိလည်း လက်ခံချင်မှ လက်ခံမည့် လူစားမျိုး။ စိတ်ညစ်ပါသည်ဆိုမှ ပို၍ စိတ်ညစ်နေရလျှင် မလွယ်၊ အပြောမှာ လွယ်ပေမယ့် လက်တွေ့မှာ ခက်သည်။

"မဖြစ်သေးပါဘူး ပိုးကြူရယ်၊ ရှိန်းကလည်း တစ်မျိုး၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်စရာပါ၊ သူ့ကြောင့် ပိုဒုက္ခရောက်နေပါ့မယ်''

''ဒါဆိုလည်း မမသဘောပါရှင်၊ ပိုးကြူကတော့ လေဒီ လက်ထပ်ရင် သတို့သမီးအရံလုပ်မယ်၊ ပိုးကြူရဲ့သတို့သားအရံ က ဘယ်သူဆိုရင်ကောင်းမလဲဟင်''

''ဘယ်သူမှ မကောင်းဘူး''

''လေဒီကလည်းဟယ်၊ ကိုယ့်သူငယ်ချင်းကို ဒီလို ပြောစရာလား''

''ဒါထက်မကတောင် ပြောချင်တာ''

''ဘာဖြစ်လို့''

''ဦးမဏိယွပ်ကို လက်မထပ်ချင်လို့''

''ဖြစ်မလား၊ လူကြီးချင်းတောင် ပြောဆိုပြီးနေပြီ၊ စိတ်ကိုသာ ဒုန်းဒုန်းချလိုက်တော့''

''ဘာလုပ်ဖို့လဲ''

''ဦးမဏိယွပ်ကိုပဲ လက်ထပ်ပါတော့မယ်လို့၊ ခစ်..ခစ်'' ပိုးကြူက အူမြူးနေသည်။

လေဒီနှင့်အတူ လျှောက်လည်ရသည့်အတွက် ပျော်နေတာ





လည်း ပါသည်။ သွားချင်ရာသွား၊ စားချင်ရာစား လွတ်လပ်ရေးရ နေသည်။

လေဒီ တကျိုကျိုငိုယို ကျိုကျနေသဖြင့် မာမီက မမဝေမီနှင့် တိုင်ပင်ပြီး လေဒီနှင့် ပိုးကြူကို ဒရိုင်ဘာ ဦးအေးနှင့် အပြင် ထွက်လည်ပတ်ခွင့်ပေးထားသည်။

လေဒီက မမဝေမီအိမ်ကိုလည်း မသွား၊ အိမ်မှာလည်း အနေချင်၊ ဦးမဏိယွပ်ရန်ကို ကြောက်ပြီး ရှောင်ပြေးချင်နေတာနှင့် တစ်နေကုန် အပြင်မှာနေပြီး မိုးချုပ်မှ အိမ်ပြန်လိုသူဖြစ်သည်။

ဒါမှ ဦးမဏိယွပ်နှင့် မတွေ့ရမှာဟု ခပ်လွယ်လွယ် တွေးပေမယ့် ပြဿနာက ဤမျှနှင့် အလွယ်တကူ ပြီးသွားမည် မဟုတ်မှန်း အားလုံးသိသည်။

ဒီနေ့ကစပြီး ကိုကိုတော်မီအိမ်မှာ သွားနေမည်။ ဖျတ်ခနဲ လေဒီအတွေးထဲ ရောက်လာသည့် အတွေးသစ်ဖြစ်သည်။ မာမီတို့ ဝေမီတို့က တဆိတ်ရှိ ဦးမဏိယွပ်ကိုပဲ အားနာကြသည်။ လေဒီကို တော့ အားနာရကောင်းမှန်း မသိ။

ဦးမဏိယွပ် အိမ်ကိုလာလာလည်နေတာကိုလည်း လေဒီ



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည်။ မုန်းသဖြင့် တစ်ခါမှ ထွက်မတွေ့။ လေဒီထွက်မတွေ့ မုန်း သိလျက်နှင့် ဦးမဏိယွပ်ကလည်း ဖွဲ့မလျှော့၊ အသွားအလာ မပျက်။

"ဦးအေး အပြန်ကျရင် ကိုကိုတော်မီအိမ်မှာ လေဒီ နေခဲ့မယ်နော်၊ မာမီမေးရင် ကိုကို့ဆီမှာ ညအိပ်မှာလို့ ပြောလိုက်"

"အေးပါ ကလေးရယ်"

"ပိုးကြူက အိမ်ပဲပြန်မှာနော်"

"ပြန်ပါ…ဘယ်သူက ရှင့်ကို ခေါ်ထားမယ်ပြောလို့လဲ"

"မာမီက မှာထားလို့ပါဟယ်၊ သူများကိစ္စထဲ ဝင်မရှုပ် နဲ့တဲ့၊ ခစ်…ခစ်"

ပိုးကြူမာမီက မှာခြင်းမဟုတ်။ ပိုးကြူဘာသာ လုပ်ကြံ ပြောခြင်းဖြစ်ကြောင်း တခိခိရယ်နေသော ပိုးကြူမျက်နှာကို ကြည့်တာနှင့် သိပါသည်။

"အလကား ပိုးကြူစုတ်"

ကိုကိုတော်မီအိမ်ရှေ့မှာ လေဒီဆင်းနေခဲ့သည်။

ပိုးကြူက လက်တပြပြနှင့် ဦးအေးကားထဲ ပါသွား





သည်။ ဘာအပူအပင်မှ မရှိ။ လေဒီလည်း ပိုးကြူလို နေနိုင်ပါလျှင် ကောင်းမည်အတွေးဖြင့် လေဒီ ဝမ်းနည်းလာသည်။

"လေဒီ"

"ဟင်…ရှိန်းပါလား"

ရှိန်းကို ဖြန်းခနဲ အနီးကပ်တွေ့လိုက်ရတော့ လေဒီ လန့်သွားသည်။ ရှိန်းကတော့ သိပ်လှသည့် လေဒီ့မျက်နှာလေးကို စေ့စေ့ကြည့်ရင်း စိတ်တွေ လှုပ်ရှားနေသည်။ ရင်ခုန်သံတွေ မြန်နေ သည်။

"ဘယ်ကို လာတာလဲ လေဒီ၊ ဒါ ရှိန်းတို့အိမ်လေ"

"ဟုတ်လား"

အခုမှ လေဒီ အံ့သြနေသည်။

ရှိန်းအိမ်က ကိုကိုတော်မီအိမ်နှင့် ခြံချင်းကပ်လျက် ဖြစ်နေသည်။

"ဒီအိမ်က လေဒီ့အစ်ကို ကိုကိုတော်မီ အိမ်လေ"

"ဟုတ်လား…အစ်ကိုတော်မီကို သိတယ်၊ လေဒီ့အစ်ကို မှန်း မသိဘူး၊ အခု လေဒီက အစ်ကို တော်မီဆီလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဝမ်းသာလိုက်တာ လေဒီရယ်၊ လေဒီ့ဆီကို ရှိန်း နေ့တိုင်းလာလည်မယ်နော်၊ အစ်ကိုတော်မီ မိန်းမက ရှိန်းအစ်မ ဝမ်းကွဲလေ"

"ဟုတ်လား"

အာ့ရေးထဲ အမျိုးကလာစပ်နေသေးသည်။

ရှိန်းနှင့် အစ်ကိုတော်မီ မိန်းမ အမျိုးတော်မှန်း အခုမှ လေဒီလည်း သိသည်။

"နေဦး…လူခေါ်ဘဲလ်ကို ရှိန်း နှိပ်ပေးမယ်"

ရှိန်းကပဲ သူ့ဘာသာ ပြောပြောဆိုဆို ခြံထိပ်က ဘုလေးကို နှိပ်ပြီး အိမ်ထဲကလူတွေကို လှမ်းခေါ်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးထဲက ဘာလှုပ်ရှားတာမှ မမြင်ရ။

"နေဦးကွ၊ အစ်ကိုတော်မီတို့ အိမ်မှာမရှိဘူးထင်တယ် ကားရပ်ထားတာလည်း မတွေ့ဘူး၊ ရှိန်းတို့အိမ်ကို လိုက်ခဲ့ ပါလား"

"ဟင်…မလိုက်ချင်ပါဘူး"





လေဒီ စိတ်ညစ်သွားသည်။

အရေးထဲကျမှ ကိုကိုတော်မီတို့က အိမ်မှာမရှိ။ အိမ်ကိုပဲ ပြန်သွားရမလား။ ကိုကိုတော်မီ ပြန်လာတဲ့အထိ ဒီအတိုင်းပဲ ခြံအပြင်က ရှိန်းနှင့်အတူ ငုတ်တုတ်ထိုင်စောင့်နေရမလား၊ ဘာလုပ်ရမှန်းမသိဘဲ လေဒီ ငိုချင်လာသည်။

"လေဒီ"

"ဟင်"

"ဖုန်းပါလား"

"ဟင့်အင်း…ယူမလာခဲ့ဘူး"

"ရှိန်း ဖုန်းသွားယူလိုက်မယ်လေ၊ အစ်ကိုတို့ကို လေဒီ ရောက်နေတဲ့အကြောင်း ဖုန်းဆက်လိုက်ပေါ့"

"နေပါစေ"

"ဘာဖြစ်လို့လဲ၊ ရှိန်းကို အားနာလို့လား"

"ဟိ"

"ဟော ဒက်ဒီ ပြန်လာပြီ"

ကားတစ်စီး လေဒီနှင့် ရှိန်းနားမှာကပ်ပြီး ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လျှောခနဲ ပြုတ်ကျလာသည့် ကားမှန်နောက်မှ ရှိန်း ဒက်ဒီ မျက်နှာ ပေါ်လာသည်။

"ဘယ်သူလေးလဲ သား"

"အစ်ကိုတော်မီ ညီမလေး ဒက်ဒီ၊ လေဒီတဲ့၊ ရှိန်းနဲ့လည်း သူငယ်ချင်းပဲ"

"ဟုတ်လား"

"အစ်ကိုတော်မီဆီလာတာ၊ အစ်ကိုတော်မီ မရှိလို့ အိမ်မှာ လိုက်စောင့်နိုင်းနေတာ၊ လေဒီက မလိုက်ဘူးတဲ့"

ရှိန်းက သူ့ဒက်ဒီဆိုသည့် လူကြီးကို ရှင်းပြနေချိန်မှာ လေဒီကတော့ ရှက်တာရော၊ စိတ်ညစ်တာပါ ပေါင်းပြီး နေရာက အငွေ့ပျံသွားချင်စိတ် ပေါက်နေပါသည်။

"ဒက်ဒီ့ကားကို ယူသွားပြီး မင်းသူငယ်ချင်းကို မုန့်လိုက်ကျွေးထားလိုက်လေ၊ ပြီးမှ တော်မီဆီကို ဖုန်းဆက်လိုက်ပေါ့"

"ဟုတ်ကဲ့၊ ဒက်ဒီ"

"လာ...သမီး၊ ဒီကောင်နဲ့လိုက်သွား"

"ဟုတ်ကဲ့"





ရှိန်းဒက်ဒီ ကားပေါ်ကဆင်းပြီး ခြံထဲကို ဒီအတိုင်း ခြေလျင် လျှောက်သွားသဖြင့် လေဒီမှာ တွန့်ဆုတ်တွန့်ဆုတ်နှင့်ပင် ရှိန်းနှင့်အတူ ရှိန်းကားပေါ်ရောက်သွားသည်။

"ရှိန်းဒက်ဒီက သဘောကောင်းတယ် မဟုတ်လား လေဒီ"

"အင်း"

"ရှိန်းက ပိုပြီး သဘောကောင်းသေးတယ်ဗျာ သိလား"

ရှိန်းက သူ့ကိုယ်သူ ကြော်ငြာဝင်နေတာကို မရယ်နိုင်၊ ရှိန်းကားပေါ်မှာ ဘာဆက်လုပ်ရမှန်းမသိဘဲ ငြိမ်ပြီး ပါလာသည်။

"ဘာဂါစားမလား လေဒီ"

"ဟင့်အင်း"

"ပီဇာရော"

"မကြိုက်ဘူး"

"ဒါဖြင့် ဘယ်ဆိုင်သွားမလဲ"

"ရှိန်း ကြိုက်တဲ့ဆိုင်သွား"

"နီးနီးနားနား ကျောက်စိမ်းကိုပဲ သွားလိုက်မယ်နော်



www.burmeseclassic.com

www.burmeseclassic.com



လေဒီ''

''ရှိန်းသဘောပါဆို''

လေဒီ့အသံက စိတ်မရှည်တော့သလို နှုတ်ခမ်းကလည်း စူချင်လာသည်။ စိတ်တော့ ဆိုးနေသည်။ ဘယ်သူ့ကို စိတ်ဆိုးနေမှန်း မသိပဲဖြစ်နေသည်။

''ကျွိုး''

''ကျွိုး''

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကော်ဖီဆိုင်ရှေ့မှာ ရပ်သွားသည်။ တစ်စီးက လေဒီနှင့် ရှိန်းစီးလာသည့် ရှိန်းဒက်ဒီ့ ကားဖြစ်ပြီး နောက်တစ်စီးကတော့ မဏိယွပ်၏ ကားဖြစ်သည်။ လေဒီကိုမြင်၍ သူ့ကားကို ရပ်လိုက်ခြင်းဖြစ်သည်။

လေဒီက မဏိယွပ်ကိုရော ကားကိုပါ မမြင်။ ရှိန်းနောက်က နှုတ်ခမ်းစူလျက် ဆိုင်ထဲသို့ ဝင်သွားသည်။ မဏိယွပ်ရင်ထဲ ပူထူသွားရသည်။ ကောင်လေးက လေဒီနှင့် သက်တူရွယ်တူ လူချောလေးတစ်ယောက်၊ လေဒီကို ကြည့်ရှုပုံကအစ မရိုးသား။

မြွေမြွေချင်း ခြေမြင်တာလားမသိ။ ဒီကောင်လေးသာ





ေလဒီရည်စားဆိုလျှင် ခက်ပြီ။ မဏိယွပ် ဘာဆက်လုပ်ရမှန်း မသိ။ လူကြီးတွေက မဏိယွပ်နှင့် သဘောတူထားကြတာ မှန်သည်။ သူနှင့် လက်ထပ်မည့် လေဒီဆိုသည့် ချစ်သူလှလှက မဏိယွပ်ကို သူမနှင့် လက်ထပ်ဖို့ သဘောတူလက်ခံထားခြင်း မဟုတ်။

မဏိယွပ်နည်းနည်းတော့ ခေါင်းရှုပ်သွားသည်။ လေဒီ့နားကို ဘယ်အချိန်က ရောက်နေမှန်းမသိသည့် ကောင်လေးကြောင့်ပါ။ ဆိုင်ထိပဲ လိုက်ဝင်သွားရမလား၊ ဆိုင်အပြင်ကပဲ လေဒီကို ဖမ်းခေါ်သွားရမလား စဉ်းစားမရပဲ အတော်ဗျာများသွားသည်။

နောက်ဆုံး ငြိမ်ငြိမ်လေးပဲ လေဒီ့ကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

လေဒီက သူမကို စောင့်ကြည့်နေသူ ရှိမှန်းမသိ။ ကော်ဖီအေးကို ပိုက်နှင့်ထိုးဖွပြီး ဟိုဆွဒီဆွ လုပ်သည်။ ရှိန်းမှာပေးသည့် မုန့်တွေကိုလည်း ထိုအတိုင်း ဘာတစ်ခုမှ ဟုတ်တိပတိ မစား။

''လေဒီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"စိတ်မဆိုးရင် တစ်ခုလောက် မေးမလို့"

ရှိန်းကို လေဒီက မော့ကြည့်သည်။ ရှိန်းက လှပသော လေဒီမျက်နှာလေးကို စိတ်လှုပ်ရှားစွာ ငေးနေသည်။

"ဘာမေးမလို့လဲ"

"ဟို..လေဒီ လက်ထပ်တော့မှာဆို"

"ဟင်"

ဖြန်းခနဲ လေဒီ့ မျက်နှာပူနွေးသွားသည်။ လေဒီ့ အကြောင်းတွေ ရှိန်းပါ သိနေပါရော့လား။ လှပသော မျက်နှာလေး နီမြန်းလျက် မဏိယွပ်ဆိုသည့် လူကြီးကို ဒေါသထွက်ရပြန်သည်။ အဲဒါတွေဟာ အဲဒီလူကြီးကြောင့်ဆိုသည့် အတွေးနှင့် ရှိန်းကို မျက်နှာပူပူနှင့် မေးခွန်းပြန်ထုတ်မိ၏။

"ရှိန်းကို ဘယ်သူပြောလဲ"

"ဇာလီ"

"အမ်"

ဇာလီဝင့်ထည်ဆိုတာနှင့် လေဒီဘာပြောရမှန်းမသိ





ဖြစ်သွားသည်။ မဟုတ်ဘူးလို့ပဲ ပြောရမည်လား၊ ဟုတ်တယ်လို့ပဲ ပြောရမလား။ မဟုတ်ဘူးဆိုလျှင် လေဒီကို အားမနာပ ပြောဦးမည်။ ဟုတ်တယ်ဆိုရင်တော့ ပိုးကြူပြောသလို အူပုပ်သေလိမ့်မည်။

"ဟုတ်လား...လေဒီ၊ အဲဒီလူက ဇာလီချစ်သူဆို"

"ဘာ...ဇာလီက အဲဒီလိုပဲပြောသလား"

"ရှိန်းလည်း မယုံပါဘူး၊ ဇာလီရည်စားဆိုရင် ဇာလီ့ကိုပဲ ယူမှာပေါ့၊ လေဒီကြားရင် မခံချင်အောင် တမင်ပြောတာ နေမှာပါ"

စပ်ဖျင်းဖျင်းဒေါသက လေဒီ့ တစ်ကိုယ်လုံး ဖျံ့နှံ့လာသည်

မိဇာလီနဲ့တော့ မလွယ်ပါလား၊ မစားရတဲ့အမဲ သဲနှင့်ကျုံးပက်တယ် ဆိုတာ ဇာလီဝင့်ထည်လို စိတ်ဓာတ်မျိုးကို ပြောတာဖြစ်မည်။

ဦးမဏိယွပ်က ဇာလီ့ရည်းစားတဲ့၊ ဖျတ်ခနဲ လေဒီ ခေါင်းထဲ အတွေးတစ်ခု ရောက်လာသည်။

"ဒီမှာ..ရှိန်း၊ ဇာလီ့ကိုတွေ့ရင် ပြောလိုက်စမ်းပါ၊ ဦးမဏိယွပ်က ဇာလီ့ချစ်သူဆိုရင် တစ်ခါတည်း ခိုးရာလိုက်သွားလိုက်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမဏိယွှပ်တဲ့လား"

"အင်း"

"နာမည်ကြီးပဲ"

"ရှိန်း သိလို့လား"

"လူချင်းတော့ မသိပါဘူး၊ ဒီလိုပဲ ကြားဖူးတာပါ၊ လူကိုတော့ ခပ်ဝေးဝေးက တစ်ခါလားမြင်ဖူးတယ်"

လူချောလူခန့်တစ်ယောက်ပါဆိုသည့် စကားကို ရှိန်း တမင် ထည့်မပြောပါ။ ရှိန်းကိုယ်တိုင်က လေဒီကို သေမတတ်ချစ်သူ ဆိုတော့ ဦးမဏိယွှပ်ကို စိတ်ညစ်ပြီး သူ့ကို ချစ်သူအဖြစ် ရွေးချယ် ပါစေလို့ ကျိတ်ဆုတောင်းနေသူပါ။

"လေဒီ"

"ဟင်"

"ဟိုမှာ...လူတစ်ယောက် လေဒီ့ကို ကြည့်နေတယ်၊ လေဒီသိလား"

"ဘယ်မှာလဲ"

"ဟိုမှာ"





"ဟာ...ဦးမဏိယွှပ်"

နေရာက ဝုန်းခနဲ ထမိမတတ် လန့်သွားဟန်ကို မဏိယွှပ် သဘောကျစွာ ကားကို ကျောမှီအနေအထားအတိုင်း လက်ပိုက်ပြီး လေဒီ မျက်နှာလှလှလေးကို မပြုံးမရယ်စိုက်ကြည့်နေပုံကြောင့် လေဒီမျက်နှာလေး သိသာစွာ ငိုမဲ့မဲ့ဖြစ်သွားရပါသတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"လေဒီ သူငယ်ချင်းလား"

လေဒီက မဖြေ။

ရှိန်းက လေဒီ့မျက်နှာကို တစ်လှည့်၊ မဏိယွပ်ဆိုသည့် လူချောကြီးကို တစ်လှည့်ကြည့်လျက် ရင်တွေ ပူလောင်နေသည်။

"ကိုယ်က လေဒီရဲ့ မဏိယွပ်ပါ"

"အို"

"ဟုတ်ကဲ့…ကျွန်တော်က ရှိန်းပါ"

မဏိယွပ် ကမ်းပေးသည့် လက်ကို ရှိန်းက ဟန်မပျက် လက်ဆွဲနှုတ်ဆက်လိုက်ရပေမယ့်၊ ရှိန်းမျက်လုံးတွေကတော့ လေဒီ မျက်နှာလှလှလေးက မခွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မဏိယွပ်ကလည်း မြင်ပါသည်။ လေဒီကတော့ သူ့ကိုယ်သူ မဏိယွပ်ပါလို့ ရိုးရိုးသားသားပြောပြီး မိတ်မဆက်ပဲ လေဒီရဲ့မဏိယွပ်ပါလို့ ပြောတာကို ပို၍မုန်းနေမိသည်။

အစကထဲကလည်း ကြည့်ရသည်ကလည်း မဟုတ်၊ ဒီလူကြီးနဲ့ ပတ်သက်မိတာကိုက လေဒီအမှားပဲဟု ဦးမဏိယွပ် ဆိုသည့် လူကြီးကို မကျေနပ်တိုင်း စိတ်ထဲကပဲ လေဒီ့ကိုယ် လေဒီ အပြစ်တင်နေမိ၏။

"သွားမယ်လေ...ဒီအချိန်ဆို အစ်ကိုတော်မီလည်း ပြန်ရောက်လောက်ပါပြီ၊ ကျွန်တော်တို့ကို ခွင့်ပြုပါ"

"ကောင်းပါပြီဗျာ"

မဏိယွပ်က သူ့ကို နှုတ်ဆက်လာသည့် ရှိန်းကို တုံ့ပြန် နှုတ်ဆက်လိုက်ပေမယ့် မျက်လုံးအကြည့်တွေကတော့ လေဒီ မျက်နှာလလှလေးမှာသာ ရှိနေပါသည်။

သူ့ကို လေဒီ ဘာများပြောမလဲလို့ပါ။ လေဒီက မဏိယွပ်ကို တစ်ချက်ပင် အရေးမလုပ်။ ရှိန်းဆိုသည့် ချာတိတ် လေးနောက် ကောက်ကောက်ပါအောင် လိုက်သွားတာမို့ မဏိယွပ်





ပြုံးလိုက်သည်။

လေဒီနဲ့ကျမှ မဏိယွပ် ခံရဖို့ချည်းဖြစ်နေတော့တာ ပါလား။

အမြဲတမ်း ဂရုစိုက်ခံနေရသူမို့လားမသိ။ မဏိယွပ်အတွက် လေဒီ ဘာပဲလုပ်လုပ် ထူးခြားဆန်းသစ်သော ခံစားမှုများနှင့် အမြဲတန်း ချစ်စရာချည်းဖြစ်နေတာကိုလည်း ပြော၍လည်း ယုံချင်မှ ယုံကြည်မည်ထင်သည်။

မဏိယွပ်ကို တစ်ချက်လှည့်မကြည့်ပဲ ရှိန်းကားပေါ် ကျော့ကျော့လေး ပါသွားသူနောက်က မဏိယွပ်ကားကို မောင်းခဲ့ သည်။

"ဟိုလူ့ကား လိုက်လာပြီး လေဒီ၊ ရှိန်း ဘာလုပ်ပေးရ မလဲ"

"ကိုကို့တော်မီ အိမ်ကိုပဲမောင်းပါ"

ရှောင်ပြေး၍ မလွတ်မှန်း ရှိန်းမသိပေမယ့် လေဒီသိထား သည်။ ရှိန်းကားလေး ဝေါခနဲ မြင်ကွင်းတွေကို ချန်ထားခဲ့သည်။

"လိုအပ်ရင် လေဒီ့နားမှာ ရှိန်းနေပေးမယ်နော်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လေဒီသိအောင် ရှိန်းထပ်ပြောမယ်၊ လေဒီ ဘယ်လို အခြေအနေမှာပဲ ရှိနေရှိနေ ရှိန်းရင်ထဲက ချစ်မေတ္တာက လေဒီတစ်ယောက်တည်းအတွက်ဆိုတာ အမြဲမှတ်ထားပါ''

ရှိန်းက ခံစားချက်အပြည့်ဖြင့် ရင်နာနာနှင့် အလေးအနက်ထားပြီး လေဒီ့ကို သူ့ရင်ထဲက ခံစားချက်တွေ တုန်တုန်ရီရီပြောနေပေမယ့် လေဒီက ဂရုမစိုက်၊ စိတ်လည်း မဝင်စား။

ရှိန်းနှင့် လေဒီကြားမှာ ဒီလိုချစ်ရေးဆို ရည်စားစကားပြော ချစ်ခွင့်တောင်းနေသည့် အကြိမ်အရေအတွက်က မနည်းတော့။ ရှိန်းကို လေဒီက စိတ်မဝင်စား၊ ချစ်သူအဖြစ် ရွေးချယ်ဖို့ဆိုတာ စိတ်ကူးထဲမှာပင် မရှိ။

ရှိန်းခံစားနေရတာ၊ အသည်းကွဲပြနေတာတွေ မြင်တွေ့ရပေမယ့် လေဒီနှင့်မဆိုင်သလို နေနိုင်ခဲ့သည်။ ရှိန်းက ရုပ်ဆိုး၍မပုတ်။ ရှိန်းဆိုတာ လူချောလေးတစ်ယောက်။ အနားမှာလည်း အိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေသူ။

တစ်ခုပဲ ရှိန်းနှင့် လေဒီကြားမှာ ပြောစရာရှိသည်။ ရှိန်းဘယ်လိုနေနေ ဘာကြီးပဲ လုပ်ပြလုပ်ပြ ရှိန်းအပေါ်မှာ လေဒီ့ဘက်





ဘာခံစားချက်မှ မရှိခြင်းဖြစ်သည်။

ရှိန်းနှင့် ပတ်သက်ပြီး လေဒီအသည်း မာထန်တင်းပြတ်နေသလောက် မဏိယွှပ်ဆိုသည့် လူကြီးနှင့်ကျတော့ လေဒီ့ရင်ထဲအသည်းထဲမှာရော ခံစားချက်မျိုးစုံ ဝေဝေဂပေါင်းစုံ ရှုပ်ယှက်ခတ်နေကာ အခုပဲ ရယ်ချင်သလိုလို၊ ငိုချင်သလိုလိုနှင့်။

မဏိယွှပ်ဆိုသည့်လူကြီးမျက်နှာကို မြင်တာနှင့်ပင် လေဒီတုန်လှုပ်နေသည်။ ရှက်လန့်ချောက်ချားနေသည်။ သူနှင့် မျက်နှာချင်းမဆိုင်ချင်။ သူ့အကြည့်တွေကို လေဒီ ကြောက်သည်။

လေဒီ့အနားကို ရောက်မလာစေချင်။ ဤကား လေဒီဆုတောင်းဖြစ်ပေမယ့် ဆုတောင်းကမပြည့်။

''လေဒီ''

''ဟင်''

''ဦးမဏိယွှပ်ကို ချစ်လား''

''မုန်းတယ်''

''ဟင်''

ရှိန်းက လေဒီအဖြေကို တအံ့တသြအမူအရာနှင့် လေ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးကို အလန့်တကြား ပုမ်းကြည့်သည်။

"ဇာလီပြောတော့ လေဒီတို့ လက်ထပ်ကြတော့မှာဆို၊ ကိုယ်မချစ်တဲ့လူကို ဘာလို့ လက်ထပ်မှာလဲ၊ အခုမှ လေဒီ့အသက်က ငယ်ငယ်လေးရှိသေးတာ၊ ပြောစရာရှိတာ အပြတ်ပြောလိုက်ပါလား၊ သိလျက်နှင့် လေဒီ့ကို နှောင့်ယှက်နေတာလား"

လေဒီ မပြောတတ်။

"အကူအညီလိုရင် ပြောနော် လေဒီ၊ ဒီလူကို ရှိန်းလည်းကြည့်လို့မရဘူး၊ လိုအပ်ရင် လေဒီ့ရှေ့မှာ ရှိန်းရပ်ပေးမယ်"

"ဟိုမှာ…ကိုကိုတော်မီကား မဟုတ်လား ရှိန်း"

ကိုကို့ကားကို မြင်လိုက်ရသဖြင့် လေဒီ ဝမ်းသာသွားသည်။ ကိုကို့မြင်ရင် ဟိုလူကြီး ခြေလှမ်းတွေများ တန့်သွားမလားရယ်လို့ပါ။ ပွင့်နေသည့် တံခါးအတိုင်း ရှိန်းက သူကားလေးကို မောင်းဝင်လိုက်တော့ ရှိန်းကားနောက်က မဏိယွှပ်ကားက ကပ်ပါလာသည်။

"ကြည့်စမ်း…ဒီလူ"

"ရှိန်း အသာနေပါ၊ လေဒီ့ကိစ္စကို လေဒီဘာသာ





ရှင်းပါမယ်၊ လိုက်ပို့ပေးတာ ရှိန်းကို ကျေးဇူးတင်ပါတယ်၊ ရှိန်းသွားတော့နော်"

"ရှိန်းသွားပြီ လေဒီ"

"အင်း"

ရှိန်းက မကျေမနပ်နှင့် ကားကို ခြံထဲက ဟအားမောင်းထွက်သွားသည်။

"သူငယ်ချင်းပြန်သွားပြီလား"

ကားပေါ်က ဆင်းလာသည့် မဏိယွှပ်က လေဒီ့နားရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။ လေဒီက မဖြေ၊ အိမ်ထဲက ကိုကိုတော်မီ ထွက်လာသည်။

"ကိုကို"

"လေဒီပါလား…မာမီ အခုပဲ ဖုန်းဆက်လို့၊ ကိုကို့ဆီမှာ နေမလို့ဆို"

"ဟုတ်"

"မဏိယွှပ်…မင်းကရော ဒီမှာပဲ နေမလို့လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား"

လေဒီ့မျက်နှာလေးပေါ်မှာ အံ့ဩခြင်းတို့ ဖြစ်ထွန်းပြည့်သိပ်သွားသည်။ လေဒီ့မျက်နှာလှလှလေးကို ခပ်ပြုံးပြုံးစူးစိုက်ကြည့်နေသည့် ဦးမဏိယွှပ်နှင့် ကိုကိုတော်မီတို့၏ ဆက်ဆံရေးကို လေဒီ လိုက်မမီဖြစ်သည်။

ကိုကိုတော်မီကို တွေ့လျှင် ဦးမဏိယွှပ်ဆိုသည့် လူကြီးခြေလှမ်းတန့်သွားသည်ဟု ထင်ခဲ့သမျှ အားပါတရ ရယ်မောလိုက်သည့် ကိုကိုတော်မီနှင့် မျက်နှာနီနီဖြင့် ပြုံးနေသည့် ဦးမဏိယွှပ် အပြုံးတွေက အဓိပ္ပာယ်ပါပါ သက်ဝင်လွန်းတာမို့ ကြားထဲက လေဒီပါ အနေရခက်စေသည့် အဖြစ်ပါ။

"ဟိုမှာ…ပြောလိုက်ဦး၊ မင်းညီမ အံ့ဩနေတယ် တော်မီရ"

"မဏိယွှပ်နဲ့ ကိုကို သူငယ်ချင်းတွေကွ ညီမလေးရ"

"ဟာ"

"မိန်းမတွေကို အသည်းခွဲတမ်း ကစားလာခဲ့တဲ့ လူ အခု လေဒီနဲ့ကျမှ ထိတာပဲ"





"ဟိတ်ကောင်…တော်မီ၊ တော်ကြာ လေဒီက ငါ့ကို ရည်းစားအများကြီးထားတဲ့ ကောင်ဆိုပြီး အထင်လွဲနေပါဦးမယ်ကွ၊ သေချာရှင်းပြလိုက်ဦး"

"ရှင်းမပြနဲ့ ကိုကို၊ လေဒီ ဘာမှမသိချင်ဘူး၊ လေဒီ အိမ်ထဲဝင်တော့မယ်"

"လေဒီ"

ကိုကိုတော်မီက လှမ်းခေါ်ခြင်းမဟုတ်ပါ။ သူတို့ နားက ချာခနဲက လှည့်ပြေးသွားသည့် လေဒီကို မဏိယွှပ်က လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

လေဒီက နောက်ကို တစ်ချက်လှည့်မကြည့်။ ကိုကိုတော်မီနှင့်မှ သူငယ်ချင်းလာဖြစ်နေသော ဦးမဏိယွှပ်ကိုသာ ပိုမုန်းနေမိသည်။

"မင်းကွာ…လေဒီ ငါ့ကို အထင်လွဲသွားပြီကွ"

"လွဲပါစေ၊ ဒါမှ မင်းမှာ ချစ်သူရည်စားတွေ အများကြီး ပါလားဆိုပြီး လေဒီ သဝန်တိုတတ်လာမှာ"

"မလုပ်နဲ့ကွ၊ သူမုန်းမှာ ငါကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝဋ်လည်တယ်ဆိုတာ ဒါပဲကွ၊ ချယ်ရီ့ကို သတိရတယ်"

"မဆိုင်တာမပြောကြေးကွာ၊ ချယ်ရီ့ကို ငါဘာမှမလုပ်ခဲ့တာ မဟုတ်ဘူး၊ မင်း အသိဆုံးပါ"

"မင်း ချစ်တာတာကို ပြောတာပါကွ"

"ဟုတ်တယ်…လေဒီ့ကိုတော့ ငါတကယ်ချစ်တာ သူ့ကိုတွေ့စတုန်းက မင်းညီမမှန်း သိခဲ့တာမဟုတ်ဘူး၊ ဘယ်သူမှန်းမသိပဲနဲ့ကို သူ့ဘာသာ ချစ်သွားတာ၊ နောက်မှ မင်းညီမမှန်းသိတာ"

လေဒီအကြောင်း ပြောနေသည့် မဏိယွပ်မျက်နှာချောချောက နူးညံ့သိမ်မွေ့စွာ ချစ်စနိုးပြုံးနေဟန်က ကြည့်ကောင်းလှပါသည်။ တော်မီကိုယ်တိုင်လည်း ဓာမီနှင့် ညီမဝေမီပြောတုန်းက လေဒီကို ဖွတ်လိုက် ဖွတ်ကြိုက်နေသူမှာ မဏိယွပ်မှန်း မသိသေး။

နောက်မှ နိုင်ငံခြားမှာ အတူကျောင်းနေလာသည့် မဏိယွင်မှန်း သိရတာဖြစ်သည်။ လူချော၊ လူဖြောင့် ဖြစ်ပေမယ့် အချစ်ရေးကိစ္စမှာ ဘယ်တုန်းကမှ နာမည်ပျက်မရှိခဲ့သော မဏိယွပ်





လို လူနှင့် ညီမကို တော်မီလည်း သဘောတူခဲ့သည်။

အားလုံးက မဏိယွပ်ကို အသိအမှတ်ပြု လက်ခံကြပေမယ့် လေဒီက မဏိယွပ်ကို ဘာတစ်ခုမှ အသိအမှတ်မပြု။ တစ်နေကုန် မဏိယွပ် တော်မီတို့အိမ်မှာနေသည်။ လေဒီအရိပ်ကိုပင် မမြင်ရ။

"ရှိန်းဆိုတာ ဘယ်သူလဲ တော်မီ"

"လေဒီ့ကို ကြိုက်နေတဲ့ကောင်လေးပေါ့၊ ဘာဖြစ်လို့လဲ"

"ကိုယ့်ကိုရှုံ့ပြီး ရှိန်းနောက် လိုက်သွားမှာစိုးလို့"

ရှက်ရှက်နှင့်ပင် ရှေ့မျက်နှာနောက်ထားပြီး ယောက်ဖတော်မည့် တော်မီကို သူ့ရင်ထဲက စိုးရိမ်စိတ်ကို ရင်ဖွင့်တာ့ တော်မီ ရယ်သည်။

"လေဒီက မင်းကို အဲဒီလောက် မုန်းနေလို့လား"

မဏိယွပ်ပြုံးသည်။ သူ့ကို လေဒီ မမုန်းတာ သူသိသည်။ နားလည်သည်။ အချစ်ရေးမှာ ဘာတစ်ခုမှ အတွေ့အကြုံမရှိသည့် လေဒီအတွက် မဏိယွပ်ကို ရှက်လန့်ကြောက်ရွံ့နေသည်။

မျက်နှာချင်းအဆိုင်မခံပဲ တပြေးတည်း ပြေးနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ရှင်းသန့်လွန်းသော လေဒီ၏ ထိုအပြုအမူလေးတွေကပဲ စွဲလမ်းတမ်းတဖွယ်။ မြတ်နိုးအောက်မေ့ဖွယ်ဖြစ်လာသည်။

"ငါ လေဒီနဲ့ စကားပြောချင်တယ်"

"စကားပြောရုံပဲနော် မထီယွှပ်"

တော်မီ စတော့ မျက်နှာနီနီဖြင့် သူ ရယ်မောရင်း တော်မီ လက်မောင်းကို လက်သီးဖြင့် ခပ်ဖွဖွလှမ်းထိုးပစ်သည်။

"ငါ သူ့ကို ချစ်တယ်ကွ"

"မင်း အချစ်ကြမ်းလို့ ငါ့ညီမက ကြောက်တာနေမှာ"

"ဟိတ်ကောင်...တော်မီ"

ဖြူသောမျက်နှာ တစ်ခုလုံး ရဲရဲနီသွားပုံကို တော်မီက သဘောကျစွာ ရယ်သည်။ ကြိုက်မရှက်ဆိုပေမယ့် တော်မီကိုတော့ ရှက်သည်။

"အိမ်ပေါ်သာ တက်သွားသော မထီယွှပ်ရေ၊ ငါ့မိန်းမရော ကလေးတွေရော မြို့ထဲမှာပဲ နေလိုက်တော့မယ်"

"တော်မီ"

"သွားမှာသာ သွားစမ်းပါ၊ လေဒီကို ငါ့မိန်းမချော့ခေါ်





ပြီးပြီ၊ မင်းကိုကြောက်လို့ မလာဘူးတဲ့"

"ကိုမထီယွှပ်...အားမနာပါနဲ့ သွားပါ၊ လေဒီ ရှက်နေတာ ကျွန်မလည်း သိပါတယ်"

တော်မီက သူ့မိန်းမနှင့် ကလေးတွေခေါ်ပြီး မြို့ထဲရယ်မောဆင်းသွားသည်။ ယောက်ဖက သူ့ဘက်တော်သားဆိုတော့ မထီယွှပ် မျက်နှာပွင့်သည့်ကြားက ကျေးဇူးတင်မိသည်။

အပေါ်ထပ်မှ လှေကားအတိုင်း သူတက်ခဲ့သည်။ တိတ်ဆိတ်စွာ ခြေလှမ်းတိုင်း ကိုယ့်ရင်ခုန်သံကို မထီယွှပ်ပြန်ကြားနေရသဖြင့် ရှက်ရွံ့မြတ်နိုးစွာ ပြုံးလိုက်မိ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"လေဒီ"

"ဟင်…ခင်ဗျား…ဒီ…ဒီကို ဘာလာလုပ်တာလဲဆို၊ အောက်မှာ ကိုကိုတို့ရှိတယ်၊ လေဒီ့အခန်းထဲက အခုထွက်သွားဆိုနော်၊ ပြောမရရင် လေဒီ အော်လိုက်မှာနော်"

တိုးဖွသောခြေသံကို ကြားပေမယ့် လေဒီလှည့်မကြည့်။ သူမအခန်းထဲအထိ ဦးမဏိယွပ် ရောက်လာစရာမရှိဟု ယုံကြည်စိတ်ချထားတာလည်းပါသည်။ အခုအချိန်ထဲ သူ့အိမ်သူ မပြန်သေးဘဲ ကိုကိုတော်မီနှင့်အတူ သူ့အိမ်သူ့ရာနယ် အေးအေးဆေးနေနိုင်သူကို မှန်းနေသည်။

ဖြစ်ချင်တော့ ကိုကိုတော့်မီ သူငယ်ချင်းတဲ့။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဗျာများပြီး အတွေးတွေ ယောက်ယက်ခက်နေတုန်း လေဒီ့အနား ရောက်လာသည့် သင်းမွှေးသော ကိုယ်ရနံ့နှင့် လေဒီ အမည်ကို ခေါ်လိုက်သံက ကျောခိုင်းအနေအထားနှင့် ပြတင်းပေါက်ဟံခါး၀မှာ ရပ်နေသည့် လေဒီတစ်ကိုယ်လုံး ကြက်သီး ဖြန်းဖြန်း ထသွားစေသည်။

အနီးကပ် အနေအထားမှာ ရွှန်းလက်သည့် မျက်ဝန်းတွေနှင့် စိုစွတ်သည့် နှုတ်ခမ်းတွေကိုကြည့်ကာ လေဒီ့နှုတ်ခမ်းလေး ဖြန်းခနဲ ပွန်းသွားသည်။

"ထွက်သွားဆိုနော်"

"သွားစေချင်ရင် လေဒီပါ လိုက်ခဲ့လေ၊ အပြင်မှာ တစ်ခုခုစားရင်း စကားပြောကြမယ်၊ လိုက်မှာလား"

"လိုက်ပါဘူး"

"မလိုက်ရင် ဒီမှာပဲ ပြောမယ်လေ၊ ကိုယ်တို့ လက်ထပ်မယ့်ကိစ္စ လေဒီသိတယ်မဟုတ်လား"

"ခင်ဗျားကြီးကို လေဒီ မယူဘူးလို့ မာမီ့ကိုပြောပြီးပြီ"

"ဘာလို့လဲ"





"မုန်းလို့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

"ချစ်ကြည့်လို့ရော မရဘူးလား"

"တခြားတစ်ယောက်ကို သွားချစ်ခိုင်းပေါ့"

"ဘယ်တစ်ယောက်လဲ၊ ကိုယ်ချစ်တာ လေဒီ တစ်ယောက်တည်းရှိတာ၊ လေဒီပဲ ကိုယ့်ကိုပြန်ချစ်ပေါ့"

"လေဒီ သွားတော့မယ်"

"ကိုယ့်စကား မဆုံးသေးဘူးနော်၊ ဖွတ်ထွက်သွားရင် ကိုယ်က ဖွတ်လိုက်ဖမ်းမှာပဲ"

"ဟင်...ခင်ဗျားနော်"

မဏိယွပ် ရှေ့မတိုးခင် နောက်ကို ခြေနှစ်လှမ်းခန့်ဆုတ်သွားသော လေဒီ့မျက်နှာနီနီလေးကိုကြည့်ပြီး မဏိယွပ်ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။

"လေဒီ"

"အိုး"

"ချစ်တယ်ကွာ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သိမ်းကျုံးပွေ့ပိုက်သော လက်အစုံထဲက ဖွတ်ရန်းရင်း မဏီယွပ်ရင်ခွင်ထဲမှာ လေဒီတစ်ကိုယ်လုံး နစ်ဝင်သွားသည်။ နီရဲဖူးကြွနေသော နှင်းဆီဖူးနုတ်ခမ်းလေးထက်မှာ လိပ်ပြာရိုင်းက အတောင်တဖျပ်ဖျပ်ခတ်လျက် ချိုရည်သော ပန်းဝတ်ရည်ကို ဖွေရှာသည်။

အငိုက်မိ မျောပါသွားသော သင်းဖျော့သည့် ကိုယ်သင်းရနံ့ကြားမှာ လေဒီ တစ်ကိုယ်လုံး ထူပူသွားသည်။ မဆုံးနိုင်သော အနမ်းနွေးနွေးတွေက လေဒီမျက်ဝန်းလေးကို အလန့်တကြား မေးမှိတ်ဖို့ဖြစ်လာသည်။

"လွမ်းလိုက်ရတာ ချစ်ရယ်၊ အချိန်တိုင်း လေဒီ့ကို ကိုကို တမ်းတနေတာ လေဒီ သိရဲ့လား"

"လေဒီ့ကိုလွှတ်"

"ကိုကို့ကို စိတ်ဆိုးလား"

မျက်နှာချင်းဆိုင် တိုးဝှေ့အမေးမှာ လေဒီက သူ့မျက်နှာလေးကို ဘယ်ညာခါယမ်းသည်။ ကလေးဆိုးနှင့်တူသော လေဒီ့အမူအရာလေးကို မြတ်နိုးသဘောကျစွာ ပိုတိုးရှိုက်နမ်းလျှင် လေဒီ





က မုန်းမုန်းဖြင့် မဏီယွပ်လက်မောင်းတစ်ဖက်ကို သူမ သွားစွယ်ချွန်ချွန်လေးများဖြင့် တအား ဖိကိုက်ပစ်လိုက်သည်။

"ဒီလောက်တောင် လူကို အနိုင်ကျင့်တာ၊ ကဲဟယ်"

"အား"

မဏီယွပ်ကိုယ်ကြီး ဆတ်ခနဲ တွန့်သွားပြီး အရစ်အသိုင်း ပြေလျော့သွားချိန်မှာ လေဒီက ဖျတ်ခနဲ သူ့ရင်ခွင်ထဲက ဖွတ်ရုန်းထွက်ပြီး အခန်းအပြင်ဘက် ထွက်ပြေးသည်။

"လေဒီ...ဟေး...နေဦးလေ"

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ လှစ်လှစ်ပါအောင် ပြေးသွားသော လေဒီ့ကိုကြည့်ကာ လက်မောင်းက ဒဏ်ရာနာနေသည့်ကြားက အသံထွက်၍ သဘောကျစွာ ရယ်မိသည်။

"အဟွန်း....ဟွန်း....ဟွန်း"

သူနှင့် လေဒီ့အဖြစ်ကို သဘောကျ၍ ဖြစ်ပါသည်။ မဏီယွပ်က လေဒီကိုချစ်သလောက် လေဒီက မဏီယွပ်ကို တွေ့လျှင် တွေ့သည့်နေရာက ထွက်ပြေးချင်နေသူ။

လက်ထပ်ဖို့ မဆိုထားနှင့်၊ ချစ်သူရည်းစားအဖြစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



မဏိယွပ်လို လူတစ်ယောက်ကို လက်ခံချင်ပုံမရ။ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီ မဏိယွပ်က လေဒီနှင့်ကျမှ ဘာတန်ဖိုးမှမရှိပဲ ဖြစ်နေပုံကိုလည်း အသည်းယားနေမိသည်။

"လေဒီ"

"လေဒီ"

မဏိယွပ် လေဒီနာမည်ကို ခပ်အုပ်အုပ်ခေါ်ရင်း အိမ်အနှံ့လျှောက်ရှာနေချိန်မှာ လေဒီကတော့ မဏိယွပ်ဆိုသည့် လူကြီးကို ရှက်တာရော၊ ကြောက်တာပါ ပေါင်းပြီး တစ်ယောက်တည်း ခြံနောက်ဘက်က ဖွန်ပန်းရုံကြီးနောက်မှာ ပုန်းနေပါသည်။

"လေဒီ"

"ရှိန်း"

တစ်ဖက်ခြံစည်းရိုးစပ်မှာ ရှိန်းမျက်နှာကို ဘွားခနဲ မြင်လိုက်ရတာမို့ တစ်ယောက်တည်း ကျိတ်ငိုနေမိတာကို ရှိန်း မသိအောင် မျက်ရည်ခိုးသုတ်မိသည်။

"ငိုနေတာလား"

"မငိုပါဘူး"

ဝိုး၊ဝိုး၊စာပေ



"ရှိန်းလာခဲ့ရမလား၊ ဟိုလူ မပြန်သေးလို့ လေဒီကို ရှိန်း စောင့်ကြည့်နေတာ ပြန်ရောက်ထဲက အခုချိန်ထိပဲ"

ရှိန်းကို လေဒီ ငြိမ်တွေပြီး ပြန်ကြည့်နေမိသည်။ လေဒီနားမှာ ရှိန်းကိုခေါ်ထားရင် ဟိုလူကြီး လေဒီကို ကြမ်းချင်းတိုင်း ကြမ်း၍မရပဲဖြစ်သွားမည်။

"လေဒီ"

"ဒီဘက်ကို ဘယ်လိုလာမှာလဲ"

"ဟိုမှာလေ…မလွယ်ပေါက်ရှိတယ်၊ ခဏလေးစောင့်နော်၊ ရှိန်း အခုပဲ လေဒီဆီကိုလာခဲ့မယ်"

လေဒီ့မျက်ဝန်းရှေ့ ဖျတ်ခနဲ ရှိန်းပျောက်သွားပြီး တစ်ဖက်ခြံပန်းရုံအကွယ်က ရှိန်း ဘွားခနဲ ပြန်ပေါ်လာသည်။

"လေဒီ"

"ဟင်"

"စောစောက ဘာလို့ငိုတာလဲ"

"မငိုပါဘူး"

"ဦးမဏိယွပ်ဆိုတဲ့သူကို ခြံရှေ့မှာ တွေ့ခဲ့တယ်၊ လေဒီနဲ့

ဝိုး၊ဝိုး၊စာပေ

www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဘူးလား”

“ခေါ်ပါဘူး၊ ဘာကိစ္စ သူ့ကို လေဒီက ခေါ်ရမှာလဲ”

ပြောရင်း နှုတ်ခမ်းစူမိသည်။

သူ့ကြောင့် လေဒီ ခဏခဏ ငိုရသည်။ မုန်းစရာကောင်းသည့် လူကြီးကို သွားဖြင့် လက်မောင်းကို မှတ်လောက်အောင် ခပ်နာနာဖိကိုက်ပစ်ခဲ့သည်။

ဒါမှ မှတ်မည်။

နောက်တစ်ခါ ဒါမျိုးလာလုပ်လို့ကတော့ နီးရာမှ ကောက်ထုပစ်မည်ဟု စိတ်က တေးမှတ်ထားသည်။

“ရှိန်းကို လေဒီ အကူအညီ တောင်းရမလား”

“ဘာလဲဟင်…လေဒီအတွက်ဆို ရှိန်းက တစ်ခုမက ကူညီချင်နေတဲ့သူပါဗျာ၊ ပြော…ရှိန်း ဘာလုပ်ပေးရမလဲ”

“လေဒီ့အနားမှာ ဘော်ဒီဂတ် လုပ်ပေး”

“တကယ်”

“တကယ်ပေါ့”

“လိုအပ်ရန် ဦးမဏိယွပ်ရှေ့မှာ လေဒီချစ်သူအဖြစ်

ဗိုး:မို:ဝ၁ငပ



ဟန်ဆောင်ပေးရင် ရပြီ”

“ဟန်ဆောင်ရုံပဲလား လေဒီရယ်၊ လေဒီသာ သဘော တူမယ်ဆိုရင် လေဒီ့ကို ရှိန်း အခုပဲခိုးပြေးမယ်”

“ဟင်”

ရွှန်းလဲ့သည့်အကြည့်စူးတွေနှင့် လေဒီကို စိုက်ကြည့်နေသည့် ရှိန်းကြောင့် လေဒီ ဗို၍စိတ်ညစ်သွားသည်။

“ရှိန်းကို မသနားဘူးလားလေဒီရယ်၊ လေဒီကို ရှိန်း ချစ်ခဲ့တာ အခုမှမဟုတ်ပါဘူးဟာ၊ ဟိုးငယ်ငယ်လေးထဲက လေဒီ တစ်ယောက်ထဲကိုပဲ ရှိန်း အရူးအမူးချစ်ခဲ့တာ လေဒီလည်းအသိပါ”

“တော်စမ်းပါ ရှိန်းရယ်၊ ဒီမှာစိတ်ညစ်နေပါတယ်ဆိုမှ စကားပဲ ထပ်ပြောနေပြန်ပါပြီ၊ ရှိန်းကို လေဒီ မချစ်ဘူးလို့ တယ်နှစ်ခါပြောခဲ့လဲ၊ ရှိန်း ဒီလိုဆက်ပြောနေရင် ပြန်တော့”

“ပြောပါ လေဒီရယ်၊ ရှိန်းက လေဒီအပေါ်မှာ အမြဲအရှုံး ပေးပြီးသားပါ”

ယောကျ်ားတန်မဲ့ မျက်ရည်ဝဲလာသည့် ရှိန်းအသံက ခံစား ချက်ကြောင့် တုန်ရီလာသည်။ လေဒီမငိုခင် ရှိန်းက အရင်ငိုချတော့ မလိုဖြစ်နေသည်။

ဗိုး:မို:ဝ၁ငပ

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ရှိန်း၊ နင့်ဆီက ဘာအကူအညီမှ လေဒီမယူတော့ဘူး၊ ထစ်ခနဲရှိ နင်ကလည်း လေဒီကို ခိုးပြေးချင်နေတာပဲ မဟုတ်လား"

"လေဒီ သဘောတူမှပါ၊ လေဒီ သဘောမတူဘဲ ရှိန်း သဘောနဲ့ရှိန်း ခိုးမပြေးရက်ပါဘူး"

ပြောပုံကိုက လေဒီကပဲ ရှိန်းကိုပြန်ပြီး ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"လေဒီ ဘာလို့ ရှိန်းကို အကူအညီတောင်းလဲဆိုတာ ရှိန်းသိပါတယ်၊ ဦးမဏိယွပ်ကို မုန်းလို့မဟုတ်လား"

"အင်း"

"စိတ်ချ၊ လိုအပ်ရင် ဝင်ဖိုက်ပေးမယ်၊ အခုပဲ ဦးမဏိယွပ်ရှေ့မှာ သွားနေပေးရမလား"

"အခုတော့ မလိုသေးပါဘူး"

"လေဒီသဘောပါ၊ ရှိန်းလို့သာခေါ်လိုက် လေဒီရှိတဲ့နေရာကို ရှိန်း ချက်ချင်းလာခဲ့မယ်"

ရှိန်းက သူ့ဖုန်းနံပါတ် လေဒီကိုပေးသည်။ ရှိန်းနှင့် လေဒီ ခြံနောက်ဘက်မှာ စကားပြောနေခိုက် ခြံရှေ့မျက်နှာစာရှိ မဏိယွပ်





မှာလည်း ယောက်ဖလောင်းရှေ့မှာ လေဒီကို ရှာနေမိသည်။

"လေဒီရော မဏိယွပ်"

"ခြံထဲဆင်းသွားတာပဲ၊ မင်းတို့ဆီမလာဘူးလား"

"မလာဘူးကွ၊ မင်းကိုကြောက်လို့ တစ်နေနေရာ ဝင်ပုန်းနေပြီထင်တယ်"

တော်မီအပြောကြောင့် မဏိယွပ် ပခုံးတွန့်လိုက်၏။

"ဟိတ်ကောင်....မဏိယွပ်"

"ပြော"

"ငါ့ညီမ ခြံထဲဆင်းပြေးအောင် မင်းဘာလုပ်လိုက်လဲ မှန်မှန်ပြော"

"အာ"

"အဟွန်း...ဟွန်း...ဟွန်း"

မဏိယွပ်၏ တည်ခန့်ချောမောသော မျက်နှာ နီရဲသွားပုံကို ကြည့်ပြီး တော်မီ သဘောကျစွာရယ်တော့ မဏိယွပ်လည်း အတူလိုက်ရယ်မိ၏။ လူကြီးရှက်တော့ ရယ်သည်တဲ့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

နှစ်ဘက်လူကြီးတွေ စုံစုံညီညီ။ တစ်ယောက်နှင့်
တစ်ယောက် ဖက်လဲတကင်း ရယ်မောနှုတ်ဆက်သံတွေကလည်း
စီစီလွင်လွင်။ အားလုံး၏မျက်နှာတွေမှာ အပျော်ကိုယ်စီကဲလျက်
ပြောစရာစကားတွေကလည်း ပြောမဆုံးပေါင် တောသုံးတောင်ဟု
ဆိုရမလောက် ငယ်ပေါင်းကြီးဖော်တွေဆိုတော့ ပိုဆိုးသည်။

သားပေးသမီးယူကိစ္စ ဖြစ်သော လေဒီနှင့် မဏိယွှပ်တို့
မင်္ဂလာကိစ္စစကားပြောကြရတာကိုက ပျော်စရာကြီးဖြစ်နေသည်။
ဒါက နှစ်ဘက်လူကြီးတွေနှင့် ဖိတ်ကြားထားသည့် ဧည့်သည်
လူရင်းတွေအတွက်ဖြစ်ပေမယ့် သတို့သားလောင်း မဏိယွှပ်နှင့်
သတို့သမီးလောင်းဖြစ်သော လေဒီတို့ကြတော့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကမ္ဘာမဖြစ်ကြ။

တစ်ယောက်သောသူက ရန်စွာစိတ်ကောက်နေ၍ တစ်ယောက်သောသူက စိတ်ရှည်သည်းခံစွာ အမြတ်တနိုးချော့မော့ ချွဲးကပ်ဖို့ ကြိုးစားလျက်ရှိပါသည်။

"လေဒီ"

လေဒီက မထူး။

"လေဒီ"

"ကိုယ့်ကို စိတ်ဆိုးနေလားအချစ်ရယ်"

"ဘာအချစ်လဲ၊ ခင်ဗျားနဲ့ လေဒီ ဘယ်တုန်းက ချစ်သူဖြစ်ခဲ့လို့လဲ"

လေဒီက မကျေမနပ် ရန်တွေ့သည်။

လေဒီ မျက်နှာလှလှလေး နှင်းဆီခင်းဖြစ်လျက် ပန်းရောင် နီထွေးနေပုံကို မဏိယွှပ် ငေးကြည့်ရင်း ရင်ခုန်လာသည်။

သူ့ကို လေဒီ စိတ်ဆိုးနေခြင်းဖြစ်သည်။ သူမသဘောမပါ ဘဲ ဖွတ်အတင်း လူကြီးမိဘတွေနှင့် လေဒီကို တောင်းရမ်းလက်ထပ် ရန် ကြိုးစားသော မဏိယွှပ်ကြောင့် ဖြစ်ပါသည်။





"ချစ်သူတွေ အခုဖြစ်လိုက်ပါလားဗျာ၊ ကိုယ် လေဒီကို ချစ်တာ အားလုံးသိနေကြပြီလဲ"

"သိတော့ ဘာဖြစ်လဲ"

"လက်ထပ်ကြမယ်လေ"

"မုန်းလွန်းလို့"

"ဘယ်သူ့ကိုလဲ"

"ဦးမဏိယွှပ်ဆိုတဲ့ ရှင်ကြီးကိုပေါ့"

"ကိုကိုကတော့ လေဒီဆိုတဲ့ ကောင်မလေးကိုချစ်တယ်"

"ဘယ်သူမှမမေးဘူး"

"မမေးလည်း ပြောချင်နေတာကိုးဗျာ၊ လေဒီကို ချစ်တယ်"

မဏိယွှပ်ထံမှ ရွှန်းလဲ့တောက်ပသော အကြည့်ရွှမ်းရွှမ်းရှရှ တွေက လေဒီမျက်နှာဝန်းကို ထိုးဖောက်ပြီး အသည်းနှလုံးထဲ ရောက်သွားသလို အင်အားပြင်းထန်လွန်းတာမို့ လေဒီတစ်ကိုယ်လုံး သူ့အကြည့်ထဲမှာ ရှိန်းခနဲ လိုက်ဖို့စွာ အနေရခက်ပါသည်။

"ကိုမဏိယွှပ်ရေ လေဒီကိုခေါ်ပြီး အောက်ထပ်ကိုဆင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့လေ၊ လူကြီးတွေ စောင့်နေကြပြီ''

''လေဒီလည်း ကိုမဏိယွှပ်နဲ့ လိုက်ခဲ့တော့နော် ညီမ လေး''

''မမ''

''ကိုယ်တို့ အခုပဲဆင်းလာတော့မှာပါ ဝေမီ''

''ဝေမီ လူကြီးတွေကို ကြိုပြောထားလိုက်ပါ့မယ်''

အခန်းဝက မမဝေမီပုံရိပ် ဖျတ်ခနဲပျောက်သွားပုံကိုကြည့်ပြီး လေဒီရင်ထဲ တစ်နည်းအားငယ်သွားကာ မျက်ဝန်းပြာကြီးအစုံမှာ မျက်ရည်ကြည်တွေ ချက်ချင်းဝေ့တက်လာသည်။

အားလုံး မဏိယွှပ်ဘက်ကလူတွေချည်းဖြစ်နေတော့ ကြားထဲက လေဒီတစ်ယောက်တည်း သူ့အလိုလို လူဆိုးစာရင်းဝင် ဖြစ်နေသည်။

''မငိုနဲ့နော် ချစ်၊ မင်္ဂလာဦးမှာ မျက်ရည်မကျကောင်းဘူး တဲ့''

''ဘာမှမဆိုင်ဘူး''

ပြောရင်း လေဒီပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ





စီးကျလာတာမြင်တော့ မဏိယွှပ် ရင်မောသွားသည်။ ချစ်သူလေးနှင့် နားလည်မှုရအောင် သူဘယ်လိုကြိုးစားရမည်နည်း။ လေဒီနားကို သူ လျှောက်ခဲ့သည်။

''လေဒီ''

''သွား…လေဒီအသားကိုမထိနဲ့''

''လေဒီရယ်''

လေဒီက သူ့မကိုယ်လေးကို ထွေးပွေ့ပိုက်ထွေးယုယလာသည့် မဏိယွှပ်ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် တဗုန်းဗုန်း ထုရိုက်တော့ မဏိယွှပ်က လေဒီလက်သီးဆုပ်လေးများကို ရှိုက်နမ်းပါသည်။

''မျက်ရည်တွေနဲ့ အလှတွေပျက်ကုန်ပါ့မယ် လေဒီရယ်''

လေဒီပါးပြင်ပေါ်က မျက်ရည်တွေကို အနမ်းဖြင့် မြတ်နိုးယုယစွာ ပိုက်ထွေးဖယ်ရှားပေးတော့ လေဒီက သူ့မျက်နှာလေးကို ဘယ်ညာခါရမ်းလျက် ဆန္ဒပြဆန့်ကျင်သည်။

''လေဒီ''

''အိုး…လွှတ်၊ လေဒီကိုအောက်ချပေး''



www.burmeseclassic.com

www.burmeseclassic.com



"ချပေးဆို"

"ငြိမ်ငြိမ်လေးနေဗ်၊ ပြောမရရင် ကိုယ့်အကြောင်းသိတယ် မဟုတ်လား"

ညင်သာတိုးတိတ်စွာ ခြိမ်းခြောက်စကားဆိုလာသူကြောင့် မဏိယွှပ် မျက်နှာချောချောကို ရက်အမ်းအမ်း မျက်နှာနီနီဖြင့် မော့ကြည့်မိသူက လေဒီ။

ရွှန်းလဲ့သည့် မျက်နက်ဝန်းတွေနဲ့ အဆုံမှာ မဏိယွှပ်ရင်ခွင်ထဲက ရုန်းကန်နေသော လေဒီကိုယ်လေး ငြိမ်သွားသည်။ မဏိယွှပ်က ပန်းနုရောင်ဖျော့ဖျော့ ဂါဝန်လေးဖြင့် လှချင်တိုင်းလှနေသည့် လေဒီကိုယ်လုံးအိအိလေးကို တယုတယ ချီပွေ့လျက် သူတို့အလာကို စောင့်ကြိုနေသူများရှိရာသို့ ဆင်းလာခဲ့သည်။

"ဟော...ဟိုမှာ သတို့သားနဲ့သတို့သမီးလောင်းတို့ ဆင်းလာကြပါပြီဗျာ"

"ဟေး"

"ဖြောင်း...ဖြောင်း...ဖြောင်း"

လေဒီကိုယ်လေးကို ပွေ့ချီဆင်းလာသည့် မဏိယွှပ်နှင့်





လေဒီကိုကြည့်ကာ အားလုံးမျက်နှာမှာ အပြုံးကိုယ်စီဖြင့် ရယ်မောပျော်ရွှင်စွာ လက်ခုပ်သြဘာသံ ဆူညံသောင်းဖျစွာ ကြိုဆိုလိုက်ကြရုံမျှမက ဓာတ်ပုံနှင့် ဗွီဒီယိုစက်များပါ အလုပ်ရှုပ်သွားကြသည်။

"သတို့သားနဲ့ သတို့သမီးလောင်းကတော့ အင်မတန်လိုက်ဖက်တဲ့ မင်္ဂလာစုံတွဲလေးပဲနော်၊ သတို့သားရော သတို့သမီးရော ချောလိုက်လှလိုက်ကြတာ ကြည့်ပါဦး"

"ကျွန်မတို့သမီးအလှည့်ကြရင်လည်း မဏိယွှပ်လိုသတို့သားနဲ့တွေ့ဖို့ အရေးကြီးတယ် ဒက်ဒီကြီး"

"အဲဒါ မင်းတို့မိန်းမတွေအလုပ်လေ၊ ကိုယ့်ဘာသာရှာပေါ့"

"သူ့ပြောလိုက်ရင် ဒီလိုချည်းပဲ"

တိုးတိုးကျိတ်ကျိတ်အသံတွေထဲမှာ အားကျချီးမွမ်းသံတွေလှိုင်နေသည်။ လေဒီက သူမကို ဝိုင်းအုံကြည့်နေကြသူတွေထဲမှာ ရှက်သဖြင့် ခေါင်းမဖော်နိုင်တော့။

အေးစက်နေသည့် လေဒီလက်ဖြူဖြူလေးကို မဏိယွှပ်ကပဲ တင်းကြပ်စွာ ဆုပ်ယူပြီး သူနှင့်အတူ ယှဉ်တွဲလျက် ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမိဘတွေက မင်္ဂလာစကားပြောကြ၊ ရက်သတ်မှတ်ကြ ရယ်ရယ်မောမော ကြည်နူးကျေနပ်ပျော်ရွှင်နေကြချိန်မှာ လေဒီကတော့ နေရာက ထွက်ပြေးချင်နေသည်။

မာမီကြောင့် လေဒီမှာ ဦးမဏိယွှပ်နှင့် လက်ထပ်ဖို့ကတိ ပြုလိုက်ရပေမယ့် စိတ်ထဲမှာတော့ နည်းနည်းမှမပျော်။ စိတ်ရှုပ်ထွေးပြီး ရှက်လည်းရှက်၊ အနေရခက်လျက် မျက်စိမျက်နှာပျက်နေတာကို မဏိယွှပ်အပါအဝင် လေဒီမိသားစုလည်း ရိပ်မိပါသည်။

မဏိယွှပ်ကတော့ တစ်ချိန်လုံး လေဒီလက်ကလေး တစ်ဖက်ကို မလွှတ်တမ်းဆွဲထားသလို လေဒီမျက်နှာလှလှလေးကိုလည်း မှန်လို အရိပ်တကြည့်ကြည့်ရှိနေပုံကြောင့် အားလုံးက လေဒီကို ကံကောင်းသူလေးအဖြစ် အသိအမှတ်ပြုကြသည်။

စေ့စပ်တောင်းရမ်းခြင်းနှင့် မင်္ဂလာရက် သတ်မှတ်ခြင်းတို့ အောင်မြင်စွာ ပြီးဆုံးသွားသည်။ လေဒီက သူမအိပ်ခန်းထဲ ပြန်ရောက်ပြီးထဲက ဘယ်သူနှင့်မှ အတွေ့မခံတော့ဘဲ အိပ်ခန်းတံခါးကို အသေပိတ်ပြီး အိပ်ရာထက်မှာ မှောက်ခုံလေးအိပ်လျက် ကိုယ့်အဖြစ်ကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေသည်။





ဘာလိုလို့နှင့် ဦးမဏိယွှပ်ဆိုတဲ့လူကြီးကို လေဒီ လက်ထပ်ရတော့မှာပါလား။ အတွေးနှင့် လူက တစ်ကိုယ်လုံး ရှိန်းဖိန်းပူနွေးသွားကာ ကြက်သီးလေးတွေ ဖြန်းဖြန်းထသွားသည်။

ဘယ်တုန်းကမှလည်း လေဒီက သူ့ကိုချစ်တယ်လို့ မပြောခဲ့ပါဘဲနှင့် သူ့ပုံစံက ဘယ်အချိန်ကြည့်ကြည့် လေဒီကို ချစ်မြတ်နိုးခြင်းတွေ အထင်းသားနှင့် လေဒီ ဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်သည်းခံလိုက်လျှာမည့် ချစ်သူတစ်ယောက်ပုံစံအပြည့် ရှိနေတာကိုပဲ လေဒီ မုန်းပါသည်။

ဒီကြားထဲ သူနှင့်ဆုံတွေ့ရသည့် အချိန်တွေတိုင်း လေဒီကို သူပိုင်ပစ္စည်းနှယ် ပွေ့လားပိုက်လား တယုတယနှင့် အကြင်နာအနမ်းတွေ တသီကြီး စိတ်ရှိလက်ရှိ ပေးအပ်တာမျိုးကလည်း မကြာခဏ။

မာမီကသာ လေဒီကို ဦးမဏိယွှပ်ဆိုသည့် လူကြီးနှင့် လက်ထပ်ဖို့ ဖွတ်အတင်း တိုက်တွန်းနားချ ဖိအားမပေးခဲ့လျှင် ဤအခြေအနေအထိ ရောက်လာရမည်မဟုတ်သည်က အသေအချာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မာမီက လေဒီကို ဦးမဏိယွပ်ဆိုသည့် လူကြီးနှင့် လက်ထပ်ဖို့အရေး ဖွတ်အတင်းတိုက်တွန်းနေးချသည်။ လေဒီက ခါးခါးသီးသီးငြင်းတော့ မာမီက သူမှာရှိနေသည့် သွေးတိုးရောဂါကို အကြောင်းပြပြီး အိပ်ရာထဲက မထွက်တော့။

* ဒက်ဒီမှတစ်ပါး မမဝေမီကအစ ကိုကိုတော်မီအဆုံး အားလုံးက ဦးမဏိယွပ်လူတွေဖြစ်နေတော့ မာမီတစ်ခုခုဖြစ်ရင်ပဲ လေဒီကြောင့် ဖြစ်ရတော့မှာဆိုတော့ အများနှင့်တစ်ယောက် လေဒီပဲ မျက်ရည်စက်လက်နှင့် အရှုံးပေးလိုက်ရသည်။

အားလုံးပျော်ပေမယ့် လေဒီကမပျော်။

"တူ…တူ…တူ"

စိတ်ညစ်နေပါသည်ဆိုမှ လေဒီဖုန်းလေးက အသံမြည်လာတော့ စိတ်မပါဘဲနှင့် ဆွဲယူနားထောင်လိုက်တော့ ဇာလီဝင့်ထယ် ဖုန်း ဖြစ်နေသည်။

"ဟဲလို"

"တို့ပါ၊ ဇာလီလေ"

ဇာလီဝင့်ထယ်အသံက ခါတိုင်းကြားနေကျအသံအတိုင်း





ချိုအီလျက် ခပ်ပျစ်ပျစ်။ ဘာကိစ္စနှင့် လေဒီကို ဖုန်းဆက်သည်မသိ။ လေဒီနှင့် ဦးမဏိယွပ်တို့သတင်းကို ကြားပြီးကတည်းက ဇာလီဝင့်ထယ်က လမ်းမှာ မျက်နှာချင်းဆိုင် ဆုံလျှင်တောင် လေဒီကို နှုတ်မဆက်။ လေဒီကလည်း ဂရုစိုက်စရာမလိုဟာမို့ ရင်ကလေးကော့၊ ခေါင်းကလေးမော့ပြီး မိဇာလီရှေ့က ကျော့ကျော့ကလေး လျှောက်လာခဲ့သည်။

"ပြောပါ"

"ကိုကိုနဲ့လေဒီ မင်္ဂလာဆောင်တော့မှာဆို"

"အဲဒါဘာဖြစ်လဲ"

အခုချိန်ထိ ဦးမဏိယွပ်ကို ကိုကိုဟုခေါ်နေသော ဇာလီဝင့်ထယ်ကြောင့် လေဒီရင်ထဲ နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွားသည်။

"အဟင်း…ဟင်း…ဟင်း"

"လေဒီများ တို့နဲ့ကိုကိုအကြောင်း သိချင်မလားလို့ပါ"

ခပ်မျှင်းမျှင်းရယ်သံနှင့် ခပ်ချိုချိုစကားလုံးတွေက လေဒီမျက်ခုံးလေးတွေကို တွန့်ကုပ်သွားစေသည့်အထိ မာယာနှင့် အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



များ ပြည့်နေတာမို့ လေဒီစိတ်မှာ ဖျင်းခနဲ အခံရခက်သွား၏။

"လေဒီက ဘယ်သူ့အကြောင်းမှ စိတ်မဝင်စားဘူး၊ သိလည်းမသိချင်ဘူး"

ဒေါသကို မျိုသိပ်ပြီး လေဒီဘက်က ခပ်ပြတ်ပြတ် တုံ့ပြန်လိုက်ပေမယ့် တစ်ဘက်က လေဒီထင်သလို ချက်ချင်းဖုန်းချသွားခြင်းမပြုပါ။

"တို့ကတော့ ကိုကို့ကို စိတ်ဝင်စားတယ်လေ၊ ချစ်သူတွေဖြစ်ခဲ့ကြပြီးမှ ဘာမဟုတ်တဲ့ အကြောင်းပြချက်နဲ့ ကိုကို့ဘက်က တို့ကို အထင်လွဲနေချိန်မှာ တခြားတစ်ယောက်က တို့ချစ်သူကို အပိုင်ကြံသွားတာဆိုတော့"

"ဘာပြောတယ်၊ ဒီမှာ ဇာလီ၊ စကားကို စဉ်းစားဆင်ခြင်ပြီးပြောရင် ကောင်းမယ်၊ လေဒီက ယူ့လိုအောက်တန်းမကျချင်ဘူးသိလား"

"တို့က အောက်တန်းကျတယ်ဟုတ်လား"

"ဟုတ်တယ်၊ ယူ့ချစ်သူဟာ ဦးမဏိယွှပ်ဆိုရင် အခုပြောနေတဲ့စကားတွေဟာ ယူ့စိတ်နဲ့နှိုင်းပြီး ပြောနေတဲ့ အောက်တန်းကျကျစကားတွေပဲ"

"လေဒီက ဘယ်ယောကျ်ားကိုမှ ငမ်းငမ်းတက်လိုချင်ပြီး မိန်းမတန်မဲ့ အရှက်မရှိ အပိုင်ဖမ်းတဲ့အထဲမှာ မပါဘူးသိလား"

"ဦးမဏိယွှပ်က ဇာလီ့ချစ်သူဆိုရင် အချိန်မရွေးပြန်ခေါ်သွား၊ နောက်ဘယ်တော့မှ လေဒီဆီ ဖုန်းမဆက်နဲ့"

"တီ"

ဖုန်းကို လေဒီအရင်ဦးအောင်ပိတ်ပြီး အိပ်ရာပေါ် ပြန်ချလိုက်သည်။ မစားရတဲ့အမဲ သဲနဲ့ပက်ခြင်းလား။ တကယ်ပဲ ဦးမဏိယွှပ်နဲ့ ဇာလီဝင့်ထယ်တို့ ချစ်သူတွေဖြစ်ခဲ့ကြသည်လားဆိုတာကို လေဒီကိုယ်တိုင်လည်း မသိပါ။

စိတ်ဝင်စားဖို့လည်း တစ်ခါမှ မစဉ်းစားခဲ့။ ဦးမဏိယွှပ်နှင့်ပတ်သက်ပြီး လေဒီဘာသာ စိတ်ရှုပ်ထွေးစွာ အကြံရခက်နေချိန်မှာ ဇာလီဝင့်ထယ်က လေဒီကို လာပြဿနာရှာနေသည်။

"တူ…တူ…တူ"

လေဒီ ဒေါသဖြစ်နေချိန်မှာ ဖုန်းက ထပ်ပြီးအသံမြည်လာသည်။ နံပါတ်ကိုကြည့်လိုက်တော့ ဇာလီဝင့်ထယ်ဖုန်း။ မကိုင်ဘဲ







www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားမည်ဟု စိတ်ကူးလိုက်ပေမယ့် ဒီမိန်းမ ဘာတွေပြောမှာလဲဆို တာ သိချင်တာနှင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို"

"တို့နဲ့ကိုကို တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ယူ့အိမ်ရှေ့က စာတိုက်ပုံးထဲမှာရောက်နေပြီ၊ ကြည့်ချင်ရင်သွားယူလိုက်ပေါ့"

"တီ"

ဒီတစ်ခါ ဇာလီဝင့်ထယ်ဘက်က အရင်ဖုန်းချသွားသည်။ အိပ်ရာက လူးလဲထပြီး အိမ်ရှေ့ခြံစည်းစပ်က စာတိုက်ပုံးရှိရာကို လှမ်းမျှော်ကြည့်ရင်း လက်ထဲကဖုန်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ နှုတ်ခမ်းကို သွားဖြင့် ခပ်နာနာလေး ဖိကိုက် ပစ်လိုက်ချိန်မှာ လေဒီရင်ထဲ အခံပြင်းဆုံးဝေဒနာတစ်ရပ် လှိုက်လှဲ စွာ ဖြစ်ပေါ်လာ၏။

◆ ◆ ◆



## အခန်း (၁၄)

လေဒီ အိပ်ခန်းလေးရှိ ကြမ်းပြင်ပေါ်မှာ ဇာလီဝင့်ထယ်နှင့် ဦးမဏိယွှပ်ဓာတ်ပုံတွေ ပြန့်ကျဲနေ၏။

ဇာလီဝင့်ထယ်ပြောသည့်အတိုင်း ဓာတ်ပုံတိုင်းမှာ ဦးမဏိယွှပ်နှင့် ဇာလီဝင့်ထယ်ပုံတွေက ပူးပူးကပ်ကပ်။ ရယ်ရယ် မောမော။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေ ှုံ ့တွေ။ နှစ်ယောက်အ ူ ရိုက်ထားသည့်ပုံတွေ။ တချို့ပုံတွေမှာ ဇာလီက ဦးမဏိယွှပ်လက်မောင်းတစ်ဖက်ကို ပိုင်ပိုင်တွဲထားသလို ဦးမဏိယွှပ် က ဇာလီပခုံးကို ဖက်ထားသည့်ပုံတွေ။

ဓာတ်ပုံအားလုံးမှာ ဇာလီအပျော်မျက်နှာကို မြင်ရသလို ဦးမဏိယွှပ်၏ အပြုံးမျက်နှာ အပျော်တွေက အထင်းသား။



www.burmeseclassic.com

www.burmeseclassic.com



လေဒီရင်ထဲ ပူလောင်လာသည်။ ဒီဓာတ်ပုံတွေကို မာမီတို့ ရှေ့မှာချပြပြီး ဦးမဏိယွပ်နှင့် လက်မထပ်နိုင်ပါဟုဆိုလျှင် ဘာတွေ ဖြစ်လာမည်နည်း။

မာမီ သွေးပိုတက်မည်လား။ ဒါမှမဟုတ် လေဒီကို ဦးမဏိယွပ်နှင့် လက်ထပ်ရမည့်ကိစ္စအား ဖျက်သိမ်းစေဟု ဆိုလေမည်လား။

လေဒီကိုယ်တိုင်လည်း ခေါ်ခွဲရခက်စွာ အကြံထုတ်နေမိသည်။ ဒီလိုမှမဟုတ်ဘဲ မာမီက ဒါကတော့ကွယ် လူမျိုးလူလွတ်တစ်ယောက်အနေနဲ့ ချစ်သူရည်းစား အပျော်တွဲတာပဲ။ တကယ်လက်ထပ်မဲ့သူက မာမီသမီးလေးပဲမဟုတ်လားဟုဆိုလာလျှင် လေဒီ ဘာ့ဆက်လုပ်ရမည်နည်း။

အနည်းဆုံး ဦးမဏိယွပ်ဆိုသည့်လူကြီးနှင့် လေဒီရင်ထဲက ခံစားချက်တွေကို ထိပ်တိုက်ရင်ဖွင့်သင့်သည်ဟု ထင်သည်။ ဇာလီ အကျကြီးကို လေဒီကလည်း မယူချင်။

"တူ…တူ…တူ"

ဖုန်းအသံမြည်လာတော့ လေဒီကိုယ်လေး ဆတ်ခနဲဖြစ်





သွားသည်။ ဇာလီဝင့်ထယ်ဖုန်းဆိုလျှင် ဘာပြန်ပြောရမှန်းမသိဖြစ်နေတုန်း ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ရှိန်းဖြစ်နေသည့်အတွက် ဟင်းခနဲ သက်ပြင်းချလိုက်၏။

"ဟဲလို"

"လေဒီလား၊ ရှိန်းပါ"

"အင်း"

"လေဒီတို့ ဒီနေ့ပဲ မင်္ဂလာရက်သတ်မှတ်လိုက်ကြပြီဆို"

ရှိန်းအသံက တုန့်နေသည်။

လေဒီနှင့် ဦးမဏိယွပ် လက်ထပ်တော့မည်ဆိုတာနှင့် အတော်ခံစားနေပုံမျိုး ဖြစ်ပေမဲ့ လေဒီအတွေးထဲ ရှိန်းပုံရိပ်က ဖျတ်ခနဲ ပျောက်သွားသည်။

ရှိန်း ခံစားနေရတာကို စိတ်မဝင်စား။ ဇာလီနှင့် ဦးမဏိယွပ်ဓာတ်ပုံတွေကိစ္စသာ လေဒီစိတ်ကို စိုးမိုးထားသည်။

"ရှိန်း"

"လေဒီ"

"လေဒီကို အခုလာခေါ်နိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှိန်းဘက်က ရုတ်တရက် အသံတိတ်သွားသည်အထိ လေဒီစကားအပေါ်မှာ အံ့သြထိတ်လန့်စွာ ရင်ခုန်စိတ်လှုပ်ရှားသွားခြင်းအဖြစ်ကို လေဒီမသိ။

ရှိန်းအသိထဲမှာ လေဒီက သူ့ကို အခုလာခေါ်နိုင်မလားဆိုသည့်စကားအပေါ်မှာ အဓိပ္ပာယ်တစ်မျိုး ပေါက်ကာ လေဒီက အခုချက်ချင်း ရှိန်းကိုလာခေါ်ပါဆိုတာကို လေဒီက သူ့ကို လာနိုးပါလို့ ပြောတာဟုထင်သည်။

"လေ…ဒီ တကယ်ပြောတာလားဟင်၊ ရှိန်း အခု လေဒီကို လာခေါ်ရမလား"

"အင်း…အခုလာခဲ့"

လေဒီက ရှိန်းကို အဖော်ခေါ်ပြီး ဦးမဏိယွပ်ကို ဓာတ်ပုံကိစ္စ သွားရှင်းမည်ဟု တွေးသည်။ တစ်ယောက်အတွေးတစ်မျိုး။ အဓိပ္ပာယ်တစ်မျိုးနှင့် အပြန်အလှန်စကားပြောနေကြခြင်းကို နှစ်ယောက်စလုံးမသိ။

"ရှိန်း…အခု လေဒီတို့အိမ်နားက ဖုန်းဆက်နေတာ၊ လေဒီ





ခြံထဲဆင်းလာခဲ့၊ ရှိန်း စောင့်နေမယ်"

"ဒါဆိုလည်း ရှိန်းစောင့်နေလေ၊ လေဒီ အခုပဲဆင်းလာခဲ့မယ်"

"လေဒီ"

ရှိန်းအသံတုန်တုန်ရီရီကိုပင် မကြားနိုင်တော့။ လက်ထဲက ဖုန်းကို အိပ်ရာပေါ်ပစ်ချပြီး ဓာတ်ပုံတွေ စုကောက်ကာ နီးရာအိတ်တစ်လုံးထဲ စုထည့်လိုက်သည်။

အိမ်အပေါ်ထပ်က လေဒီပြေးဆင်းလာတော့ မမဝေမီနှင့် ရင်ဆိုင်တိုးမိသည်။

"ဘယ်သွားမလို့လဲ လေဒီ"

"အပြင်ခဏသွားမလို့"

"မမဝေမီ လိုက်ပို့မယ်လေ"

"မပို့နဲ့မမ၊ အပြင်မှာ ရှိန်းစောင့်နေကာယ်၊ သွားပြီနော် မမဝေမီ"

"အေး…အေး"

ဝေမီ မျက်စိရှေ့က ဂါဝန်အဝါနုဖျော့ဖျော့လေးနှင့် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ယောက်လို ပေါ့ပါးစွာ ပြေးထွက်သွားသည့် ညီမငယ်လေဒီက ဝေမီမျက်စိရှေ့မှာပင် ပျောက်သွား၏။

လေဒီ ခြံအပြင်ရောက်တော့ ရှိန်းကို အသင့်တွေ့ရသည်။

"ရှိန်း"

"လေဒီ…လာ…လာ ဟိုမှာကားအသင့်ပဲ"

ရှိန်းက အူယားဖားယားပုံစံဖြင့် လေဒီလက်ကလေးကို ပြေးမဆွဲရုံတမယ် ဝမ်းသာအားရ ဆီးကြိုပြီး လေဒီတက်ဖို့ကား တံခါးကို သူကိုယ်တိုင်ဖွင့်ပေးသည်။

ရှိန်း ကားကို နေရာက ဝေါခနဲပြေးအထွက်မှာ လေဒီ အတွေးထဲ ဦးမဏိယွပ်နဲ့ ဇာလီဝင့်ထယ်တို့အကြောင်းသာ နေရာယူ လွှမ်းမိုးလျက် လိုက်ပါလာ၏။

ဦးမဏိယွပ်ကို သွားတွေ့ပြီး ခေတ်ပုံကိစ္စရှင်းရန် ရှိန်းကို အဖော်ခေါ်လာခဲ့ခြင်းမှာ လေဒီအကြံနှင့်ဖြစ်သည်။ လေဒီ တစ်ယောက်တည်းဆိုရင် ဦးမဏိယွပ်က ဂရုစိုက်မည်မဟုတ်။

လေဒီနားမှာ ရှိန်းပါလာတော့ ဦးမဏိယွပ် စိတ်ထင်တိုင်း လုပ်ချင်ရာလုပ်၍မရ။ ရှိန်းရှိတော့ လေဒီအတွက် လုံခြုံသည်ဟု





ထင်သည်။

ဒီလိုမှမဟုတ်ဘဲ လေဒီတစ်ယောက်တည်းဆိုရင် ဦးမဏိယွပ်က လေဒီကို ဖွတ်အတင်း ချစ်အနမ်းတွေပေး ချစ်တေး တွေ သီဦးမည်။

လေဒီလက်ထဲက ဇာလီဝင့်ထယ်နှင့် ဦးမဏိယွပ်ခေတ်ပုံ ပါသည့် ခေတ်ပုံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ပတ်ဝန်းကျင် ကို သတိရလာသည်။

"ကားကို ဘယ်ကိုသွားနေတာလဲ ရှိန်း"

"လုံခြုံစိတ်ချရတဲ့နေရာကိုလေ"

"ဘာရယ်"

ရှိန်းစကားကို လေဒီ နားမလည်နိုင်သဖြင့် ကားမောင်းနေ သည့် ရှိန်းမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ရှိန်းက လေဒီကိုမကြည့်။ စိတ်လှုပ်ရှားနေသည့် မျက်နှာနှင့် ကားကို ဂရုစိုက်မောင်းနေရာက

"စိတ်ချစမ်းပါလေဒီရယ် ရှိန်းတို့ကို ဘယ်သူမှလိုက်မရှာ နိုင်တဲ့နေရာမှာ သွားပုန်းနေကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း…နင်…နင် ဘာစကားတွေ လျှောက်ပြောနေတာလဲဟင်၊ ကားကို အခုရပ်လိုက်စမ်း"

အခုမှ လေဒီက ရှိန်း၏သဘောထားကို ရိပ်မိကာ သူမကြုံတွေ့ရင်ဆိုင်ရမည့်အရေးကို စိုးထိတ်ပူလောင်သွားသည့်အတွက် ကားကိုရပ်ခိုင်းပေမယ့် ရှိန်းကမရပ်။ ပိုတိုး၍ပင် အရှိန်ကိုမြှင့်လိုက်သေးသည်။

"ရှိန်း"

"ဘာမှမကြောက်နဲ့လေဒီ လေဒီနားမှာ ရှိန်းတစ်ယောက်လုံးရှိတယ်သိလား၊ ပြဿနာတစ်ခုခုဖြစ်လာရင် လေဒီရှေ့က ရှိန်းပဲမားမားမတ်မတ်ရပ်မှာပါကွာ"

"နင် ဘာတွေပြောနေတာလဲ ရှိန်း၊ နင့်စကားတွေက ဘာအဓိပ္ပာယ်လဲ'

"လေဒီကို ရှိန်းခိုးလာတဲ့အဓိပ္ပာယ်လေ"

"ဘာ"

"ရှိန်း နင် နင့်နောက်ကို ဘယ်သူက ခိုးရာလိုက်မယ်ပြောလို့လဲ၊ ရှိန်း ကားကို အခုရပ်ဆိုရပ်စမ်း"





"လေဒီ"

လေဒီက ဒေါသဖြစ်ဖြစ်နှင့် ပေါက်ကွဲစွာ အော်တော့ ရှိန်းက လေဒီမျက်နှာလှလှလေးကို အလန့်တကြား လှမ်းကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ လေဒီရယ်၊ ရှိန်းကို စိတ်ဆိုးလို့လားဟင်"

"အပိုတွေပြောမနေနဲ့ ရှိန်း၊ ရှိန်းကို လေဒီကိုလာခေါ်ခိုင်းတာ ရှိန်းနောက်ကို ခိုးရာလိုက်ဖို့မဟုတ်ဘူးသိလား၊ ဦးမဏိယွပ်နဲ့ ရှင်းစရာကိစ္စရှိလို့ အိမ်ကလူတွေမသိအောင် ရှိန်းကို အဲဒီလူကြီးဆီ လိုက်ပို့ခိုင်းမလို့ နားလည်လား"

"လေဒီ တကယ်ပြောတာလားဟင်"

"ဒါညာပြောရမယ့်ကိစ္စလား ရှိန်း၊ အခုချက်ချင်း လေဒီကို ဦးမဏိယွပ်အိမ်လိုက်ပို့ပေးပါ"

"ဟာ"

ရှိန်းရင်ထဲ ဝမ်းသာခြင်းတွေအားလုံး ဖျတ်ခနဲ ငြိမ်ကျသွားကာ ဝမ်းနည်းခြင်းတွေ အစားထိုးဝင်ရောက်လာတော့ ရှိန်း ငိုင်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ကားကိုလည်း အေးတစ်နေရာမှာ ထိုးရပ်ပစ်လိုက်၏။

"ကျွဲ"

"ရက်စက်လိုက်တာ လေဒီရယ်၊ ရှိန်းမှာတော့ လေဒီ ရှိန်းနောက်ကို လိုက်လာတာဆိုပြီး ဝမ်းသာလိုက်ရတာ၊ အခုတော့ လေဒီက ရှိန်းကို ရက်စက်တယ်"

ရှိန်းအသံက တုန်ယင်နေသလို မျက်လုံးအစုံကလည်း ချက်ချင်းနီရဲစိုစွတ်ကာ ငိုမလိုမျက်နှာညှိုးနေတော့ လေဒီလည်း ရှိန်းနှင့်အတူ ရောငိုချင်စိတ်ပေါက်လာသည်။

လေဒီမှာက ကိုယ့်အပူ၊ ကိုယ့်သောကနှင့် စိတ်ညစ်၍ ငိုချင်နေရသည့်အထဲ ရှိန်းကကြားထဲမှာဝင်ပြီး ဇာတ်ရှုပ်နေတော့ ပိုစိတ်ရှုပ်လာကာ ရှိန်းမျက်နှာကို စိတ်ပျက်လက်ပျက် မော့ကြည့်မိသည်။

"လေဒီ"

"ပြန်ကြပါစို့ ရှိန်းရယ်၊ လေဒီကို ဦးမဏိယွှပ်ဆီသာ လိုက်ပို့စမ်းပါဟယ်၊ ဒီမှာစိတ်ညစ်နေပါတယ်ဆိုမှ"

လေဒီက ရှိန်းကို ချော့မော့နှစ်သိမ့်ဖို့ ကြိုးစားသည်။





"လေဒီ ဦးမဏိယွှပ်ကို တကယ်လက်ထပ်တော့မှာ လား"

"လေဒီမသိဘူး ရှိန်း"

"ဟင်"

လေဒီစကားကြောင့် ရှိန်း ပြန်အားတက်လာကာ လေဒီ မျက်နှာလေးကို စိုက်ကြည့်သည်။

"လေဒီမသိပေမယ့် ရှိန်းသိတယ်၊ ဦးမဏိယွှပ်ကို လေဒီ မချစ်ဘူး၊ လက်မထပ်ချင်ဘူး ဟုတ်တယ်မဟုတ်လား"

ရှိန်းစကားကို လေဒီ အင်းအဲမလှုပ်ဘဲ ငြိမ်နေတော့ ရှိန်း မျက်နှာညှိုးနေရာက ချက်ချင်းလန်းလာသည်။

"ရှိန်းကို လက်ထပ်လိုက်ပါလား လေဒီရယ်၊ လေဒီကို ရှိန်း တစ်သက်လုံးပျော်အောင်ထားမှာပါဗျာ"

"လေဒီကို ရှိန်း ဘယ်လောက်ချစ်တယ်ဆိုတာ လေဒီ သိပါတယ်ကွာ"

"တော်စမ်းပါရှိန်းရယ်၊ စိတ်ရှုပ်ရတဲ့အထဲ ဒီအကြောင်း တွေ ထပ်ပြောမနေစမ်းပါနဲ့၊ ရှိန်းကိုလည်းမချစ်ဘူး၊ ဟိုလူကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မယူဘူး"

"ပူး"

"ဝရော"

"ဟဲ့…ဒါက ဘယ်ကိုလဲရှိန်း"

လေဒီစကားမဆုံးသေး ရှိန်းက သူ့ကားကို နေရာက ဝေါခနဲပြေးထွက်စေလိုက်တော့ လေဒီ့နှုတ်က အလန့်တကြား အော်သံလေးနှင့်အတူ ရှိန်းက လှမ်းကြည့်သည်။

"လေဒီ ဘာမှပြောမနေတော့၊ လေဒီကို အခုချိန်ကစပြီး ရှိန်း ခိုးပြေးနေပြီလို့သာ မှတ်ထားလိုက်"

"ရှိန်း…နင် မဟုတ်တာတွေလျှောက်မလုပ်နဲ့နော်"

"ကားကို အခုရပ်စမ်း"

"ရပ်ဆို"

"မရပ်ဘူး၊ လေဒီကို ရှိန်းချစ်တယ်"

လေဒီအော်သလို ရှိန်းကလည်း ပြန်အော်တာမို့ လေဒီပင် လန့်ပြီး ရှိန်းကို ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ချက်ချင်းလိုပင် လေဒီရင်ထဲ လှိုက်ခနဲ ဝမ်းနည်းစိတ်နှင့်လာ၊





ကာ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်စီးကျလာ လျက် ကလေးတစ်ယောက်လို အီးခနဲ ငိုချလိုက်သံက ရှိန်းကိုယ်ကြီး ကို ဆတ်ခနဲ တုန်ခါသွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တူ...တူ...တူ"

လေဒီဖုန်းလေးက အဆက်မပြတ် အသံမြည်လျက်ရှိသော်လည်း ဖုန်းကိုင်မည့်ပိုင်ရှင်မရှိသဖြင့် ဝေမီကာပဲ အပြင်ထွက်ခါနီး စဲစဲ လေဒီဖုန်းလေးကို ကောက်ကိုင်လိုက်ရပါသည်။

"ဟဲလို"

"မဝေမီလား၊ ကျွန်တော် မဏိယွဉ်ပါ၊ လေဒီနဲ့ ခဏလောက်ဖုန်းပြောချင်လို့ပါဗျာ"

ထင်သည့်အတိုင်း ဖုန်းက မဏိယွဉ်ဖုန်းဖြစ်နေသဖြင့် ဝေမီ ဖုန်းပြောလျက်အနေအထားဖြင့် လေဒီ့အခန်းထဲကို မျက်လုံးဝေ့ဝဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ ရှိန်းနဲ့ အပြင်သွားကြတယ် ကိုမဏိယွပ်၊ သူ့ဖုန်းကို အိမ်မှာမေ့ထားခဲ့တယ်လေ"

"ဘယ်ကိုသွားကြတာလဲ မဝေမီ"

"ဝေမီလည်း သေချာမသိပါဘူးရှင်၊ ရှိန်းနဲ့ အပြင်ခဏသွားမယ်ဆိုတာပဲ ပြောသွားတာပါ"

"အလို…ဒါလေးကဘာပါလိမ့်"

ဝေမီထံမှ အံ့သြထိတ်လန့်စွာ ဆိုလိုက်သံကြောင့် မဏိယွပ် စိတ်ဝင်စားသွားသလို ဝေမီမှာလည်း ဖုန်းပြောရင်း လေဒီအိပ်ရာဘေးမှာကျနေသည့် ဓာတ်ပုံတစ်ပုံနှင့် စာအိတ်တစ်လုံးတို့ကြောင့် မျက်ခုံးတွန့်သွားသည်။

"ဘာလဲမဝေမီ၊ ဘာဖြစ်လို့လဲ"

ဝေမီထံမှ ရုတ်တရက်ပြန်ဖြေသံ မကြားရ။ ခဏကြာမှ

"အံ့သြစရာပဲရှင် ဒီမှာ ကိုမဏိယွပ်နဲ့ ဇာလီဝင့်ထယ်စုံတွဲဓာတ်ပုံနဲ့ စာအိတ်တစ်လုံး လေဒီအိပ်ရာဘေးကတွေ့လို့"

"ခင်ဗျာ"

"နေစမ်းပါဦး၊ ဓာတ်ပုံနောက်ကျောမှာလည်း စာပါတယ်၊





အချစ်ဆုံးကိုကိုနဲ့ အမှတ်တရဇာလီဆိုလား"

"ဟာ"

"ရှင်တို့ဟာက ဘာတွေလဲ ကိုမဏိယွပ်"

"ကျွန်တော်လည်းဘာမှမသိရပါလား မဝေမီရယ်၊ ဓာတ်ပုံက ဘာဓာတ်ပုံလဲဗျာ၊ ကျွန်တော်နဲ့ ဇာလီဝင့်ထယ် ခင်တာတော့မှန်ပါတယ်၊ ချစ်သူရည်းစားအထိတော့ လုံးဝမဖြစ်ခဲ့ပါဘူးဗျာ"

"ရှင်တို့ပြဿနာကို ဝေမီ စိတ်မဝင်စားဘူး ကိုမဏိယွပ်၊ လေဒီဘက်ကကြည့်ရင် ဒီဓာတ်ပုံတွေဟာ အထင်လွဲစရာပဲ"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော် အခုလည်း မဝေမီဆီလာခဲ့မယ်"

"နေဦး…ကိုမဏိယွပ်၊ လေဒီလက်ထဲမှာ စာအိတ်ခပ်ကြီးကြီးတစ်လုံးပါသွားတာ ဝေမီမြင်လိုက်တယ်၊ ကြည့်ရတာ ရှင်နဲ့ဇာလီဓာတ်ပုံတွေပဲ ထင်တယ်"

"ဇာလီနဲ့ကျွန်တော် ဘာမှမဆိုင်ဘူး မဝေမီ"

မဏိယွပ် စိတ်ရှုပ်စွာဆိုလိုက်သည်။ ဒီလိုဖြစ်လာလိမ့်မည်ဟုလည်း သူလည်းမသိခဲ့။ သေချာသည်က လေဒီရင်ထဲ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှု ရှက်ရွံ့ခံပြင်းကြေကွဲသွားရမလဲဆိုတာကိုသာ အပြေးအလွှား စဉ်းစားနေမိရပါပြီ။

"လေဒီ ရှင့်ဆီကိုလာတာထင်တယ်"

"အခုထိတော့ မရောက်သေးဘူး မဝေမီ၊ ရှိန်း ဖုန်းနံပါတ် သိရင် ကျွန်တော့်ကို တဆိတ်လောက်ပြောပါလားဗျာ၊ လေဒီနောက် ကျွန်တော်လိုက်သွားပါရစေ"

"ရှိန်းဖုန်းတော့ ဝေမီလည်းမသိဘူးရှင့်၊ ကိုကိုတော်မီ တော့သိမလားပဲ၊ သူ့ဆီကိုသာ ဖုန်းတစ်ချက်လောက် လှမ်းဆက် ကြည့်လိုက်ပါ"

"ဒါဆို ကျွန်တော် ဖုန်းချလိုက်ပြီနော် မဝေမီ၊ လေဒီ အိမ်ကိုပြန်ရောက်ပြီဆိုရင်လည်း ကျွန်တော့်ဆီကို ဖုန်းဆက်ပေးပါ ဗျာ"

"ကောင်းပါပြီရှင်"

ဝေမီလက်ထဲက ဖုန်းလေးကို ချလိုက်တော့ အိပ်ခန်းထဲ ကို မာမီဝင်လာတာနှင့် ကြုံသည်။

"ဘယ်သူ့ဖုန်းလဲ သမီး"





"ကိုမဏိယွပ်ပါ၊ ဒီမှာကြည့်ပါဦး မာမီ"

"ဘာလဲသမီးရဲ့"

ဒေါ်ခင်ဝေစီက သမီးဖြစ်သူလက်ထဲက ဓာတ်ပုံကိုဆွဲယူ ပြီး မျက်မှန်ကို ပင့်တင်ပြီး သေချာကြည့်သည်။

"အလို...ဘုရားရေ ဒါကဘယ်လိုဖြစ်ရတာလဲ သမီး ကြီးရယ်၊ သမီးလေး လေဒီရောကွယ်"

"ဝေမီလည်း မသိဘူးမာမီ၊ ရှိန်းနဲ့ အပြင်ခဏသွားမယ်ဆို ပြီး ထွက်သွားတာပဲ"

"အမယ်လေး...ကိုယ်ကျိုးတော့နည်းကုန်တော့မှာပဲ ကွယ်၊ လုပ်စမ်းပါဦး၊ သမီးလေဒီကို ဖုန်းလှမ်းဆက်စမ်းပါဦး သမီးရဲ့"

"လေဒီမှာ ဖုန်းမပါဘူးမာမီ"

ဒေါ်ခင်ဝေစီ ပျာသွားသည်။

လက်ထဲရောက်နေသည့် မဏိယွပ်နှင့် ဇာလီဝင့်ထယ် ဓာတ်ပုံတွေကို သေချာထပ်ကြည့်သည်။ ဓာတ်ပုံနောက်ကျောကစာ ကို ဖတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားကွယ်၊ ဇာလီ အကြောင်းလည်း သမီးကြီးလည်း အသိပဲ၊ မောင်မဏိယွပ်ကို မရနိုင်တော့မယ့်အတူတူ မစားရတဲ့အမဲ သဲနဲ့ပက်တာပဲကွယ်"

"ဝေမီလည်း ဒီလိုပဲထင်ပါတယ်မာမီရယ်၊ လေဒီက ဝေမီတို့ကို ဘာမှမပြောဘဲ ထွက်သွားတာခက်တယ်"

"သားကြီးကို ဖုန်းဆက်စမ်းပါဦးကွယ်"

ဒေါ်ခင်ဝေစီတို့သားအမိ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေချိန်မှာ မဏိယွပ်ကိုယ်တိုင်လည်း ဇာလီဝင့်ထယ်အကြောင်းတွေးကာ မျက်နှာချောချော တင်းမာနေပါသည်။

ဇာလီဒက်ဒီနှင့် အလုပ်ခွင်မှာ အကျွမ်းတဝင် ခင်မင်ရင်းနှီးရာမှ ဇာလီနှင့်သိကျွမ်းခဲ့ရသည့်ကလေးမ။ သူ့အပေါ်မှာ ဇာလီ ငြိတွယ်နေတာသိပေမယ့် မဏိယွပ်ဘက်က ဘာခံစားချက်မှမရှိ။ စိတ်လည်းမဝင်စားခဲ့။

သို့သော် ဇာလီမွေးနေ့ပါတီပွဲမှာတော့ သူ့ကို မရအရ ဖွတ်အတင်းဖိတ်ခေါ်၍ အရောက်သွားဖြစ်သည်။ သီချင်းတွေဆိုကြ၊ မုန့်တွေစွဲကြ အားလုံးပူးပူးကပ်ကပ် နီးစပ်အနေအထားမှာ ဓာတ်ပုံ





တွေ တစ်ဖျပ်ဖျပ်ရိုက်တာ ပြန်သတိရမိသည်။

လေဒီဆီရောက်နေသည့် ဓာတ်ပုံမှာ ထိုဓာတ်ပုံတွေထဲက ပဲဖြစ်မည်။ ဇာလီကြောင့် လေဒီခမျာ ဘယ်လောက်ခံစားရရှာမည် မသိ။

လေဒီရယ်။

ချစ်ရသူ၏အမည်လေးကို မဏိယွပ် နှလုံးသားထဲက လှိုက်လှဲသောရင်ဖြင့် ခေါ်လိုက်မိသည်။ ကားကို အရှိန်မြှင့်၍ ပိုမောင်းလိုက်သည်။ မဏိယွပ်ကားလေး၏ ဦးတည်ရာက လေဒီ အိမ်ရှိရာသို့ ဦးတည်သည်။

"တူ...တူ...တူ"

မဏိယွပ်ဖုန်း အသံမြည်လာ၍ နားကြပ်ကို ကောက်ယူ နားထောင်လိုက်သည်။

"ဟဲလို"

"မဏိယွပ်...ငါပါကွ၊ မင်းဖုန်းဆက်တယ်ဆို"

"အေး...ရှိန်းလက်ကိုင်ဖုန်းနံပါတ် သိချင်လို့ကွ"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေဒီကို အဲဒီကောင်ခေါ်သွားလို့"

"ဟော"

တော်မီ မျက်ခုံးအစုံ မြင့်တက်သွားမှာကို မဏိယွှပ် စိတ်က အလိုလိုသိသည်။

"လေဒီ ငါ့ကို အထင်လွဲသွားလို့ကွ"

"ဘာပြဿနာတွေဖြစ်လို့လဲ"

"သိချင်ရင် နောက်မှဖုန်းဆက်လိုက်မယ်၊ လောလော ဆယ် ရှိန်းဖုန်းကိုသာ အရင်ပြောကွာ"

တော်မီက ရှိန်းဟန်းဖုန်းနံပါတ်ကို ရွတ်ပြသည်။ မဏိယွှပ် ရင်ထဲ ပူလှပြီမို့ တော်မီကို နှုတ်ဆက်ပြီး ချက်ချင်း ရှိန်းလက်ကိုင် ဖုန်းကို လှမ်းခေါ်သည်။ ဖုန်းလိုင်းဝင်ပေမယ့် ဖုန်းကိုမကိုင်။ သူ့ရင် တွေ ပိုပူလာသည်။ စိတ်ထဲမှာ လေဒီကို စွန့်လွှတ်ဆုံးရှုံးလိုက်ရမှာ သေမတတ် ကြောက်လာသည်။

ဖုန်းက မနားတမ်းခေါ်သဖြင့် တသိမ့်သိမ့်ရှိုက်ငိုနေရာမှ လေဒီက ရှိန်းဖုန်းကိုလှမ်းကြည့်သည်။ ရှိန်းက ဖုန်းကိုလုံးဝမကိုင်။ ဒီအတိုင်းထားပြီး ကားကို ဆက်မောင်းနေတာမို့ လေဒီက ဖုန်းကိုင်





လိုက်သည်။ ရှိန်းက လေဒီလက်ကဖုန်းကို ဆတ်ခနဲပြန်လုသည်။ လေဒီကလည်း မလွှတ်။

"ဟဲလို…ဟဲလို"

တစ်ဖက်က မဏိယွှပ်အသံကြောင့် လေဒီရင်တွေ တဒိတ် ဒိတ်ခုန်သွားသည်။

"ဦးမဏိယွှပ်"

"လေဒီ…လေဒီ အခုဘယ်မှာလဲ"

မဏိယွှပ်အသံက စိုးရိမ်ထိတ်ပျာနေသလို ကားပေါ်မှာ လေဒီနှင့်ရှိန်းကလည်း ဖုန်းလုပွဲလေးကျင်းပနေသည်။

"လေဒီ ဖုန်းကိုလွှတ်ဆိုနော်၊ နှစ်ယောက်စလုံးသေချင် လို့လား"

"သေပါစေ၊ မလွှတ်ဘူး၊ ဦးမဏိယွှပ် လေဒီကို အခု လာခေါ်ပါ၊ လေဒီတို့ မင်္ဂလာဒုံလမ်းမကြီး ပန်းမြိုင်ဟိုတယ်နား"

"အား"

နာကျင်စွာအော်ဟစ်လိုက်သည့် လေဒီအသံလေးကို နောက်ဆုံးကြားလိုက်ရပြီး ဖုန်းလိုင်းက ပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ…လေဒီ"

မဏိယွှပ် အကြိမ်ကြိမ်ထပ်ခေါ်ပေမယ့် မရတော့။ ကားကို နေရာက ဝေါခနဲပြန်ကွေ့ပြီး လေဒီပြောသည့်နေရာကို ချက်ချင်း မောင်းထွက်ခဲ့သည်။

လေဒီအတွက် စိတ်ပူလှပြီမို့ လူတစ်ကိုယ်လုံး နေမထိထိုင်မသာ ဖျတ်ဖျတ်လူးနေ၏။ တော်မီဖုန်းကို လှမ်းဆက်ပြီး ရှိန်းလေဒီကို ဓွတ်အတင်းအဓမ္မ ခိုးယူသွားကြောင်း ပြောပြတော့ တော်မီလည်း ပျာသွားသည်။

အချိန်မီ လိုက်နိုင်မှဆိုသည့်အတွေးနှင့် တော်မီလည်း ရှိန်းဒက်ဒီကို လှမ်းခေါ်ပြီး လေဒီကိစ္စကို အသိပေးအကြောင်းကြားပြီး ရှိန်းဒက်ဒီနှင့်အတူ ၎င်းနောက်သို့ လိုက်ကြသည်။

သတင်းကို အတတ်နိုင်ဆုံး အုပ်ဆိုင်းဖုံးဖိရင်း ရှိန်းသွားမည့်နေရာအရောက် ရှိန်းဒက်ဒီက ဦးဆောင်ပါသည်။ မဏိယွှပ်ကို ခြံနံပါတ်နှင့် လမ်းကို ဖုန်းလှမ်းဆက်ပြောတော့ အလွယ်တကူပင် ရှိန်း၏ကားကို ရှာဖွေတွေ့ရှိပါသည်။

မဏိယွှပ်ကိုယ်တိုင် လေဒီအတွက် စိတ်ပူနေသည့်အတွက်





သူ့အပေါ်ကျရောက်လာမည့် အန္တရာယ်ကိုပင် မစဉ်းစားနိုင်တော့ဘဲ ပိတ်ထားသည့် ခြံဝင်းတံခါးရှေ့မှာ သူ့ကားကိုထိုးရပ်ပြီး ဝင်းတံခါးကြီးကို ဓွတ်အတင်း ကျော်ခွတက်ကာ ခြံဝင်းကျယ်ကြီးထဲ ဘုတ်ခနဲခုန်ချသည့်အထိ သံဆူးချွန်ဖြင့် ထိမိငြိမိသည့်နေရာတွေမှာ ချက်ချင်းသွေးစို့ကာ နီရဲနေပေမယ့် ဂရုစိုက်မနေနိုင်အား။

နှစ်ထပ်တိုက်မြင့်ကြီးရှိရာ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လာရင်း မျက်လုံးအစုံကလည်း ချစ်သူလေးကို အပြေးအလွှား ရှာဖွေနေမိသည်။

"လေဒီ…လေဒီ"

"လေဒီဘယ်မှာလဲ"

"ဒီမှာကွ"

"ဟင်"

လေဒီထံမှ ဖြေကြားသံမဟုတ်ပါ။

ရှိန်းဆိုသည့် ချာတိတ်လေး၏ မိုက်ကန်းကန်း ဂျစ်ကန်ကန် မျက်နှာပေးဖြင့် ရပ်ထားသည့်ကားနားမှ ဘွားခနဲပေါ်လာပြီး ဖြေလိုက်သံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဒီဘယ်မှာလဲ ရှိန်း"

"ခင်ဗျားသိဖို့မလိုပါဘူး"

"ဘာ"

"အသားအနာမခံချင်ရင် ဒီနေရာက အခုချက်ချင်းထွက်သွားပါ၊ လေဒီက ကျုပ်ချစ်သူ၊ ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး"

"လေဒီက ငါနဲ့လက်ထပ်မဲ့ဇနီးလောင်းကွ၊ မင်းသာ လေဒီနဲ့ ဘာမှမဆိုင်တာ၊ ဘယ်မှာလဲ ငါ့ချစ်သူ"

"လေဒီကို မင်း အခုထုတ်ပေးစမ်း"

"လေဒီတော့မရဘူး၊ ဒါပဲရမယ်"

"ဟိတ်"

"ဗုန်း"

"ခွပ်...ခွပ်"

နှစ်ယောက်စလုံး တစ်ခဏအတွင်း သတ်ပုတ်လုံးထွေးသွားကြသည်။ ဖြန်ဖြေမည့်သူက မည်သူမျှမရှိ။ နှစ်ယောက်စလုံး လက်ရည်တူကြသည်ဆိုပေမယ့် မဏိယွပ်ချည်းခံနေရသည်။

ရှိန်းက အသတ်အပုတ်မှာ မဏိယွပ်ထက်ပိုပြီး ကျွမ်းကျင်





လီမွှာသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးရင်း နောက်ဆုံး ရှိန်းလက်ထဲ သစ်သားတုတ်တစ်ချောင်း ရောက်လာခိုက်မှာတော့ မဏိယွပ် ရှောင်၍မရပါတော့။

"ကဲကွာ"

"ခွပ်"

"အား"

"ကျွိ"

"ဟာ...ဟိုမှာ ဟိုမှာ မဏိယွပ်ခေါင်းမှာ သွေးတွေနဲ့ လဲသွားပြီ"

"သား...ရှိန်း"

"ဒက်ဒီ"

ရှေ့ဆင့်နောက်ဆင့် ထိုးရပ်လာသည့် ကားနှစ်စီးနှင့်အတူ ရှိန်းဒက်ဒီနှင့် လေဒီအစ်ကို ကိုတော်မီကို မြင်တွေ့လိုက်ရတာမို့ ရှိန်းလက်ထဲက သစ်သားတုတ်မှာလည်း လက်ထဲက အလိုလို ပြုတ်ကျသွားသည်။

"ဘယ်လိုလုပ်လိုက်တာလဲသားရယ်၊ မောင်တော်မီ မင်း



www.burmeseclassic.com

www.burmeseclassic.com



မဏိယွန်ကို ကြည့်ပါဦးကွယ်၊ သေများသွားပြီလား"

"ခဏလေးအန်ကယ်၊ ကျွန်တော်စစ်လိုက်ပါဦးမယ်"

ရှိန်းဒက်ဒီက မျက်စိမျက်နှာပျက်နေသလို ရှိန်းမျက်နှာက လည်း ဖြူတော့မည့်မိုးနှယ် မည်းညိုနေရှာပါသည်။ တော်မီလည်း သတိမေ့နေသည့် မဏိယွန်ကိုယ်ကြီးကို ရှိန်းတို့တိုက်အိမ်ကြီးထဲ မယူဆွဲအသွင်းမှာ ညီမငယ်လေဒီကို ဖျတ်ခနဲသတိရသည်။

"လေဒီရော ရှိန်း"

"ရှိပါတယ် အစ်ကိုတော်မီ"

"သွားခေါ်ချည်ကွာ"

"ဟုတ်ကဲ့"

တော်မီစကားကို နာခံစွာ လေဒီကို ထည့်ပိတ်ထားသော အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်နှင့် လေဒီ အိပ်ခန်းထဲက ပြေးထွက်လာသည်။

"ကိုကိုတော်မီ"

"လေဒီ ညီမလေး"

အစ်ကိုဖြစ်သူရှိရာ ငိုမဲ့မဲ့မျက်နှာလေးနှင့် ပြေးအလာ





မျက်နှာချောချောနှင့် အင်္ကျီဖြူဖြူပေါ်မှာ သွေးစီးကြောင်းကြီးနှင့် သတိလစ်မေ့မျောနေသော ဦးမဏိယွန်ကြောင့် လေဒီ လန့်ဖျန့်ပြီး မဏိယွန်နား အပြေးရောက်သွားသည်။

"ကိုကို သူ ဦးမဏိယွန်သေပြီလားဟင်"

"ဒဏ်ရာသိပ်မပြင်းပါဘူး၊ ရှော့(ခ်)ဖြစ်ပြီး သတိလစ် သွားတာပါ၊ ညီမလေးရော ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း…လေဒီ ဘာမှမဖြစ်ပါဘူးကိုကို"

ပြောရင်း လေဒီက မျက်နှာငယ်လေးနှင့် လေဒီမျက်နှာ လှလှလေးကို စိတ်ထိခိုက်စွာ ငေးကြည့်နေသည့် ရှိန်းနှင့် အကြည့် ခြင်းဆုံသွားကာ စိတ်မကောင်းဖြစ်သွားသည်။

"ဦးမဏိယွန်ကို ဆေးရုံမပို့ဘူးလားကိုကို"

"ကိုကို့ဆေးခန်းမှာပဲ ဒဏ်ရာကိုချုပ်လိုက်ရင် ရပါ တယ်"

"အန်ကယ် ဘာကူညီပေးရမလဲ မောင်တော်မီ"

"အင်း…ဟင်း…ဟင်း"

"ဟော…ဦးမဏိယွန် သတိရလာပြီကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မဏိယွှပ်"

"ဦးမဏိယွှပ်"

"လေဒီ"

"ဦးမဏိယွှပ်ရယ်"

မဏိယွှပ်က သတိရရခြင်း သူငယ်ချင်းဖြစ်သူ တော်မီကို စိတ်မဝင်စား သူချစ်မြတ်နိုးသော လေဒီလက်ကလေးတစ်ဖက်ကို အရင်ဖမ်းဆုပ်ကာ လေဒီအမည်ကို တမ်းတမ်းတတခေါ်လိုက်ပုံကို ကြည့်ကာ တော်မီမှာ ကိုဖိုးသည်းဘွဲ့ကို တိတ်တိတ်လေးအပ်လိုက်မိပါတော့သတည်း။

◆ ◆ ◆

ဒိုး:မိုး:၀၁၉ပ

## အခန်း (၁၆)

မဏိယွှပ်နဖူးပြင်မှာ ဒဏ်ရာကို အစိမ်းချုပ်ပြီး ပတ်တီးစည်းပေးလိုက်သည်။ သစ်သားတုတ်က ခွေးနေ၍သာ တော်တော့သည်။ အခန့်မသင့်လျှင် သေနိုင်သော အနေအထားဖြစ်သည်။

"အား…ကျွတ်…ကျွတ်"

ဒဏ်ရာခပ်နက်နက်ဖြစ်သဖြင့် အတော်လေးခံလိုက်ရသည်။

"သိပ်နာနေလားဟင်"

"တုတ်အကြီးကြီးနဲ့ အရိုက်ခံရတာပဲဗျာ နာတာပေါ့"

လေဒီအမေးကို မဏိယွှပ်က ခပ်ချွဲချွဲဖြေလိုက်တာမို့ တော်မီက ညီမနှင့် ယောက်ဖလောင်းကြားအောင် အဟမ်းဟု

ဒိုး:မိုး:၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်သံခပ်ကျယ်ကျယ်ပြုလိုက်ရာ မဏိယွပ်က ခပ်ပြုံးပြုံး မျက်နှာဖြင့် လေဒီမျက်နှာလေးကို စိုက်ကြည့်နေနိုင်ပေမယ့် လေဒီ မျက်နှာလေးကတော့ ရှက်စိတ်ဖြင့် ဖြန်းခနဲ ပူနွေးသွားရရှာပါသည်။

"တူ…တူ…တူ"

"ညီမလေးတို့ အေးအေးဆေးဆေး စကားပြောကြဦးပေါ့၊ ကိုကို ဖုန်းပြောလိုက်ဦးမယ်"

"ဟဲလို"

အစ်ကိုတော်မီက ဖုန်းတစ်လုံးဖြင့် ဦးမဏိယွပ်အိပ်ခန်းထဲ က ထွက်သွားသည့်အတွက် ဦးမဏိယွပ် အိပ်ခန်းကျယ်ကြီးထဲမှာ လေဒီနှင့်သူ နှစ်ယောက်ထဲကျန်ခဲ့သည်။

"လေဒီ"

"ရှင်"

"ကိုယ့်ကို မသနားဘူးလား"

"လေဒီကြောင့် ဒဏ်ရာရတာ စိတ်မကောင်းပါဘူး"

"ဒါပဲလား"

နှစ်ယောက်စလုံး အကြည့်ချင်းဆုံမိကြသည်။





"ကိုယ့်ကိုချစ်တယ်လို့ ပြောလိုက်စမ်းပါဗျာ"

"အို…လေဒီလက်ကိုလွှတ်ပါ၊ တော်ကြာ ကိုကိုဝင်လာ လို့ တွေ့သွားရင် မကောင်းပါဘူး"

"ကောင်းပါတယ်ဗျာ၊ ကိုယ်ချစ်တာ အားလုံးသိနေကြ ပြီပဲ"

လေဒီက သူ့မလက်ကလေးကို မဏိယွပ်လက်ထဲက ဆွဲယူပေမယ့် မဏိယွပ်ကမလွှတ်။ ပိုတိုး၍ လေဒီကိုယ်လေးကို အားဖြင့် ဆောင့်ဆွဲယူလိုက်တာမို့ လေဒီမှာ အင့်ခနဲ မဏိယွပ်ရင်ခွင် ထဲ ရောက်သွားသည်။

"ချစ်တယ်လေဒီရယ်"

"ဦးမဏိယွပ်နော်…လေဒီမကြိုက်ဘူးဆို"

"အို"

ဒဏ်ရာနှင့်လူက သူ့ဒဏ်ရာကိုပင် သတိရပုံမပေါ်ပါ။ နူးညံ့နွေးထွေးသော လေဒီပါးပြင်နုမှာ အနမ်းပွင့်တွေ အစွမ်းကုန် ဖူးပွင့် သွား၏။ လေဒီခမျာ ဦးမဏိယွပ်အနမ်းတွေ ဖယ်ရှားရန် ကြိုးစား ပေမယ့် ခါတိုင်းလို ငိုယိုထုရိုက်ခြင်းတော့ မပြုမိပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းလက်ထဲက လေဒီကို ကယ်ယူလာသူအဖြစ် အပြစ် တင်ရန်ခက်သလို ရှိန်းကြောင့် အနာတရဒဏ်ရာရခဲ့ပေမယ့် ဘာတစ်ခုမှ အပြစ်မယူဘဲ နားလည်မှုနှင့် အလွယ်တကူ ခွင့်လွှတ် ကြေအေးပေးနိုင်လောက်အောင် သဘောထားကြီးသူတစ်ယောက် အဖြစ် လေဒီရင်ထဲမှာ တိတ်တဆိတ် အသိအမှတ်ပြုမိခြင်းကြောင့် လည်း ဖြစ်ပါသည်။

"ချစ်တယ်နော်"

အချစ်များ စိုစွတ်နေသော အသံဖြင့် တိုးတိတ်စွာ ဆိုလာ တော့ လေဒီ အဖြေရခက်စွာ သူ့ရင်ခွင်ထဲက ရုန်းထွက်ပါသည်။

"လေဒီ"

"ဖယ်ပါ၊ သူ့ကို ချစ်သင့်မချစ်သင့် လေဒီ စဉ်းစားရဦး မယ်"

"ဗျာ…အခုမှ စဉ်းစားရဦးမယ်ပဲရှိသေးတယ်လား"

"ဓာလီဝင့်ထယ် ရည်းစားကြီးကို မုန်းပါ့"

"ဟာကွာ"

"သူနဲ့ကိုယ် ဘာမှမဆိုင်ဘူးဆိုတာ လေဒီကို သေချာ





ရှင်းပြထားပြီးပြီပဲ၊ မညစ်နဲ့ကွာ၊ ဒီမှာစောင့်ရတဲ့လူက စိတ်မရှည် တော့ဘူး"

"စိတ်မရှည်ရင်လည်း တခြားတစ်ယောက် သွားချစ် ပေါ့"

"ပြောပြန်ပြီလား ဒီစကား"

လေဒီက ဘာမှပြန်မပြောဘဲ မျက်နှာကို တစ်ဖက်လှည့် သွားတော့ မဏိယွန်ရင်ထဲ မချင့်မရဲဖြစ်သွားကာ လေဒီကိုယ်လေး ကို ဖျတ်ခနဲ သူ့ရင်ခွင်ထဲ ကျုံးပွေ့ပစ်သည်။

"အို…ဒါက ဘယ်လိုဖြစ်နေတာလဲ"

"ကောင်းကောင်းပြောလို့မရရင် ဟောဒီလို ဟောဒီလို ဇွတ်တရွတ်ပြောမယ်လို့ သတိပေးတာ"

ပါးစပ်ကတင် ရိုးရိုးပြောခြင်းမဟုတ်။ စိတ်ရှိသလောက် လွှတ်ပေးပြီး ခပ်ကြမ်းကြမ်းနမ်းရှိုက်ခံလိုက်ရတာကြောင့် လေဒီ ရှက်ပြီး သူ့ကိုယ်ကြီးကို ထုရိုက်မိသည်။

"ဒီလောက်ဖြစ်တာ ကဲ ကဲ"

"အား…နာတယ်ကွ၊ ဒဏ်ရာကို တကယ်ထိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိပါစေ၊ ဒဏ်ရာနာမှ လေဒီကို မထိနိုင်မှာ"

နှုတ်ခမ်းစူလျက် မကြည်စွာဆိုလာသူလေးအဖြစ်ကို မြတ်နိုးစွာ စိုက်ကြည့်ရင်း မဏိယွပ်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေ ပြည့်သိပ်ဖြစ်ထွန်းလာသည်။

"ကိုယ့်ကို အဲဒီလိုမထင်နဲ့နော်၊ အချစ်အတွက်ဆိုရင် ဒီဒဏ်ရာလောက်ကို မပြောနဲ့ ကိုယ့်အသက်ကိုပဲ စွန့်ရစွန့်ရ ဂရုစိုက်လိမ့်မယ်မထင်နဲ့"

"မယုံရင် အခုပဲ ကိုယ့်အသားအနာခံပြီး လက်တွေ့ပြရမလား လေဒီ"

"တော်ပါ၊ ဒါမျိုးဆို ဦးမဏိယွပ်ဘက်က တော်တော်နစ်နာနေပါဦးမယ်"

"ပြောပြီးပြီပဲလေ၊ အသက်ပဲစွန့်ရစွန့်ရပါဆိုနေ၊ ဒီလောက်ကတော့ ဘယ်စာဖွဲ့ပါ့မလဲ"

"ဘာတွေစာဖွဲ့နေတာလဲကွ မဏိယွပ်"

"ကိုကို"

"အရေးကြီးတဲ့အချိန်ကြမှ ဆေးရိုးသည်ရောက်လာတာ





နာတာပဲကွာ၊ လေဒီ ကိုယ်ပြောတာယုံနော်"

မဏိယွပ်က တော်မီကို ဂရုမစိုက်ဘဲ လေဒီကို လှမ်းပြောတော့ ပါးလေးတွေနီပြီး လေဒီ ရှက်အမ်းအမ်းအနေရခက်နေပုံက သိပ်ကြည့်၍လှနေပါသည်။

"ဒီကောင့်စကားဆို ဘာတစ်ခုမှကို မယုံနဲ့နော် လေဒီ၊ အခုတောင် စုံတွဲခေတ်ပုံတွေထဲမှာ ဘယ်လိုဖြစ်လဲဆိုတာ လေဒီတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်ကိုကို၊ သူပြောသမျှစကားတွေကို လေဒီ မယုံလို့ အခုချိန်ထိ ဦးမဏိယွပ်ကို ချစ်တယ်လို့ တစ်ခါမှမပြောခဲ့ပါဘူး"

"သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ၊ ကိုကိုညီမ သိပ်တော်တယ်"

"ပြန်ကြတော့မလား ကိုကို"

"ပြန်မယ်လေ၊ ပေးထားတဲ့ဆေးတွေ သောက်မသောက်တစ်နေ့တစ်ခေါက် လေဒီလာကြည့်လိမ့်မယ် ဟုတ်လား"

"သွားပြီပော့ မဏိယွပ်"



www.burmeseclassic.com

www.burmeseclassic.com



"လေဒီကို ခွင့်ပြုပါဦးရှင်"

"ဟိုတ် နေဦးလေ"

မဏိယွှပ်လှမ်းခေါ်ပေမယ့် လေဒီက နောက်ကို တစ်ချက် လှည့်မကြည့်ဘဲ ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသည်။ ကိုကို တော်မီနောက် လှစ်ခနဲပြေးလိုက်သွားသည့်အတွက် မချင့်မရဲဖြစ် ကျန်ရစ်သူက မဏိယွှပ်။

သိပ်ဆိုးတဲ့ လေဒီပဲကွာ။

မခွဲနိုင်တာသိရက်နဲ့ လူကို ဒီအတိုင်း ရက်ရက်စက်စက် သူမို့ ထားသွားတယ်။

စိတ်ထဲက ချစ်ရသူလေးကို အပြစ်တင်စကားဆိုပေမယ့် နှုတ်ခမ်းအစုံကတော့ ပြုံးနိုးခြင်းဖြင့် အပြုံးပီတိတွေ ကြည်နူးဖွယ် ဝေနေပါသည်။

စာကြည့်စားပွဲပေါ်တင်ထားသည့် တော်မီဆေးတွေကို တစ်ခါထဲ သိမ်းကျုံးယူပြီး အနားက အမှိုက်ပုံးထဲ လှမ်းပြစ်ထည့် လိုက်သည်။

ဒါမှ သူနေမကောင်းဖြစ်မှ သူ့နားမှာ လေဒီရှိနေနိုင်မှာ





မဟုတ်လား။

အိပ်ယာထက်မှာ ငြိမ်သက်စွာ လှဲလျောင်းရင်း သူနှင့်လေဒီအကြောင်း တွေးနေမိသည်။ ရှိန်းလက်ထဲက လေဒီကို ကယ်ထုတ်လာပြီးနောက်မှာ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ဖို့ လူကြီးတွေ ခေါင်းချင်းဆိုင်ကြသည်။

လေဒီမာမီ ဒေါ်ခင့်ဝေစီမှာတော့ ရှိန်းလက်ထဲ လေဒီဘဝလေး ရေတိမ်မနစ်သွားတာကိုပဲ ကျေးဇူးအထပ်ထပ်တင်နေသည်။

"ကံကြီးပေလို့ပေါ့ မောင်မဏိယွှပ်ရယ်၊ မင်းသာ အချိန်မီရောက်မသွားရင် အန်တီတော့ သမီးလေးအကြောင်းကို တွေးတောင်မတွေးရဲအောင်ပါပဲကွယ်"

"မဝေမိကလည်း အချိန်မီပြောပြနိုင်လို့ပါ အန်တီ"

လေဒီကတော့ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် မဏိယွှပ်ကို မရဲတရဲလေးကြည့်ပြီး ခေါင်းငုံ့မျက်နှာလွှဲထားသည်။ မဏိယွှပ်ကတော့ ဘယ်သူတွေ ဘာထင်ထင် လူလစ်ရင်ငေါစ်သလို ချစ်သူမျက်နှာလှလှလေးကိုသာ တစ်ချိန်လုံး လိုက်ကြည့်နေသည်။ မဏိယွှပ်က လေဒီနှင့် မျက်လုံးခြင်းအဆုံးမှာ မျက်စိမှိတ်ပြတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



အနမ်းပုံလုပ်ပြတာမျိုးနှင့် တည့်တည့်တိုးလျှင် ပါးလေးတွေ နီရဲပြီး ရှက်ကိုးရှက်ကမ်း မျက်နှာလှလှလေး အနေရခက်သွားပုံကို မဏိယွပ်က ချစ်၍ မြတ်နိုး၍မဆုံး။

မဏိယွပ် အသည်းတယားယားနှင့် ချစ်မဝနိုင်ခြင်းအဖြစ်ကို လူကြီးတွေသိကြပေမယ့် မသိဟန်ဆောင်နေကြသည်။ မဏိယွပ်၏ တောင်းဆိုမှုကြောင့် မင်္ဂလာပွဲကို ခပ်မြန်မြန်ကျင်းပကြရန် စိုင်းပြင်းနေသည့်အချိန်အထိ လေဒီက သူ့နားမှာ ကြာရှည်မနေ။

တစ်ပြေးထဲပြေးနေသူလေးဖြစ်သည်။

"အရင်ဆုံး လက်မှတ်ထိုးထားရင် မကောင်းဘူးလားအန်တီ၊ နောက်မှပဲ မင်္ဂလာဧည့်ခံပွဲကို စိတ်ကြိုက်စီစဉ်စေချင်ပါတယ်ခင်ဗျာ"

"နောက်တစ်ကြိမ် ကားတင်ပြေးမှာစိုးလို့ပါ"

ရှေ့မျက်နှာနောက်ထားပြီး သူဖြစ်ချင်တာကို မဏိယွပ်ကဘဲ လူကြီးတွေကို အပူကပ်ရသည်။

"အေးလေ မောင်မဏိယွပ်ပြောတာလည်း မဆိုးပါဘူး၊





ရုံးတက်ပြီး အရင်လက်မှတ်ထိုးကြတာပေါ့"

ပန်းနုရောင်ဖျော့ဖျော့ ကိုယ်ကျပ်ဝတ်စုံလေးက မြန်မာဆန်သည်။ လှလှပပ။ ပိုးကြူကတော့ တစ်ချိန်လုံး သတို့သားဦးမဏိယွပ်နှင့် သတို့သမီး လေဒီကို တစ်လှည့်စီကြည့်မဝ။

စိတ်ကလည်း အားကျနေသလို။ သူငယ်ချင်းအတွက် ဝမ်းသာဂုဏ်ယူနေသည်။

"လေဒီ"

"ဟင့်"

"ရင်ခုန်နေလားဟင်"

"သိချင်ရင် ကိုယ်တိုင်မင်္ဂလာဆောင်ကြည့်"

"ခစ် ခစ်"

"အားကျလို့ပါဟယ်၊ လေဒီကလည်း"

ပိုးကြူက တခစ်ခစ်ရယ်မဆုံး။

အပျော်လွန်နေသည့် သတို့သားဦးမဏိယွပ်နေရာမှာ ရှိန်းဆိုသည့် လူချောလေးကို ဖျတ်ခနဲ သတိရလိုက်တော့ လေဒီရင်မောပမ်းလျှစွာ သက်ပြင်းရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းအတွက် စိတ်မကောင်းပေမယ့်မတတ်နိုင်။ ရှိန်းကိုတော့ လေဒီ မချစ်။ ချစ်ကြည့်ဖို့ကြိုးစားသော်လည်းမရ။

ခွင့်လွှတ်တော့ရှိန်းရယ်။

ရှိန်းလက်ထဲမှာ လေဒီဘဝလေး ဆုံးရတော့မည့်အဖြစ်ကို သိလိုက်ရတော့ လေဒီတုန်လှုပ်ချောက်ချားစွာ ဦးမဏိယွပ်ကို တမ်းတမ်းတတ သတိရမိလျက် ရှိုက်ကြီးတငင် ငိုချမိတာကို ပြန်သတိရသည်။

အဲဒီအချိန်တုန်းက ဦးမဏိယွပ်ကို တစ်ချိန်လုံး သတိရ တမ်းတလျက် လေဒီရှိရာ အမြန်ဆုံးရောက်လာပါစေ။ ရှိန်းဆိုသည့် အချစ်လူဆိုးလက်က အမြန်ဆုံး ကယ်တင်နိုင်ပါစေဟု ဆုတောင်းခဲ့သည်။

တကယ်လည်း လေဒီဆုတောင်းပြည့်ခဲ့သည်။ လေဒီရှိရာကို ဦးမဏိယွပ် ရောက်လာခဲ့သည်။ လေဒီရင်ထဲ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

ရင်ခုန်စိတ်လှုပ်ရှားခဲ့ရသည်။ သွေးတွေနှင့် ဒဏ်ရာရနေသူကိုမြင်ရတော့ လေဒီရင်ထဲ လှိုက်လှဲနာကျင်စွာ ဝမ်းနည်းကြေကွဲ





ခဲ့ရသည်။

အချစ်ဆိုတာ ဒါပဲလား။

လေဒီ သေချာရေရာစွာမသိ။ အခုလည်း လူကြီးမိဘတွေအလိုကျ ဦးမဏိယွပ်နှင့် ရုံးတက်ပြီး လက်မှတ်ရေးထိုး လက်ထပ်ခဲ့သည်။

အားလုံးပျော်နေကြသည်။

အားလုံးထဲမှာ ဦးမဏိယွပ်က ပို၍ပျော်နေ၏။ လက်ထပ်ပြီး လေဒီကို သူပိုင် မဏိရတနာသို့ တစ်ပါတည်းခေါ်ယူသွားရမည့်အတွက်ဖြစ်သည်။

လေဒီကတော့ ဦးမဏိယွပ်နောက်ကို မလိုက်ချင်ပါ။ သို့သော် ယောင်နောက်ဆံထုံးပါဆိုသည့် စကားအတိုင်း မာမီကိုယ်တိုင် မမကြီး ကိုကိုတော်မီတို့နှင့် တစ်ပျော်တစ်ပါး ဦးမဏိယွပ်၏ မဏိရတနာကို လိုက်ပို့ကြတော့ မျက်ရည်တဝဲဝဲ။ နှုတ်ခမ်းတစူစူနှင့်ပင် နေခဲ့ရသည်။

"လိမ်လိမ်မာမာနေနော် သမီးလေး"

"မလိမ္မာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဟင်း၊ မာမီသမီးကတော့ အခုထိ တကယ့်ကလေးလေးပဲ"

"သား…မင်းညီမလေးကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါမာမီ"

အတိုင်အဖောက်ညီနေသူတွေ ပြန်သွားတော့ မဏိရတနာမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"လေဒီ"

မဏိယွပ်ထံမှ တိုးဖွညင်သာသည့် ခေါ်သံနှင့်အတူ လေဒီနား ပူးကပ်စွာလာထိုင်တော့ လေဒီက ဖျတ်ခနဲ သူမကိုယ်လေးကို တစ်ဖက်သို့ တိုးရွှေ့လိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း"

မဏိယွပ်က လေဒီ အဖြစ်သည်းပုံလေးကိုကြည့်၍ ချစ်မြတ်နိုးစွာ ခပ်အုပ်အုပ်ရယ်သည်။ ပြီးတော့ လေဒီ ရွှေ့သွားသည့်ဘက်ကို သူ့ကိုယ်ကြီးကို လိုက်ရွှေ့သည်။

တိုးတိုးဝှေ့ဝှေ့။ ပူးပူးကပ်ကပ်။

"အို…ဘယ်လိုဖြစ်နေတာလဲ"





"ဘာဖြစ်လို့လဲ"

"ဒီလောက်နေရာအကျယ်ကြီးကို ဘာလို့ လူ့ကိုလာပြီး ဖွတ်အတင်း လာတိုးနေရတာလဲလို့"

"ချစ်လို့"

ရွှန်းလဲ့သည့် အကြည့်အပြောအောက်မှာ လေဒီမျက်နှာလေး ရွှေးနီသွားကာ နေရာက လှစ်ခနဲ ထပြေးသည်။

"ဟေး…ဘယ်လဲ"

မဏိယွပ်ခေါ်သံကြားပေမယ့် နောက်ကို တစ်ချက်လှည့်မကြည့်။ အပေါ်ထပ်လှေကားကြီးအတိုင်း ယုန်ဖြူမလေးနှယ် သွက်နှင့်ဝေးရာ ပြေးသွားသော ဇနီးချောကိုကြည့်လျက် ချစ်မြတ်နိုးစွာ ရင်တသိမ့်သိမ့် လှိုက်ခုန်သွားသည့်သူက မဏိယွပ်ကိုယ်တိုင်ဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အချစ်ကို လိုချင်မက်မောတမ်းတသူနှင့် အချစ်ကို မပေးလို၍ ဝေးဝေးပြေးနေသူနှစ်ဦး ထိပ်တိုက်ဆုံကြသည့်ပွဲမှာ ပို၍ချစ်ရသော ချစ်သူက အနစ်နာခံ အရှုံးပေးလိုက်လျှောရသူချည်းဖြစ်သည်။

လေဒီကို မဏိရတနာမှာ ထားခဲ့သည်ဆိုသော်လည်း လေဒီက မဏိရတနာမှာမနေဘဲ တစ်နေကုန် အပြင်ထွက်လည်နေရုံ ကြိုးစားပါသည်။ မင်္ဂလာဧည့်ခံပွဲအတွက် ပြင်ရဆင်ရနှင့် အလုပ်ရှုပ်နေတာမို့ သူကိုယ်တိုင်လည်း အရိပ်တကြည့်ကြည့်နှင့်ပင် ချစ်ရသူ၏ မျက်နှာလှလှလေးကိုသာ လေဒီသွားရာနောက်လိုက်ပြီး ငေးစိမ့်စိမ့် ကြည့်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ"

"ဟင်"

"ဟိုမှာ ရှင့်လူကြီး ဖုန်းပြောရင်း လှမ်းကြည့်နေတယ်"

"ကြည့်ပလေ့စေ"

ပိုးကြူက လေဒီနားကပ်ပြီး တိုးတိုးပြောပေမယ့် လေဒီက လှည့်မကြည့်။ မှန်ထဲက သူမပုံရိပ်လှလလေးကိုသာ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်သည်။ ပန်းနုသွေးရောင်ကြွရွနေသည့် မင်္ဂလာဝတ်စုံလေးက လေဒီကိုယ်လေးမှာ ချပ်ရပ်ကြွရွစွာ လှလှပပ။

ပန်းအဆုပ်အခက်လေးတွေက ထိရက်စရာမရှိအောင် အိစက်ညက်ညောလှသည်။

"လှလိုက်တာလေဒီရယ်၊ ရှင့်ကိုကြည့်ရတာ ပိုးကြူတောင် ကိုက်စားချင်လာပြီဆိုတော့ လေဒီယောကျ်ားကြီးဆိုရင်"

"ပိုးကြူနော်…ရှင့်စကားကြီးက ဘာလဲ"

"အမှန်အတိုင်းပြောတာလေ၊ ရှင်တို့ချင်း လက်ထပ်ပြီးမှ လင်ရယ်မယားရယ်လို့ဖြစ်ပြီပေါ့"

"ရှင်ပဲဖြစ်"





"ခစ်…ခစ်….ခစ်"

"ဒီကဖြစ်ချင်နေတာဖြင့် ကြာလှပြီ၊ ရှင့်လို ကားတင်မြေးမဲ့ ကိုကိုမရှိလို့ပေါ့၊ ခစ်"

"မိန်းမကိုက တော်တော်အူမြူးနေတယ်၊ ဟိုမှာ လူကြီးလာနေပြီ၊ ခပ်တည်တည်နေစမ်းပါဆို"

"နေနေတာပဲလို့၊ ခစ်"

လေဒီပြောသည့်ကြားက ပိုးကြူ မျက်နှာဝပိုးမသေ။ တခစ်ခစ်ပင် ထရယ်လိုက်သေးသည့်အတွက် လေဒီက ပိုးကြူမကို မျက်ခုံးလေးတွန့်ပြီး ကြည့်လိုက်သည်။

လူကြီးမိဘတွေက မင်္ဂလာဝတ်စုံဝတ်ဖို့ မဏီယွပ်နှင့် လေဒီတို့ကို လွှတ်လိုက်ပေမယ့် လေဒီက ပိုးကြူကိုပါခေါ်လာသဖြင့် သုံးယောက်သား အတူရှိနေရခြင်းဖြစ်သည်။

"ဘယ်လိုလဲ ဦးမဏိ၊ လေဒီမလှဘူးလား"

"သိပ်သိပ်ကိုလှပါတယ်ဗျာ"

"ဘာမှမလိုတော့ပါဘူးနော် ဦးမဏိ"

"မလိုတော့ပါဘူးဗျာ၊ ကိုယ့်အတွက်တော့ လေဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေနေ အမြဲလှပြီးသား၊ အမြဲချစ်နေပြီးသားပါ"

"ချစ်တယ်နော်လေဒီ"

"သိဘူး"

မဏိယွန်က လေဒီနားကပ်ပြီး ရွှန်းရွှန်းစားစား စူးစိုက်ကြည့်ရင်း တိုးတိုးလေး အနားကပ်ပြောလိုက်တာကြောင့် လေဒီမှာ ပိုးကြူနှင့် အဝတ်ဒီဇိုင်းနာဆရာမရှေ့မှာ မျက်နှာလေးနီစွေးလျက် အနေရခက်စွာ နှုတ်ခမ်းစူ၍ ဦးခေါင်းလေးကို ငုံ့ပစ်လိုက်ပါသည်။

မဏိယွန်ကတော့ လေဒီလှုပ်ရှားသမျှကို ချစ်မြတ်နိုးသော မျက်လုံးလက်လက်များဖြင့် ကြည့်ရင်း ပြုံးနေပါသည်။ လေဒီ အဝတ်ပြန်လဲလိုက်သည်။

"ပြန်တော့မယ်"

"ဘယ်ကိုလဲ"

"မာမီ့အိမ်ကိုပေါ့"

"ကိုယ်တို့အိမ်ကို မပြန်ဘူးလား"

"ပြန်ချင်ပါဘူး၊ မာမီ့ဆီကိုပဲသွားမယ်"

"သွားလေ...အိမ်မှာ ဘာမီမရှိရင်တော့ ကိုယ်တို့အိမ်ကိုပဲ





ပြန်ရမယ်နော်"

လေဒီက အင်းမလှုပ်။ ကားပေါ် ခပ်တည်တည်လေး တက်လိုက်တော့ ပိုးကြူက လိုက်မလာ။

"ရှင်တို့ပဲသွားတော့နော် လေဒီ၊ ပိုးကြူ ဒီမှာနေခဲ့မယ်"

"ဘာလုပ်ဖို့လဲ"

"ချိန်းထားတာလေး ရှိလို့ပါဟယ်"

ပိုးကြူမျက်နှာက ပြုံးစိစိ။

"ဘယ်သူနဲ့ချိန်းထားတာလဲ"

"မာမီ့ကို ပြန်မပြောနဲ့နော် ခစ်"

"ဘယ်သူလဲ ပြောစမ်းပါဆို"

"ဖြိုးနဲ့၊ ခစ်...ခစ်"

"ကြည့်စမ်း...နင်"

"သွားတော့...သွားတော့ ဦးမဏိ"

"ခစ်"

"သွားပြီနော် ပိုးကြူ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မဏိယွပ်က ပိုးကြူကို လက်တစ်ဖက်နှင့် မြှောက်ပြပြီး ကားကို နေရာက မောင်းထွက်ခဲ့သည်။ လေဒီကတော့ ပိုးကြူ စုံတွဲရသွားတာကို အံ့သြနေသည်။

အချိန်တိုလေးအတွင်းမှာ မြန်လိုက်တာ။

ဝေဖြိုးဆိုတာ ဟိုတစ်နေ့ကမှ ပိုးကြူနဲ့တွေ့တဲ့ ကောင်လေး ဖြစ်ပြီး ပိုးကြူကိုယ်တိုင် မြင်မြင်ချင်း ရင်ခုန်ရပါသည်ဟု လေဒီကို ပြောခဲ့သည်။

အခုတော့ ချိန်းတဲ့အဆင့်အထိ ရောက်သွားသည်။ အိမ်ကို ရောက်တော့ မာမီမရှိ။ မင်္ဂလာကိစ္စအတွက် အပြင်သွားနေသည်။

မာမီ့ဆီ ဖုန်းလှမ်းဆက်ပေမယ့် ဖုန်းလိုင်းက ခေါ်မရတာနှင့် မာမီနောက်ကို လိုက်သွား၍မရဘဲ ဖြစ်နေသည်။ ကိုကိုတော်မိကလည်း ဆေးရုံမှာ။ မမဝေမီကလည်း အိမ်မှာမရှိ။

နောက်ဆုံး ဦးမဏိယွပ်နှင့်အတူ မဏိရတနာကို ပြန်ခဲ့ရသည်။

"လေဒီ ဘာဟင်းစားချင်လဲ၊ ကိုယ်ကိုယ်တိုင် ချက်ကျွေးမယ်လေ"





"ဟင်းချက်တတ်လို့လား"

"ဒါပေါ့၊ ကိုယ် နိုင်ငံခြားထဲက ကိုယ်တိုင်ချက်စားတာ၊ ပြီးတော့ ကိုယ်က ထမင်းဟင်းချက်ရတာ ဝါသနာပါတယ်"

"ကောင်းတာပေါ့၊ လေဒီက ထမင်းဟင်းချက်ဝါသနာ မပါဘူး၊ ဦးမဏိချက်ကျွေးတာ အသင့်စားရုံပဲ"

"စားပါဗျာ၊ စားပါ၊ လေဒီအတွက်ဆို ဘာမဆိုလုပ်ပေးမယ့်သူပါ၊ ဒီမှာ ငြိမ်ငြိမ်လေးထိုင်နေ ဟုတ်လား"

"ကိုယ်တို့အတွက် မနက်စာကို ကိုယ်ကိုယ်တိုင်ချက်တာကို ထိုင်ကြည့် ဟုတ်လား"

"ပြေပ်သီးအစပ်မစားဘူးနော်"

"ကောင်းပါပြီဗျာ"

မနက်စာကို ဦးမဏိယွပ်ကိုယ်တိုင် တကယ်ချက်တော့ လေဒီက သူလုပ်သမျှကို ငေးကြည့်နေမိသည်။ ရွှန်းတောက်သည့် မျက်နက်ဝန်းအစုံက အရောင်ဖိတ်ဖိတ်လက်နေသလို ပြုံးနေသည့် နှုတ်ခမ်းအစုံကလည်း နီရဲစိုစွတ်လျက်။

ထိုအကြည့်နဲ့ ထိုအပြုံးက လေဒီထံ ဖျတ်ခနဲ ရူးရူးရှရှ



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းလေးနက်စွာ ရောက်လာချိန်မှာတော့ သူ့အလိုလို မျက်နှာနှီးနှီးဖြင့် နှုတ်ခမ်းစူထော်လျက် မျက်စောင်းဝင့်မိသူက လေဒီကိုကြည့်ပြီး ရယ်သည်။

"အဟွန်း…ဟွန်း"

"လေဒီ"

လေဒီက မထူး။

"ချစ်တယ်"

"အား"

"ဟင်…ဘာဖြစ်တာလဲ"

"အို…လက်မှာသွေးတွေ"

"ရတယ်၊ ဘာမှမဖြစ်ဘူး၊ လက်ကိုဓားထိသွားတာ"

"အား…ကျွတ်…ကျွတ်"

မဏိယွပ်လက်ကဒဏ်ရာ သိပ်မများပေမယ့် ထက်မြလှသော ဓားကြောင့် သွေးတွေအရမ်းထွက်လာသည်။ ဒါကို အခွင့်ကောင်းယူပြီး မျက်နှာချောချောကို ရှုံ့မဲ့ပြီး လက်ကိုဖိကိုင်ညှစ်လိုက်တော့ လေဒီ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။





"သိပ်နာနေလားဟင်၊ လေဒီ ဘာလုပ်ပေးရမလဲ၊ ဆေးခန်းသွားကြမလား"

စိုးရိမ်တကြီးမေးမြန်းစူးစမ်းဟန်လေးနှင့် မဏိယွပ်ရပ်နေသည့်နားကို လေဒီရောက်လာ၏။ ပြီးတော့ နီးနီးကပ်ကပ်လေးရပ်ပြီး မဏိယွပ်လက်က သွေးထွက်နေသည့်ဒဏ်ရာကို ငုံ့အကြည့်မှာ မဏိယွပ်က လေဒီကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျပ်ဆုံး ဆွဲယူကျုံးပွေ့သည်။

"အိုး…ဘာလဲဆို"

"အနာက နာလို့ပါဗျာ"

"ဘာဆိုင်လို့လဲ၊ ခင်ဗျားနော် လက်ကဒဏ်ရာကို အရင်ဆေးမကုဘဲနဲ့"

"ဟင့်အင်း ဒီရင်ဘတ်ထဲကဒဏ်ရာက ပိုပြင်းနေတယ်"

"အို"

ပူနွေးသည့်အတွေ့ကြောင့် လေဒီ လန့်သွားသည်။

ဦးမဏိယွပ်ဆိုသည့်လူကြီး ဖျားနေတာပါလား။

လေဒီကို ဘာမှလည်းမပြော။ မပြောသဖြင့် လေဒီလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ခြစ်ခြစ်တောက်ပူနေသည့် သူ့ရင်ခွင်ထဲမှာ စိုးရိမ်ခြင်းတစ်ဝက် ဒေါသဖြစ်ရခြင်းတစ်ဝက်နှင့် စိတ်ထင်တိုင်းကဲနေ သည်းနေသူကို စိတ်ဆိုးနေမိသည်။

"ဦးမဏိယွှပ်"

"ဗျာ"

"ဒီလောက်ဖျားနေရက်နဲ့ ဆရာဝန်ကိုမပြဘဲ ဘာလုပ်နေတာလဲ"

"ဖယ်ပါ၊ ဆရာဝန်ကို လေဒီဖုန်းဆက်မယ်"

လေဒီက မဏိယွှပ်ရင်ခွင်ထဲက ရုန်းသည်။ မဏိယွှပ်က မလွှတ်။ ပိုတိုး၍ဖက်လိုက်တာမို့ လေဒီစိတ်ဆိုးစွာ ဦးမဏိယွှပ် မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာ"

"ဟင်"

"ဒီလောက်ဖျားနေတဲ့ကြားက ဒီစကားပြောနိုင်သေးလား"





"ဒီအဖျားလောက်က အရေးမကြီးပါဘူးဗျာ"

"ဒါဖြင့် ဘာက ဒီလောက်အရေးကြီးနေတာလဲ"

"အချစ်"

ပါးစပ်က ရိုးရိုးပြောခြင်းမဟုတ်။ လေဒီပါးလေးတွေကို ပါ နွေးထွေးနီမြန်းစွာ အနေရခက်သွားစေသူကြောင့် လေဒီ သူ့မျက်ဝန်းအကြည့်တွေကို ရင်မဆိုင်ရဲအောင် ရင်တွေတဒိတ်ဒိတ် ဖြစ်သွားသည်။

"ကိုယ်တကယ်ပြောနေတာ၊ အခုချိန်မှာ ကိုယ့်ဘဝမှာ အရေးအကြီးဆုံးက လေဒီ့အချစ်ကိုရဖို့ပဲ"

"လေဒီအချစ်ကိုရမယ်ဆိုရင် ကိုယ့်ဘဝကြီးတစ်ခုလုံး ပြီးပြည့်စုံပြီ"

"ကိုယ့်ကို ချစ်တယ်လို့ပြောပါ"

"ဆရာဝန်အရင်ခေါ်ပါ"

"ချစ်တယ်အရင်ပြော"

လေဒီ သူ့မျက်လုံးတွေကို မော့ကြည့်သည်။ နူးညံ့ရွှန်းလဲ့သည့် မျက်ဝန်းအကြည့်တွေက စူးရှတောက်ပစွာ သိမ်မွေ့လင်း



www.burmeseclassic.com

www.burmeseclassic.com



လက်နေခြင်းကြောင့် လေဒီရင်ထဲ နွေးသွားသည်။

"မုန်းတယ်လို့ပြောရင် ဆေးမကုတော့ဘူးလား"

"သိချင်ရင်စမ်းကြည့်လေ"

မျက်ဝန်းအကြည့်တွေ အကြာကြီး ဆုံသွားသည်။ ပြောရင် ပြောသည့်အတိုင်း လုပ်မည့် သူ့မျက်နှာကို လေဒီသိနေသည်။

"ကိုယ့်ကိုချစ်တယ်လို့ပြောဖို့ရာ ဒီလောက်ခက်နေလား လေဒီရယ်"

"တကယ်ပဲ ကိုယ့်ကိုမုန်းနေလား"

"မုန်းတယ်"

"သေချာတယ်နော်"

"ဖယ်...လွှတ်"

လေဒီက သူမေးတာကို မဖြေတော့။ ရင်ခွင်ထဲက ရုန်းထွက်နေသူလေးကို အသည်းယားစွာ မဏိယွှပ် ဖျတ်ခနဲ ဆွဲယူ ပွေ့ချီမယူလိုက်သည်။

"အို...ဘာလုပ်တာလဲ"

"လွှတ်ဆို"





"ဟော...အိမ်ရှေ့မှာ ကားသံကြားတယ်၊ လေဒီကို အောက်ချပေးပါ"

"ဘယ်သူတွေလဲသိရအောင် အတူသွားကြည့်ကြမယ်လေ"

"ဟင့်အင်း...လေဒီကိုသာ အောက်ချပေးပါဆို"

"ဟာ...တော်မီတို့ပါလား"

"အို"

မဏိယွှပ်ရင်ခွင်ထဲက ရုန်းရင်းကန်ရင်း လိုက်ပါလာသော လေဒီမှာ ဦးမဏိယွှပ်၏ အသံကြောင့် မျက်လုံးလေးပြူးသွားသလို ကာရုပ်ထားရသို့လည်း ရှက်လန့်တကြားလေး လှမ်းကြည့်လိုက်မိရှာပါသည်။

"ဟင်...ကိုကိုနဲ့မမပါလား"

အစ်ကိုဖြစ်သူနှင့် ယောက်မဖြစ်သူတို့ ကားပေါ်ကဆင်း လာတာကို မြင်လိုက်ရသဖြင့် လေဒီမျက်နှာလေး ဆေးနီရေနှင့် ဖြန်းပက်လိုက်သလို နီရဲသွားလျက် မဏိယွှပ်လက်ထဲက ခွတ်အတင်း ရုန်းဆင်းမိသည်။

www.burmeseclassic.com



"ဦးမဏိယွပ်၊ လေဒီကိုအောက်ချပေးဆို"

"ချစ်တယ်ပြောမှ"

မဏိယွပ်က လေဒီ၏ ရှက်အမ်းနီမြန်းနေသည့် မျက်နှာလေးကို စိုက်ကြည့်ရင်းဆိုလာတော့ ဒီတစ်ခါ လေဒီ သူ့ကို အရှုံးပေးရပါပြီ။

"ချစ်တယ်၊ ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ဦးမဏိယွပ်ကိုပေါ့"

"တကယ်နော်"

"အို...ဘယ်လိုဖြစ်နေလဲ"

"မေးရင်ဖြေ"

"တကယ်...တကယ်၊ လူကိုအနိုင်ကျင့်နေတာ"

"ကိုယ်ပြောတာ အဲဒါမဟုတ်ဘူးနော်၊ ကိုယ့်ကို တကယ်ချစ်တာပါလို့ပြောခိုင်းတာ"

လှပနူးညံ့သော မျက်စောင်းဆုက မဏိယွပ်ရှိရာ လှပစွာ ရောက်လာသည်။



BURMESE CLASSIC .com



"လေဒီကို မယုံရင်လည်းနေ"

"ကိုယ့်ကို တကယ်ချစ်တာကိုလား"

"ဟုတ်တယ်"

"ယုံပါတယ်ဗျာ၊ ဒါပေမယ့် ပိုပြီးယုံကြည်သေချာရအောင်လို့ ကိုယ့်ရဲ့ချစ်ဇနီးလေးကို ဒီအတိုင်းပဲ ဝုဏ်ပြုချီပွေ့သွားပါရစေ"

"ဟ...ဒါကဘယ်လိုဖြစ်တာလဲ"

"လေဒီ့ဆီက ချစ်အဖြေရလို့ ပျော်နေတာ"

"အို"

"ဟာ...ဟိတ်ကောင်"

"အဟွန်း...ဟွန်း...ဟွန်း"

"အဟင်း...ဟင်း...ဟင်း"

မဏိယွပ်က လေဒီကိုယ်လေးကို ပွေ့ချီပြီး အပြင်ကိုထွက်အလာ အိမ်ထဲဝင်လာသည့် တော်မီတို့စုံတွဲနှင့် တည့်တည့်ဝင်အတိုး မှာ အစ်ကိုဖြစ်သူက ညီမဖြစ်သူနှင့် ယောက်ဖစုံတွဲ အဖြစ်သည်းနေပုံကို မျက်နှာပူပူနှင့် မေးလိုက်ခြင်းဖြစ်ပါသည်။

ဒါကို မဏိယွပ်က ရိုးရိုးမဖြေဘဲ လေဒီပါးလေးကို ရွှတ်ခနဲ ငုံ့နမ်းပြီး ဖြေလိုက်တာမို့ တော်မီမှာ မဏိယွပ်နှင့် ညီမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို မကြည့်ရဲတော့သလို နောက်ကြောင်းကို ပြန်လှည့်ပြေး သွားပုံကြောင့် မဏိယွန်းနှင့် တော်မီဇနီးတို့က သူ့အဖြစ်ကို ရယ်ကြခြင်းဖြစ်သည်။

"မောင်…ဘယ်လဲ"

"အိမ်ပဲပြန်တော့မယ်မိန်းမရေ၊ မောင် မျက်နှာပူလို့ နောက်မှပဲလာတော့မယ်"

"လာ…လာ မင်းလည်းကားပေါ်တက်"

"ကြားတယ်နော် ကိုမဏိယွန်း၊ နောက်မှပဲ လမင်းဖြူတို့လာခဲ့မယ်၊ အခုတော့ သွားပြီ"

"ကောင်းပါပြီဗျာ"

"ရှူး"

တော်မီဇနီး လမင်းဖြူက ရယ်မောရင်း ကားပေါ်ပြေး တက်သွားသလို တော်မီရွှေယောက်ဖ၏ ကားမှာလည်း နေရာကဝါခနဲ ပြေးထွက်သွားပါသည်။

"သွား…အဲဒါ ဦးမဏိယွန်းကြောင့် သိလား"

"ဘယ်ကိုသွားရမှာလဲ ချစ်ရဲ့၊ နောင့်ယှက်မဲ့သူတွေ ပြန်သွားတာ ဘယ်လောက်ပျော်စရာကောင်းလဲ"

ဝိုး:ပို:၀၇၆ ပ

BURMESE CLASSIC .com



"ဘယ်သူမှမရှိရင်လည်းနေ၊ ကိုယ့်အတွက်တော့ အချစ်ရှိနေရင် အားလုံးပြည့်စုံပြီ"

"လာခဲ့"

"အိုး…ဦးမဏိယွန်း"

ရင်ခွင်ကို တွန်းထောက်ရန် လက်ကလေးနှစ်ဖက်ကို အားပြုသော်လည်း အချိန်မီခြင်းမရှိပါ။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း လဲပြိုလာသည့် အနမ်းမုန်တိုင်းအောက်မှာ ရှက်စနိုး လက်သီးဆုပ်လေးများဖြင့် ထုရိုက်ရင်း ချစ်တေးဖွဲ့သီချင်နေသူအား အချစ်မျက်စောင်းဆုပေးလိုက်မိပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်မေတ္တာဖြင့်

မြပုလဲသွယ်

ဝိုး:ပို:၈၇၆ ပ

www.burmeseclassic.com